
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
ပညာဒီပ
လိပ်ပြာကြိုး/ပညာဒီပ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၁။
၁၅၃ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ပညာဒီပ



...ခွင့် ...ချက်အမှတ် ၅၀၀၁၀၆၁၄၁၁။ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၁၀၀၂၁၆၀၇၁၁။
...ထုတ်ဝေသူ ။ ။ ဦးအောင်မြင့် အမှတ်(၇)၊ သိတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
...နှင့်မျက်နှာဖုံးပုံနှိပ် ။ ။ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
...ဖြန့်ချိရေး ■ ■ အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေးလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
၅၄၁၇၄၅၊ ၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊ ၀၉ ၅၀ ၂၁၃၅၄။
ပထမအကြိမ် - ၂၀၁၁ ခုနှစ်၊ (နိုဝင်ဘာလ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

# စာရေးသူ၏ဝန်ခံချက်

ဝိညာဉ်လောကသားများအကြောင်း ရေးသားရာမှာ ကြောက်မက်ဖွယ်ကောင်းသော နာနာဘာဝများ ရှိသလို နူးညံ့သိမ်မွေ့သော ဝိညာဉ်လောကသားများလည်း ရှိသည်။

လိပ်ပြာကြိုးဝတ္ထုသည် သိင်္ဂါရ၊ရသကို ဦးစားပေး ရေးသားထားသော ဝိညာဉ်လောကမှ အဖြစ်အပျက်တစ်ခုပင်ဖြစ်ပါသည်။

စာဖတ်သူများ တစ်စုံတစ်ခု ရရှိနိုင်ကြပါစေ။

စာဖတ်သူများ မေတ္တာရိပ်အောက်မှ...

ပညာဒီပ

www.burmeseclassic.com

www.burmeseclassic.com

# ( ဒဿနလက်ဆောင် )

➡ ပြည့်စုံဖို့ ခက်ခဲတဲ့အရာတွေထဲမှာ
အောင်မြင်ခြင်းနှင့်စိတ်ချမ်းသာခြင်းပင်ဖြစ်၏။
အရိပ်နှင့် ယှဉ်ပြေးရသကဲ့သို့
စိတ်အလိုကျ ပြည့်စုံဖို့ ခက်ခဲလှပါတယ်။

➡ တိုက်ပွဲတစ်ခုကို ရင်ဆိုင်တဲ့အခါ
ရန်သူရဲ့စိတ်အခြေအနေကို သိရင်
တစ်ဝက်အောင်မြင်မှု ရနိုင်ပါတယ်။
မိမိစိတ်အခြေအနေကို နားလည်ရင်တော့
အလုံးစုံ အောင်မြင်မှု ရနိုင်ပါတယ်။

➡ ချစ်သူဖြစ်တယ်ဆိုတာ
စိတ်ကူးနှင့် စိတ်ချင်းနားလည်တဲ့အဆင့်ပဲ
ရှိပါတယ်။
ဘဝနှစ်ခု ပေါင်းစပ်ကြည့်တော့မှ
တစ်ယောက်ရဲ့စိတ်ကို တစ်ယောက်က
ပြည့်ပြည့်စုံစုံ သိခွင့်ရတော့တာပါပဲ...။

# ( ဒဿနလက်ဆောင် )

➡ အခြားသူတစ်ယောက်ရဲ့
အောင်မြင်မှုကို ကြည့်ပြီး
စိတ်ကူးယဉ်နေခြင်းမှာ
မိမိဘဝကို အောင်မြင်တိုးတက်အောင်
လုပ်ပေးနိုင်တဲ့အချိန်တွေကို
အလဟဿ ဖြုန်းတီးပစ်နေခြင်းမျိုးပါပဲ။

➡ အချစ်မှာ မျက်စိမပါဘူးဆိုတာ
အချစ်ကို မျက်စိနဲ့ ကြည့်လို့
မမြင်ရသောကြောင့်ဖြစ်သည်။
အချစ်ကို မြင်အောင် ကြည့်မယ်ဆိုပါက
နှလုံးသားရဲ့အကူအညီ လိုအပ်ပါတယ်...။

➡ လူချင်း နီးနေပေမယ့်
အချစ်ဝေးနေမယ်ဆိုရင်
ဘယ်လိုမှ မနီးစပ်နိုင်ပါဘူး
လူချင်း ဘယ်လောက်ပင် ဝေးနေပါစေ
အချစ်နီးနေသမျှ ဝေးတယ်လို့ မဆိုနိုင်ပါဘူး။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ( ဒဿယနုလက်ဆောင် )

➡ အချစ်ကို သံချာနည်းနဲ့ တွက်ရင်
တစ်နဲ့တစ်ပေါင်းရင် နှစ်ဖြစ်ပါတယ်
နှစ်ထဲက တစ်ပြန်နုတ်လိုက်ရင်တော့
ဘာမှ မကျန်တော့ပါဘူး။

➡ အချစ်ကို ပိုင်ဆိုင်ထားသော်လည်း
ရင်ထဲမှာချည်း သိမ်းထားရရင်
အချစ်လို့ မခေါ်နိုင်ပါဘူး
အချစ်သည် တူညီတဲ့အချစ်နဲ့ တွေ့မှ
အချစ်လို့ ခေါ်ဖို့ ပြည့်စုံနိုင်တဲ့အဆင့်
ရောက်ပါတယ်။

➡ မိမိဘဝကို တိုးတက်အောင်
ကြိုးစားသောအခါ
စွန့်လွှတ်ခြင်းနှင့်
အရင်းအနှီးပြုရတာတွေ ရှိပါတယ်။
ဂုဏ်သိက္ခာမှလွဲပြီး
ကျန်တဲ့အရာများ ဆုံးရှုံးသွားခဲ့ရင်
ဝမ်းနည်းစရာ မရှိပါ။

# ( ဒဿယနုလက်ဆောင် )

➡ ရန်သူဆိုတာ မိမိဘဝအတွက်
တိုးတက်မှုဖြစ်အောင် အကူအညီပေးသော
သူများထဲမှာ ပါဝင်ပါတယ်
ရန်သူနှင့် ဖက်ပြီး
အချိန်ကုန်ခံ ရန်ဖြစ်မနေဖို့သာ လိုပါတယ်။

BURMESE CLASSIC .com

➡ တစ်ကိုယ်ကောင်းဆန်သူဟာ
မိမိကိုယ်ကို ချစ်တတ်သူများဖြစ်ပါတယ်
မိမိကိုယ်ကို ချစ်တတ်ခြင်းဟာ
ဖျက်ဆီးပစ်ခြင်းထက်တော့ သက်သာရာ
ရစေပါတယ်။

➡ လူတိုင်း အတိုက်အခံ အနှောင့်အယှက်များနှင့်
တွေ့ရတတ်ပါတယ်။
ထို့အတွက် စိတ်ဆင်းရဲနေခြင်းဖြစ်နေရင်
သင့်အပြစ်သာ ဖြစ်ပါတယ်။
ဉပေက္ခာနှင့် ဖြေရှင်းနိုင်လျှင်
စိတ်ထဲ၌ ဘာမှ ရှိနိုင်မယ် မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

# ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း(၁) ထူးဆန်းသော နာနာဘာဝ လေ့လာရေးအသင်း

အခန်း(၂) လိပ်ပြာခန္ဓာသို့မဟုတ် ကိုယ်ပွားဝိညာဉ်

အခန်း(၃) မမြင်ရသေးသောအခန်းဖော်

အခန်း(၄) ရုပ်ခန္ဓာမဲ့နေသောဝိညာဉ်

အခန်း(၅) ကိုယ်ပွားဝိညာဉ်ဆရာဝန်

အခန်း(၆) စိန့်ပီတာမှ ဒေါက်တာမေရီချို

အခန်း(၇) ရုပ်ခန္ဓာနှင့်ဝိညာဉ်ပြန်တွေ့ကြခြင်း

အခန်း(၈) အချစ်ဖြင့် နိုးထလာသောဝိညာဉ်

အခန်း(၉) ဒေါက်တာချာရင်တန်နှင့် တွေ့ရခြင်း

အခန်း(၁၀) အချစ်ကြောင့်အသက်ပြန်ရှင်ခွင့်ရလာသူ

အခန်း(၁၁) လိပ်ပြာကြိုးသံယောဇဉ်




အခန်း [၁]

## ထူးဆန်းသော နာနာဘာဝ လေ့လာရေးအသင်း

BURMESE CLASSIC .com

မြန်မာနိုင်ငံမှာသာမကဘဲ ကမ္ဘာ့နေရာအနှံ့အပြားတို့တွင် ဝိညာဉ်နှင့် ပတ်သက်သော သုတေသနလုပ်ငန်းအမျိုးမျိုး ပေါ်ထွက်ခဲ့ ပေသည်။

ပရလောကသားဟုပင်ခေါ်ခေါ် . . .

ဝိညာဉ်လောကသားဟုပင်ခေါ်ခေါ် . . .

တစ္ဆေ၊ သရဲ၊ ဖုတ်၊ ပြိတ္တာဟုပင် အမည်ပေးကြသည်ဖြစ်စေ အားလုံးကတော့ ဝိညာဉ်လောကသားများနှင့် ဆက်စပ်မှုရှိသော အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းများပင်ဖြစ်ပေသည်။ စိတ်စွမ်းအင်ကို အသုံးချ၍ပဲဖြစ်စေ၊ ဂမ္ဘီရပညာရပ်များကို အသုံးချ၍ပဲဖြစ်စေ၊ ထူးဆန်းလှသော ဂန္ဓာရီပညာကို အသုံးပြု၍ပဲဖြစ်စေ နည်းအမျိုးမျိုးဖြင့် ဝိညာဉ်လောက အကြောင်းနှင့် ဝိညာဉ်များအကြောင်းကို သိအောင် သုတေသနပြု လေ့လာခဲ့ကြလေသည်။

ထိုအထဲတွင် ထင်ရှားသောအသင်းမှာ လန်ဒန်မြို့မှ 'မနောသုတေသနအသင်းကြီး' (Birtish Society for Psychical Research) ပင်ဖြစ်ပေသည်။

ဗြိတိသျှ မနောသုတေသီအသင်းကြီးကို စတင်တည်ထောင်ခဲ့သည့် (၁၈၈၂)ခုနှစ်မှစ၍ သဘာဝလွန်ဖြစ်ရပ်များ၊ စိတ်နယ်လွန် ဖြစ်ရပ်များ၊

အာရုံထင်မြင်ခြင်းများ၊ နာနာဘာဝများ အနှောင့်အယှက်ပြုနေသည်ဆိုသော ဖြစ်ရပ်များ၊

ပုဂ္ဂလကတိုက်ခြင်းများဟုဆိုသော (Poltergeist)ဖြစ်ရပ်များကို မှတ်တမ်းတင် သုတေသနပြုလုပ်ခြင်းများ ပြုလုပ်ရန် ကမ္ဘာ့နိုင်ငံ အသီးသီးသို့ ကိုယ်စားလှယ်များ စေလွှတ်၍ လေ့လာစေခဲ့သည်။

အသင်းကြီးမှ အဖွဲ့ဝင်ကိုယ်စားလှယ်များကလည်း စနစ်တကျ သိပ္ပံနည်းကျစွာ သုတေသနပြုပြီးမှသာလျှင် သင့်တော်သော သာဓကများကို မှတ်တမ်းတင်ထားလေ့ရှိသည်။

မနောသုတေသနအသင်းကြီး၏အဓိကရည်ရွယ်ချက်မှာ စိတ်ဝိညာဉ်ဆိုင်ရာ လူတို့၏အစဉ်အလာ ယုံကြည်မှုများကို မှားသည် မှန်သည်ဟု မည်သို့မျှ တစ်ဖက်သတ် မဆုံးဖြတ်ဘဲ သိပ္ပံနည်းကျ လေ့လာ





သုတေသနပြုရန်အတွက်သာ ဖြစ်ပေသည်။

ထိုအသင်းကြီးကို တည်ထောင်ခဲ့ကြသူများမှာလည်း နှယ်နှယ်ရရ မဟုတ်ဘဲ ကမ္ဘာကျော် ပါမောက္ခကြီးများ၊ သိပ္ပံပညာရှင်ကြီးများ၊ စာရေးဆရာကြီးများ၊ တက္ကသိုလ်ကျောင်းတိုက်ကြီးများမှ သုခမိန်များ၊ ပါမောက္ခများအပြင် အခြားသုတေသနပညာရှင်များ ပါဝင်ခဲ့ကြလေသည်။

စိတ်နယ်လွန်ဖြစ်ရပ်ဆန်းများ၊ စိတ်ဝိညာဉ်ဆိုင်ရာများကို သိပ္ပံနည်းကျ ဓာတ်ခွဲစမ်းသပ်မှုများလည်း ပြုလုပ်ခဲ့ကြရာ အသင်းကြီး၌ ဓာတ်ခွဲခန်းမှူးများလည်း ပါရှိလေသည်။ ပရလောကသားများ၊ ဝိညာဉ်လောကသားများအကြောင်းကို ဓာတ်ခွဲခန်း နည်းပညာများဖြင့် ရှာဖွေဖော်ထုတ် ခြေရာခံခဲ့ကြသော ဓာတ်ခွဲခန်းမှူးများကို အချို့စာရေးဆရာများက 'နာနာဘာဝမုဆိုး' (Ghost Hunter) ဟူ၍ ရေးသားဖော်ပြခဲ့ကြသည်။

မနောသုတေသနအသင်းကြီးတွင် ဓာတ်ခွဲခန်းမှူးကြီး ဖြစ်ခဲ့ဖူးသော မစ္စတာဟယ်ရီပရိုက်(စ်) (Herry Price) သည် ၎င်းတာဝန်ထမ်းဆောင်ခဲ့သော နှစ်ကာလများအတွင်း တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို မှတ်တမ်းတင်ထားခဲ့ပြီးနောက်ပိုင်းတွင် ထိုအကြောင်းများကို စာအုပ်တစ်အုပ် ရေးသားထုတ်ဝေခဲ့လေသည်။

ထိုစာအုပ်အမည်မှာ 'မနောသုတေသီတစ်ဦး၏နှစ်ငါးဆယ်ခရီး' (Fifty Years of Psychical Research) ဟူသောစာအုပ်ပင်ဖြစ်ပါသည်။

ထိုစာအုပ်သည် ဝိညာဉ်လောက၊ ပရလောကသားတို့ အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို စိတ်ဝင်စားသူတို့အတွက် လေ့လာဖို့ကောင်းသောစာအုပ်ပင်ဖြစ်ပေသည်။

ထိုစာအုပ်ထဲမှာ ဟဲရီပရိုက်(စ်)က သူ တွေ့ကြုံ သုတေသနပြုခဲ့သောမှတ်တမ်းများကို အထောက်အထားများဖြင့် ရေးသားဖော်ပြပေးခဲ့သည်။

ထိုအထဲတွင် အသက်ဆယ့်လေးနှစ်သာ ရှိသေးသော အီလီယိုနော်ရာဇူဂန် ဆိုသော မိန်းကလေးတစ်ဦးနှင့် ပတ်သက်သည့် အဖြစ်အပျက်များမှာ စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။

ဗီယင်နာမြို့မှ အသက်(၁၄)နှစ်အရွယ် အီလီယိုနော်ရာဇူဂန်သည် သူ၏အသက်(၁၀၅)နှစ်အရွယ် အဘွားဖြစ်သူထံသို့ သွားရောက်ခဲ့၏။

အဘွားဖြစ်သူမှာ ဗီယင်နာမြို့ဆင်ခြေဖုံးရှိ ဗူဟိုက်ကျေးရွာအစွန်ရှိ ယာတောအိမ်၌ တစ်ဦးတည်း နေထိုင်ခဲ့သည်။

ကျေးရွာသူကျေးရွာသား အားလုံးကမူ ထိုအဘွားကြီးအား ဝမ်းတွင်းပါ လောကီပညာရှင်တစ်ဦးဟူ၍ ယူဆထားခဲ့သည်။

ထိုအဘွားကြီးသည် နာနာဘာဝများနှင့် ဆက်သွယ်နိုင်သည်၊ ပြုစားနိုင်သည်ဟူ၍လည်း ဆိုကြသည်။

ထိုအိမ်သို့ မြေးဖြစ်သူ ဇူဂန် ရောက်ရှိလာသည့်နေ့မှစ၍ သဘာဝလွန်ဖြစ်ရပ်များ ဖြစ်ပွားလာခဲ့သည်။

သူလာရောက်သည့်နေ့တွင်ပင် မီးဖိုခန်းမှ ပန်းကန်များ၊ ပုလင်းများ၊ ဖန်ခွက်များသည် ကြမ်းပြင်ပေါ်သို့ အလိုအလျောက် ကျလာသည်ဟု ဆိုသည်။





ထိုအိမ်ခေါင်မိုးပေါ်သို့ ခဲများ ကျလာခြင်း၊ ပြတင်းပေါက်များအသံမြည်၍ အလိုအလျောက် ပိတ်ခြင်းဖွင့်ခြင်းများ ဖြစ်လာခဲ့၏။

နံရံများပေါ်တွင် တင်ထားသည့် ပုလင်းလွတ်များသည် ကြမ်းပြင်ပေါ်သို့ ကျကွဲကုန်ကြ၏။

ထမင်းစားပွဲများ၊ ကုလားထိုင်များအား တစ်စုံတစ်ယောက်တဆွဲယူသွားသကဲ့သို့ ရွေ့လျားကုန်ကြ၏။

မွေ့ရာ၊ ခေါင်းအုံးများ၊ စောင်များမှာလည်း တစ်ဦးတစ်ယောက်က ဆွဲယူသွားသကဲ့သို့ ဖြစ်လာသည်။

စာအုပ်၊ သတင်းစာ၊ ဂျာနယ်များမှာ လေထဲတွင် ဝဲပျံနေကြသည်ဟုလည်း ဆိုကြ၏။

သို့ဖြစ်၍ ဤကဲ့သို့ အံ့ဖွယ်သရဲဖြစ်ရပ်သည် ဇူဂန်နှင့် သက်ဆိုင်နေသလောဟု စဉ်းစားကြ၏။

ထိုသဘာဝလွန်ဖြစ်ရပ်များသည် ဇူဂန်နှင့်သာ သက်ဆိုင်သည်ဟု ယူဆကြသဖြင့် ဆွေမျိုးမိတ်ဆွေများက ဇူဂန်အား ထိုကျေးရွာကလေးရှိ ဘုရားရှိခိုးကျောင်းရှိ ဘုန်းတော်ကြီးနေအိမ်သို့ ပြောင်းရွှေ့နေထိုင်စေသည်။

သို့သော် တာဝန်ရှိသူများအဖို့ စိတ်ရှုပ်စရာမှာ လျော့ပါးမသွားပေ။

ဇူဂန်၏အဘွားဖြစ်သူနေအိမ်တွင် သဘာဝလွန်ဖြစ်ရပ်များမှာ ယခင်ထက် တိုးတက်များပြားလာခဲ့သည်။

သို့ဖြစ်၍ သူ့အဘွားဖြစ်သူက ဇူဂန်အား ဘုန်းတော်ကြီး နေအိမ်မှ ပြန်ခေါ်ခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇူဂန် အိမ်ပြန်ရောက်သည့်နေ့တွင် ရေအပြည့်ထည့်ထားသော ကရားကြီးသည် တစ်စုံတစ်ယောက်မှ မ,ယူခြင်း မရှိဘဲ ထမင်းစားပွဲထက်မှ အလိုအလျောက် ကြွတက်လာခဲ့ပြီး အစိတ်စိတ်အမြွှာမြွှာ ကွဲသွားခဲ့၏။

နွားနို့အပြည့်ထည့်ထားသော ဖန်ခွက်ကြီးတစ်လုံးမှာ အလိုအလျောက် လေထဲတွင် ပျံဝဲတက်လာသည်။

အိမ်ခန်းကလေးအတွင်းရှိ ခေါင်းလောင်းများသည် အလိုအလျောက် အသံမြည်လာခဲ့၏။

ဤကဲ့သို့ အံ့ဖွယ်သရဲဖြစ်ရပ်များကြောင့် ထိုရွာကလေးရှိ လူများကမူ ရှုမေးနီးယန်းလူမျိုး ဘာသာအားဖြင့် (Dracu) ဒရက်ကူ(ခေါ်) ပရလောကမှ ဝင်ရောက်ပူးကပ်သည်ဟု ယူဆကြသည်။

အချို့ကလည်း မကောင်းဆိုးဝါးများ ဝင်ရောက်ပူးကပ်သည်၊ **အပမှီသည်**ဟု ကောလာဟလသတင်းများ တောမီးပမာ ပျံ့နှံ့လာခဲ့ရ**သည်။**

**လူတို့၏ပယောဂ** မပါဘဲ သက်မဲ့ရုပ်ဝတ္ထုများကို သွားလာ**လှုပ်ရှားအောင် ဖန်တီး**ပြုလုပ်နိုင်သည်ဟု ဆိုသည်မှာ သဘာဝလွန်**ဖြစ်၏။**

သာမန်လူသားတို့ ပြုလုပ်နိုင်စွမ်း မရှိနိုင်။ ဇူဂန်၏အဘွား (သို့မဟုတ်)ဇူဂန်သည် အောက်လမ်းပညာအစွမ်းဖြင့် ဤကဲ့သို့ အံ့ဖွယ်သရဲများ ပြုလုပ်နိုင်သည်ဟု စွပ်စွဲခဲ့သည်။

ဇူဂန်အား သွားရောက်လေ့လာသူများ တစ်နေ့တစ်ခြား များပြားလာခဲ့၏။





ဗီယင်နာမြို့မှ ပရစိတ်ပညာ(Parapsychology)ကို လေ့လာသူများကိုယ်တိုင် သွားရောက်လေ့လာခဲ့ကြသော်လည်း ထိုသဘာဝလွန်ဖြစ်ရပ်ကို အဖြေမပေးနိုင်ကြပေ။

သွားရောက်လေ့လာသူများတွင် တစိုက်မတ်မတ် သွားရောက်လေ့လာသူမှာ ဗီယင်နာမြို့မှ စစ်ကဲကတော်ကြီး ဇိုဝါစိကာဆီရက်စကီဖြစ်သည်။

စစ်ကဲ ကတော်ကြီးမှာ **စိတ်ဝိညာဉ်ဆိုင်ရာ ဘာသာရပ်များကို** ဝါသနာပါသူ၊ လေ့လာသူတစ်**ဦးဖြစ်သည်။ စိတ်စေတသိတ်တို့၏ ထူး**ခြားသောစွမ်းအင်ကို လက်ခံယုံကြည်သူ**လည်းဖြစ်၏။**

ဇူဂန်၏ဖြစ်ရပ်သည် စိတ်ဂနာမငြိမ်**ဖြစ်နေသော လူငယ် လူရွယ်**များ၏စိတ်ဝိညာဉ်က ရုပ်ဝတ္ထုများကို အံ့ဖွယ်သရဲ **သွားလာလှုပ်ရှား**အောင် ပြုလုပ်ဖန်တီးခြင်း(သို့မဟုတ်) စိတ်က ရုပ်ကို **စေစားခြင်းတစ်မျိုး**ဖြစ်သလောဟု ယူဆလာခဲ့၏။

ဤအတွင်း ဇူဂန်သည် သူ့အား မမြင်ရသည့် သတ္တဝါတစ်ကောင်က ဆံပင်များကို ဆောင့်ဆွဲခြင်း၊ ပါးရိုက်ခြင်းများ ပြုသည်ဟု ဆိုသည်။

သူ့ဟန်အမူအရာမှာလည်း ထိုကဲ့သို့ အရိုက်ခံရသူတစ်ဦး၏ အမူအယာဖြစ်လာပြန်၏။

သူ့ပါးများတွင် ပြင်းပြင်းထန်ထန် ရိုက်ထားသဖြင့် နီရဲနေသည့်ဒဏ်ရာများကို တွေ့လာကြရသည်။

ဇူဂန်က မမြင်ရသောသတ္တဝါသည် သူ့လက်မောင်းများနှင့် မခုံးများကို ကိုက်နေပါသည်ဟု အော်ဟစ်အကူအညီတောင်းခဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကြည့်ရှုသူများသည် ဖူဂန်အား လုံခြုံသောအခန်းတွင် ထည့်ထားပြီး တံခါးများကို ပိတ်ထားခဲ့သည်။

ထိုအခါ ဖူဂန်က ထိုသတ္တဝါသည် တံခါးသံတိုင်ပေါက်များမှ ဝင်လာပြီး မိမိအား ကိုက်နေကြောင်း အော်ဟစ်ပြန်သည်။

လေ့လာသူ လူများသည် မယုံကြည်နိုင်လောက်အောင် ဖြစ်လာသည်။

ဖူဂန်၏ဖြူဖွေးနေသော လက်မောင်းနှင့်ပခုံးများတွင် သတ္တဝါတစ်ကောင် ကိုက်သည့် သွားရာများ နီရဲလာခဲ့၏။

ဆရာဝန်များကလည်း ဖူဂန်မှာ စိတ္တဇဝေဒနာ စွဲကပ်ခြင်း မရှိကြောင်း စစ်ဆေးတွေ့ရှိလာကြသဖြင့် တတ်ကျွမ်းနားလည်သော စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာသူများအား ပြ၍ စူးစမ်းသင့်ကြောင်း အကြံပေးခဲ့ကြသည်။

ဖူဂန်၏အံ့ဖွယ်သရဲ သဘာဝလွန်ဖြစ်ရပ်ကို စိတ်ဝင်စားသူစစ်ကဲ ကတော်ကြီး မဒမ်ဆီရက်စကီသည် ထိုဖြစ်ရပ်ကို ဗြိတိသျှ မနော သုတေသနအသင်းကြီးအား အကူအညီတောင်းသင့်သည်ဟု ယူဆခဲ့၏။

သို့ဖြစ်၍ ထိုဖြစ်ရပ်များကို ဓာတ်ပုံမှတ်တမ်းများနှင့်တကွ အသေးစိတ် အစီရင်ခံစာတစ်စောင်ကို ဗြိတိသျှမနောသုတေသန အသင်းသို့ ပေးပို့ခဲ့သဖြင့် အသင်းကြီး၏ဓာတ်ခွဲခန်းမှူးကြီး ဟယ်ရီပရိုက်(စ်)အား ဖူဂန်၏ဖြစ်ရပ်ကို သုတေသနပြုရန် ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့သို့ စေလွှတ်ခဲ့လေသည်။





(၁၉၂၆)ခုနှစ်၊ ဧပြီလ။

ဧပြီလ၏သာယာသောညနေခင်း ဖြစ်သည်။

ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့မှ ထွက်ခွာလာသော မီးရထားသည် တဖြည်းဖြည်း ဗီယင်နာမြို့ ဆင်ခြေဖုံးရပ်ကွက်များကို ဖြတ်ကျော်လာခဲ့သည်။

အသက်(၄၀)ကျော်ခဲ့ပြီဖြစ်သော လန်ဒန်မြို့ မနောသုတေသနအသင်းကြီး၏ ဓာတ်ခွဲခန်းမှူးကြီးဖြစ်သော မစ္စတာ ဟယ်ရီပရိုက်(စ်)သည် မီးရထားပြတင်းပေါက်မှ ရှုခင်းများကို ငေး၍ကြည့်ရှုနေမိသည်။

ကမ္ဘာ့သမိုင်းတွင် ထင်ရှားကျော်ကြားခဲ့သည့် ဗီယင်နာမြို့ ဆင်ခြေဖုံးရပ်ကွက်များသည် ဖျော့တော့သော နေရောင်ခြည်အောက်တွင် အစိမ်းနှင့်ရွှေရောင်ဖက်ကာ လျောင်းစက်နေသည်ဟု ထင်ရ၏။

မီးရထားသည် တဝေါဝေါ တဂျုံးဂျုံးမြည်လျက် တံတားကလေးများကို ကျော်ဖြတ်လျက်ရှိ၏။

ခပ်လှမ်းလှမ်းရှိ မှိုင်းပျပျတောင်ကုန်းထက်မှ ဗီယင်နာတော်ဝင်မိသားစု၏နန်းတော်ကြီး၏ စုလစ်မွမ်းချွန်များသည် ခန့်ပေါက်မြူထူးလျက်ရှိနေသည်။

ပရလောကမုဆိုးကြီး (Ghost Hunter)ဟု ကင်ပွန်းတပ်ခံရသည့် ဟယ်ရီပရိုက်စ်သည် ရထားတွဲများပေါ်သို့ အရိပ်များ မကြာခဏထင်လာသည့် မီးရထားလမ်းဘေးရှိ သံကြိုးတိုင်များကို ကြည့်ရင်း သူ့တစ်ဖက်ထိုင်ခုံပေါ်တွင် ထိုင်နေသည့် စစ်ကဲကတော်ကြီး မဒမ်ဆီရက်စကီနှင့် အဖော်အဖြစ်လိုက်ပါလာသူ မနောသုတေသီနှစ်ဦးထံသို့ လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိပြန်သည်။

မီးရထားသည် ခရီးတွင်လှသည်။

အချိန်အနည်းငယ်အတွင်း မဒမ်ဆီရက်စကီ၏အဖော် နှစ်ယောက်နှင့် ပိုမိုရင်းနှီးစွာ စကားပြောခဲ့မိသည်။

မကြာမီအချိန်အတွင်း ဗူးဟိုက်ကျေးရွာကလေးသို့ ရောက်လာမည့်အကြောင်းနှင့် ပရလောကသားတို့ ပူးကပ်နှောင့်ယှက်နေသည်တု ယူဆရသော အီလီယိုနော်ရာဇူဂန်၏ နောက်ကြောင်းကိုယ်ရေးသမိုင်း နှင့် မိသားစုများအကြောင်းတို့ကို စကားစပ်မိလာခဲ့ကြသည်။

ပရလောက မုဆိုးကြီး ဟယ်ရီပရိုက်စ်က ဇူဂန်နှင့်သူ့မိသား ဆွေပူခြောက်လှန့်ခံနေရမှုသည် ပရလောကသားတို့ ဝင်ရောက်နှောင့် ယှက်သည်ဟု ထင်မြင်မိခြင်း မရှိကြောင်း၊ သို့သော် စနစ်တကျလေ့လာ စူးစမ်းမှု ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ ပရလောက ဆိုသည်မှာ လျှို့ဝှက် ဆန်းကြယ်လွန်းရကား ဉာဏ်မမီသောသူများအဖို့ ရယ်ဖွယ်ဖြစ်ကောင်း ဖြစ်မည်။

၎င်းကို အချို့က လေးနက်သည်ဟု ဆိုသည့် ရယ်ရွှင်ဖွယ်များ ဟု ပြက်ရယ်ပြုကောင်းပြုကြမည်ဖြစ်သည်။

ဇူဂန် ဖြစ်ပျက်နေပုံကို ကြားသိရသလောက် အလိုအလျောက် ပစ္စည်းများ ရွေ့လျားခြင်း (Psycho-kinesis) ဟု ခေါ်သည့်စွမ်းအင်ဖြစ် နိုင်သည်။

ထိုစွမ်းအင်မှာ မြင်နိုင် ထိတွေ့နိုင်သောပစ္စည်းများ၏ အကူ အညီ အထောက်အပံ့ မပါဘဲ အရာဝတ္ထုများကို ရွေ့လျားခြင်း ဖြစ် သည်။





ယင်းစိတ်အစွမ်းမျိုးကို အင်္ဂလိပ်ဘာသာအားဖြင့် အထက် ဖော်ပြပါအတိုင်း (Psycho-Kinesis) ဟု သုံးစွဲကြောင်း ရှင်းပြခဲ့၏။

ဤကဲ့သို့ စကားလက်ဆုံကျနေစဉ် မီးရထားလမ်းဘေးရှိ မြက် ခင်းများသည် ချုံပုတ်ချုံတန်းတို့ဖြင့် ရောနှောနေသော လယ်ကွင်းများ ကို တွေ့ရ၏။

မြင်ကွင်းမှာ ထူးထူးခြားခြား ပြောင်းလဲသွားခဲ့ပြီး

မကြာမီ ဗူးဟိုက်ကျေးရွာလမ်းခွဲရှိ ဘူတာကလေးကို ရောက် တော့မည်ဟု စစ်ကဲ,ကတော်ကြီးက ပြောပြခဲ့သည်။

ဟယ်ရီပရိုက်စ်သည် စိတ်အားထက်သန်စွာဖြင့် ငေးမော ကြည့်ရှုနေရာမှ နှစ်သက်သဘောကျစွာဖြင့်. . .

"သာယာတဲ့ရှုခင်းပါပဲဗျာ"

ဟု အော်ပြောလိုက်သည်။

စိမ်းစိုသောလယ်ကွင်းများနှင့် ခပ်နိမ့်နိမ့် သစ်တောအုပ်က လေး၏နောက်ကွယ်တွင် ဘူတာကလေးကို တွေ့ရသည်။

ဗူးဟိုက်ရွာကလေးကို ပြာနှမ်းနှမ်း တောင်ပူစာကလေးက ကွယ်နေသဖြင့် မထင်မရှား မှိုင်းပျပျ မြင်ရသည်။

ဟယ်ရီပရိုက်စ်နှင့်အဖွဲ့သည် ထိုဘူတာရုံကလေးတွင် ဆင်းခဲ့ ကြပြီး ကျောက်ခင်းလမ်းတလျှောက် လျှောက်လာခဲ့ကြ၏။

သူတို့အားလုံး၏မျက်နှာများပေါ်တွင် စိတ်အားထက်သန်သည့် အသွင်များကို မြင်နေရသည်ဟု ဟယ်ရီက ထင်သည်။

မိနစ်အနည်းငယ် လျှောက်မိသည်နှင့် အိမ်အိုများဆီသို့ ကြိုကြား တွေ့လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာသူရွာသားအားလုံးသည် သူတို့အဖွဲ့အား ပျူငှာစွာ ကြည့်ရှုနေကြသည်။

သူတို့၏ဘိုးဘေးတို့သည် ထူးဆန်းစွာ ကမ္ဘာကျော်နေသည့် ဤရွာကလေးတွင် ရှေးအတီတေကပင် နေထိုင်ခဲ့ကြပေလိမ့်မည်။

ရွာကလေးအစွန်ရှိ ဇူဂန် နေထိုင်သည့်အိမ်ကလေးသို့ သူတို့အဖွဲ့ ရောက်လာကြသည်။

သူတို့အဖွဲ့သည် ဧည့်ခန်းအတွင်းသို့ ဝင်လိုက်ကြသည်။

ရှေးဆန်ဆန် မီးလင်းဖိုကြီးကို တွေ့ရ၏။ မီးကာသံချောင်းများနောက်တွင် သစ်တုံးတစ်တုံးက တငွေ့ငွေ့ မီးလောင်လျက်ရှိသည်။

ခရီးရှည် မီးရထား စီးလာသဖြင့် သူတို့၏ခန္ဓာကိုယ်များသည် အေးမြထုံကျဉ်နေကြသည့်အလျောက် သူတို့အဖွဲ့သားအားလုံးသည် လက်များ ဆန့်တန်း၍ မီးလှုံလိုက်ကြသည်။

အခန်းထောင့်တွင် အသက်(၁၀၅)နှစ်ရှိပြီဟု ဆိုသော အိမ်ရှင်အဘွားကြီးကို တွေ့ကြရပြီး ဇူဂန်ကမူ အိပ်ခန်းအတွင်းမှာ ရှိနေသည်ဟု ဆိုသည်။

မိနစ်အနည်းငယ်အတွင်း အဘွားကြီးရှေ့ရှိ စားပွဲခုံကလေးပေါ်တွင် တင်ထားသော ဆန်ပြုတ်များ ထည့်ထားသည့်ပန်းကန်သည် လေထဲတွင် ပျံဝဲလာခဲ့ပြီး ဟယ်ရီပရိုက်စ်တို့နှင့် အတူလိုက်ပါလာသူ မနောသုတေသီတစ်ဦး၏နဖူးကို ထိမှန်ကာ ကြမ်းပြင်ပေါ်သို့ ကျ၍ ကွဲသွားသည်။

ဟယ်ရီတို့ ဖွင့်ဝင်ခဲ့သော ဧည့်ခန်းတံခါးသည် အသံမြည်၍ အလိုအလျောက် ပိတ်သွားခဲ့သည်။





မီးဖိုဘေးရှိ ဘီရိုပေါ်မှ သကြားပုလင်းသည် ကြမ်းပြင်ပေါ်သို့ လွင့်စဉ်ကျလာပြီး သကြားများ ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲကုန်ကြ၏။

ဇူဂန် အိပ်ခန်းအတွင်းမှ ထွက်လာသည်နှင့် ပန်းကန်စင်ကလေးပေါ်မှ သတ္တုခွက်များ၊ သံပန်းကန်များ၊ ဇွန်းများသည် ကြမ်းပြင်ပေါ်သို့ ပြန့်ကျဲကျလာသည်။

အခန်းထောင့်ရှိ စားပွဲငယ်ပေါ်တွင် တင်ထားသည့်စာအုပ်များ၊ သတင်းစာများသည် လေထဲတွင် ဝဲပျံနေကြ၏။

ဇူဂန်၏လက်များ၊ ပခုံးနှင့်မျက်နှာပေါ်တွင် တစ်စုံတစ်ယောက် ကုတ်သည့်အလား ဒဏ်ရာများ ပေါ်လာသည်။

ဇူဂန်ကမူ သူ့အား မမြင်ရသည့်တစ်စုံတစ်ဦးက ကိုက်နေပါသည်ဟု အော်ပြောလိုက်သည်။

သူ့လက်မောင်းတွင် သွားရာများ ထင်နေတော့သည်။

ဟယ်ရီပရိုက်စ်ကဲ့သို့ အတွေ့အကြုံ ရင့်ကျက်သူ မနောသုတေသီတစ်ဦးအဖို့ အထူးတုန်လှုပ်ခြင်း မရှိသော်လည်း စစ်ကဲ ကတော်ကြီးနှင့် အဖွဲ့ဝင်များအဖို့ ထူးဆန်းသော သဘာဝလွန်၊ လောကီလွန်ဖြစ်ရပ်ကြောင့် အံ့ဩလျက်ရှိ၏။

ဟယ်ရီပရိုက်စ်ကမူ ထိုဖြစ်စဉ်မှာ ကွယ်လွန်သူတို့၏ဝိညာဉ်သို့မဟုတ် လောကီပညာရှင်များက ပြုစားခြင်း၊ ဝင်ရောက်ပူးကပ်နှောင့်ယှက်ခြင်း မဟုတ်ကြောင်း အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အရာဝတ္ထုများကို စိတ်အစွမ်းဖြင့် ရွေ့လျားစေခြင်းသာဖြစ်ကြောင်း၊ ဤကဲ့သို့ ကိစ္စရပ်များကို ပညာရှင်အများက စိတ်ဝင်စားလာခဲ့ပြီး လေ့လာစမ်းသပ်လျက်ရှိကြောင်း ဤကဲ့သို့ လေ့လာမှုကို ပရစိတ်ပညာ သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသောစိတ္တဗေဒပညာ(Parapsychology)ဟု ခေါ်ဆိုခဲ့ကြောင်း ရှင်းပြခဲ့သည်။

သို့သော် ဤကဲ့သို့ သဘာဝလွန်ဖြစ်ရပ်ကို ဂျာမန်ပညာရှင်များကမူ ပိုလတာဂျစ်(Poltergeist)ဟု ခေါ်ကြောင်း၊ အင်္ဂလိပ်ဘာသာအားဖြင့်လည်း ပိုရိတာဂျစ်ဟု ခေါ်ကြောင်း၊ အဓိပ္ပါယ်မှာ ဆူညံသော ပရလောကသားဟု ဆိုလိုကြောင်း၊ အမှန်အားဖြင့် ဆိုက်ကိုကိုင်နီးဆစ် (ပီကေ) ထကြွသောင်းကျန်းခြင်းဖြစ်ကြောင်း၊ အချို့ စိတ်၏နက်နဲလျှို့ဝှက်ဆန်းကြယ်မှုစွမ်းအင်ကို အလေးမထားသူများကမူ တမလွန်လောကမှ မကောင်းဆိုးဝါးများက လာရောက်နှောင့်ယှက်သည်ဟု ယူဆကြကြောင်း၊ စာပေ စတင်ပေါ်သည့်ခေတ်မှစပြီး ယနေ့ မဂ္ဂဇင်းများ၊ ဂျာနယ်များ၊ သတင်းစာများတွင် သတင်းအဖြစ် ဖော်ပြခဲ့သည့် ဝိညာဉ်ကတိုက်သည် (Poltergeist) ဆိုသည်မှာ နာနာဘာဝ မဟုတ်၊ ချုပ်ချယ်ထားမှုတွေ များလွန်း၍ စိတ်ပေါက်ကွဲထွက်လာခြင်းကြောင့် ဖြစ်ပေါ်သည့်ဖြစ်ရပ်သာ ဖြစ်နိုင်ကြောင်း၊ အပျို လူပျိုဘော်ဝင်စတွင် ခန္ဓာကိုယ်အတွင်း ဓါတ်များ ပြောင်းလဲမှုများ အကြီးအကျယ် ဖြစ်ပေါ်လေ့ရှိကြောင်း၊ ယခု ဇူဂန်မှာ အပျိုဘော်ဝင်စအရွယ်ဖြစ်ခဲ့ပြီး အုပ်ထိန်းသူများ၏ဖိနှိပ်ချုပ်ခြယ်မှုများကို ခံယူရသူတစ်ဦးဖြစ်နိုင်ကြောင်း၊ စိတ်နိုးကြွလွယ်သူတစ်ဦးဖြစ်သဖြင့် ဤကဲ့သို့ ဆန်းကြယ်သည့်ဖြစ်ရပ်များ ဖြစ်ပွားနိုင်ကြောင်း စသဖြင့် အသေးစိတ် ရှင်းလင်းပြသခဲ့ပြီး ဇူဂန်အား ဗီယင်နာမြို့ရှိ စစ်ကဲ,ကတော်ကြီး၏နေအိမ်သို့ ခေါ်ယူလာခဲ့ကြ၏။

ဟယ်ရီပရိုက်စ်၏ရှင်းလင်းချက်များကို မနောသုတေသီများကသာ သဘောသက်ဝင်နိုင်သော်လည်း အခြားသာမန်လူတို့ကမူ ထိုအယူ





အဆကို လက်ခံခြင်း မရှိကြပေ။

ထိုသူတို့က ဇူဂန်အား တမလွန်ဘဝမှ ဝိညာဉ်တစ်ခုက ပူးကပ်နှောင့်ယှက်နေသည်ဟူ၍သာ ယူဆခဲ့ကြ၏။

ဗီယင်နာမြို့မှ ထုတ်ဝေသော သတင်းစာကြီးများတွင် ဗြိတိသျှမနောသုတေသနအသင်းကိုယ်စားလှယ်၊ ဓါတ်ခွဲခန်းမှူး ဟယ်ရီပရိုက်စ်နှင့် ဇူဂန်တို့ တွေ့ကြပုံများကို ဓါတ်ပုံများနှင့်တကွ အသေးစိတ် ဖော်ပြခဲ့ကြသည်။

ဗီယင်နာမြို့ စစ်ကဲကတော်ကြီး မဒမ်စီရက်စကီနေအိမ်သို့ ဇူဂန် ရောက်လာသည်နှင့် ဖူးဟိုက်ရွာရှိ သူ့အဘွားအိမ်တွင် ကြုံတွေ့နေရသည့်ဖြစ်ရပ်ဆန်းများသည် အလိုအလျောက် ပျောက်သွားခဲ့ရတော့၏။

သို့သော် ဗီယင်နာမြို့ စစ်ကဲကတော်ကြီး မဒမ်ဆီရက်စကီ နေအိမ်တွင်လည်း ဖြစ်ရပ်ဆန်းများဖြစ်သော ခဲလုံးများ ကျလာခြင်း၊ ပန်းအိုးများ ကွဲခြင်း၊ နံရံများတွင် အဓိပ္ပါယ်ဖော်မရသည့်စာလုံးများ ရေးသားထားခြင်းတို့ကို တွေ့ရသည်ဟု ဆိုသည်။

ထိုသဘာဝလွန်ဖြစ်ရပ်များကို မယုံကြည်သူအချို့နှင့် စာနယ်ဇင်းသမားများသည် ဇူဂန်အား ဟယ်ရီပရိုက်စ်နှင့် မဒမ်စီရက်စကီရှေ့တွင် လာရောက်တွေ့ဆုံကြ၏။

လူအများ၏ရှေ့တွင်ပင် ဧည့်ခန်းရှိ ဆေးလိပ်ပြာခွက်၊ လက်သုတ်ပုဝါ၊ သတင်းစာများ၊ ဂျာနယ်များ၊ လက်ကိုင်ပဝါများသည် လွင့်စင်လာကြ၏။

ဤကဲ့သို့ လွင့်စင်ရာတွင် လွင့်စင်သောပစ္စည်းများသည် အိမ်



www.burmeseclassic.com

www.burmeseclassic.com



ခန်း၊ ထောင့်ချိုးများ ကွေ့သည့်အခါ ကွေ့သွားသည်ဟု ဆိုသဖြင့် လူအများ အံ့သြခဲ့ရ၏။

မည်သို့ပင်ဖြစ်စေကာမူ ဤကဲ့သို့ ဖြစ်ရပ်ဆန်းများသည် ဇူဂန်နှင့် သက်ဆိုင်သည်ဟု အများက ကောက်ချက်ချခဲ့ကြ၏။

အချို့ကမူ ဟယ်ရီပရိုက်စ်နှင့် စစ်ကဲကတော်ကြီးတို့သည် နာမည်ကျော်ကြားစေရန် ဇူဂန်နှင့် ပူးပေါင်းလိမ်ကြသည်ဟူ၍ စွပ်စွဲခဲ့ကြသည်။

ဗီယင်နာမြို့ အများပြည်သူများရှေ့တွင် ဇူဂန်၏လက်များ၊ ပခုံးများပေါ်တွင် သတ္တဝါတစ်ကောင် ကိုက်သည့်ဒဏ်ရာများ အလိုအလျောက် ပေါ်လာခဲ့သဖြင့် ထူးဆန်းသော လောကီလွန်ဖြစ်ရပ်ဟု အများက ဆိုခဲ့ကြသည်။

ဇူဂန်အား ဂျာမနီနိုင်ငံ ဘာလင်တက္ကသိုလ်ကြီးမှ ဖိတ်ကြားခဲ့သဖြင့် ဟယ်ရီပရိုက်စ်၊ မဒမ်ဆီရက်စကီနှင့် ဇူဂန်တို့ သွားရောက်ခဲ့ကြသည်။

ဘာလင်တက္ကသိုလ် စိတ်ပညာဌာနမှ ပါမောက္ခများ၊ ပညာရှင်များသည် ဇူဂန်အား တွေ့ဆုံ၍ စုံစမ်းသုတေသနပြုခဲ့ကြသည်။ ဘာလင်တက္ကသိုလ် စိတ်ပညာဌာနခန်းမတွင် စနစ်တကျ သုတေသနပြုခဲ့ကြ၏။

ဇူဂန်၏သဘာဝလွန်ဖြစ်ရပ်များကို စုံစမ်းစစ်ဆေးသူများ ကိုယ်တိုင်အံ့သြခဲ့ကြရသည်ဟု ဆိုသည်။

ထိုစမ်းသပ်စစ်ဆေးခဲ့စဉ်ကမူ ဖြစ်ရပ်များသည် ဗီယင်နာမြို့ ဆင်ခြေဖုံးရှိ ဗူးဟိုက်ကျေးရွာတွင် တွေ့ကြုံရသည့်ဖြစ်စဉ်များကဲ့သို့





ကြမ်းကြမ်းတမ်းတမ်း မတွေ့ရတော့ပေ။

ဟယ်ရီပရိုက်စ်သည် ဇူဂန်အား လန်ဒန်မြို့သို့ ဖိတ်ခေါ်သွားခဲ့သည်။

လန်ဒန်မြို့၊ ဗြိတိသျှ မနောသုတေသနအသင်းမှ အမှုဆောင်လူကြီးများနှင့် စိတ်ဝင်စားသူများသည် ဟယ်ရီပရိုက်စ် တည်ထောင်ခဲ့သည့် အမျိုးသားဓါတ်ခွဲခန်း (National Laboratory for Psychical Research) ခန်းမ၌ ဇူဂန်အား တွေ့ဆုံ၍ စုံစမ်းသုတေသနပြုခဲ့ကြပြန်သည်။

အင်္ဂလန်နိုင်ငံမှ စာနယ်ဇင်းတိုက်များမှ သတင်းထောက်များ၊ အယ်ဒီတာကြီးများကိုယ်တိုင် တက်ရောက်၍ စုံစမ်းမေးမြန်းခြင်းများ ပြုလုပ်ခဲ့သဖြင့် စိတ်ဝိညာဉ်နယ်ပယ်ဆိုင်ရာ သုတေသနပြုမှုကို ပထမဆုံး ဓါတ်ခွဲခန်းအတွင်း ကျင်းပခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုစုံစမ်းသုတေသနပြုပွဲတွင် ဇူဂန်၏ကိုယ်ပေါ်တွင် မမြင်ရသော ပါးမျှောနံတစ်ကောင် ကုတ်ခြစ်သည့်ဒဏ်ရာများ အလိုအလျောက် ပေါ်လာသည်ကို အများရှေ့မှောက်တွင် တွေ့ကြရသည်ဟု ဆိုကြသည်။

ဤကဲ့သို့ စမ်းသပ်စစ်ဆေးခဲ့ပြီး ဇူဂန်သည် ဗီယင်နာမြို့သို့ ပြန်သွားခဲ့၏။

ဗီယင်နာမြို့တွင် စစ်ကဲ,ကတော်ကြီး၏အကူအညီနှင့် အလှပြင်ဆိုင် ထောင်နေစဉ် လူငယ်တစ်ဦးနှင့် အိမ်ထောင်ပြုခဲ့သည်။ (၁၉၂၇)ခုနှစ်မှစ၍ ထိုဖြစ်ရပ်ဆန်းများ အလိုအလျောက် ပပျောက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

**သို့ဖြစ်၍** မနောသုတေသီဟယ်ရီပရိုက်စ်၏ရှင်းလင်းချက်သည် မှန်တန်ဖွယ် ရှိလာပေသည်။

ဗြိတိသျှမနောသုတေသနအသင်းကြီးအပြင် အခြားအဖွဲ့များလည်း ရှိပေသေးသည်။

ထိုအဖွဲ့များထဲတွင် နာနာဘာဝ လေ့လာရေးအသင်း (Ghost Club)လည်း အပါအဝင်ဖြစ်ပေသည်။

ထိုအသင်း၏အဓိကလုပ်ဆောင်ချက်များမှာ နာနာဘာဝများနှင့် ပတ်သက်ပြီး စနစ်တကျ လေ့လာသုတေသနပြုရန်ပင်ဖြစ်သည်။

အသင်းဝင်များမှာ နိုင်ငံအတော်များများမှ ဂုဏ်သရေရှိကြသောပုဂ္ဂိုလ်များ ပါဝင်ကြလေသည်။

၎င်းတို့၏အဓိက ရည်ရွယ်ချက်မှာ ကွယ်လွန်သွားခဲ့သူများ၏ ဝိညာဉ်များက နှောင့်ယှက်လျက်ရှိသောအိမ်ကြီးများ၊ ရဲတိုက်ကြီးများ၊ ဘုရားရှိခိုးကျောင်းများနှင့် အိမ်အိုအိမ်ပျက်သို့ သွားရောက်ပြီး သိပ္ပံနည်းကျ စနစ်တကျ လေ့လာရန် ရည်ရွယ်ချက်ဖြစ်ပေသည်။





အခန်း[၂]

# ဆီစ်ဖြာခန္ဓာ သို့မဟုတ် ကိုယ်ပွားဝိညာဉ်

နာနာဘာဝ လေ့လာရေးအသင်း(Ghost Club)မှာ မနောသုတေသနအသင်းကြီးကို လက်တွဲပြီး တည်ထောင်ခဲ့သည်ဆိုစေကာမူ နာနာဘာဝများကို လေ့လာသုတေသနပြုလုပ်ရာမှာတော့ သီးခြားအနေဖြင့် ဆောင်ရွက်ခဲ့လေသည်။ နောက်ပိုင်းမှာတော့ ကမ္ဘာ့နေရာအနှံ့အပြားမှာ ရှိကြသောနိုင်ငံအချို့တွင် အဖွဲ့ခွဲများ ပေါ်ပေါက်လာခဲ့ကြလေသည်။ ထိုသို့ ပေါ်ပေါက်လာခြင်းအတွက် မကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



ရလဒ်များလည်း ပေါ်ပေါက်ခဲ့လေသည်။

အခြားမဟုတ်ပေ။

၎င်းအသင်းကို အမှီပြု၍ အတုအယောင် အသင်းအဖွဲ့များ ပေါ်ပေါက်လာခြင်းကြောင့်ပင်ဖြစ်သည်။

သို့သော် လန်ဒန်မြို့၌ ရှိသော နာနာဘာဝ လေ့လာရေး အသင်းကတော့ အစိကအကျဆုံးပင်ဖြစ်သည်။

လူသိအများဆုံး အသင်းတစ်သင်းဟု ဆိုပါကလည်း မမှားပေ။ အဘယ်ကြောင့်ဆိုသော် ထိုအသင်းမှ အသင်းဝင်များသည် နေရာအနှံ့အပြားမှာ ရှိကြသော ပရလောကသားများအကြောင်း၊ ဝိညာဉ်များအကြောင်း၊ နာနာဘာဝ လောကသားများအကြောင်းကို သိပ္ပံနည်းကျ လေ့လာသုတေသနပြုပြီးနောက် စာအုပ်များ ရေးသားထုတ်ဝေခဲ့ကြခြင်းကြောင့် ပိုမိုလူသိများလာခြင်းဖြစ်သည်။

၎င်းတို့အသင်းမှ ရေးသားထုတ်ဝေခဲ့သော စာအုပ်အချို့မှာ

(၁) Haunted London

(၂) Nights in Haunted Houses

(၃) Gazetteer of British

**အစရှိသောစာအုပ်များဖြစ်သည်။**

နာနာဘာဝ လေ့လာရေးအသင်း၌ အသင်းဝင်ပေါင်းများစွာ ရှိကြလေသည်။

ထိုအထဲတွင် မြန်မာနိုင်ငံမှ ဒေါက်တာမင်းထင်ကျော်လည်း တစ်ဦးအပါအဝင်ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်မှာ အသက်(၃၀)ကျော်အရွယ်ခန့် ရှိပြီး ဘူမိဗေဒ ဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ ရထားသော်လည်း သူဝါသနာပါပြီး အစဉ်တစိုက် လုပ်ကိုင်နေသောအလုပ်မှာ ဆန်းကြယ်လှသောအဖြစ်အပျက်များကို လေ့လာ၍ သုတေသနပြုလုပ်သောအလုပ်များပင်ဖြစ်၏။

ပထမပိုင်းက မိတ်ဆွေတစ်ယောက်နှင့် ဆက်သွယ်မိပြီးနောက် မနောသုတေသနအသင်းကြီး၏အသင်းဝင်တစ်ယောက် ဖြစ်လာခဲ့သည်။

သူသည် မနောသုတေသီအသင်းကြီးနှင့် နှစ်အတန်ကြာ လက်တွဲခဲ့ပြီး မြန်မာပြည်မှ အံ့သြဖွယ်ကောင်းသော ဝိညာဉ်လောက အဖြစ်အပျက်များကို လေ့လာသုတေသနပြုခဲ့ပြီးနောက် အသင်းကြီးသို့ ပေးပို့ခဲ့လေသည်။

နောက်ပိုင်းမှာတော့ လန်ဒန်တက္ကသိုလ်ကျောင်းတွင် အတူတူ ပညာသင်ခဲ့သော ဂျက်ဖရီဂါဆိုသူ၏ဆက်သွယ်ပေးမှုကြောင့် နာနာဘာဝ လေ့လာရေးအသင်း(Ghost Club)၏အသင်းဝင်တစ်ဦးဖြစ်လာခဲ့သည်။

သူသည် ထိုအလုပ်ကို ပို၍စိတ်ဝင်စားလေသည်။

အထူးသဖြင့် ဝိညာဉ်လောကသားတို့အကြောင်းကို လေ့လာရာတွင် ပိုမိုနီးစပ်မှု ရှိသည်ဟု ယုံကြည်လေသည်။

ဒေါက်တာမင်းထင်ကျော်သည် နာနာဘာဝ လေ့လာရေးအသင်းနှင့်သော်လည်းကောင်း၊ မနောသုတေသနအသင်းကြီးနှင့် ဆက်သွယ်ရန်ကိစ္စရှိ၍သော်လည်းကောင်း မကြာခဏဆိုသလို လန်ဒန်သို့ ရောက်လေ့ရှိသည်။







www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်သည် ခရီးဝေးလှသည်ဆိုသော်လည်း သူ့အတွက်ကတော့ အိမ်ဦးနှင့်ကြမ်းပြင်လို ဖြစ်နေတော့သည်။

တကယ်တော့ လန်ဒန်သည် ခေတ်မီတိုးတက်သောနိုင်ငံများထဲတွင် ရှေ့တန်းမှ ပါဝင်သလို သာယာလှပသောနေရာတစ်ခုလည်း ဖြစ်ပေသည်။

လန်ဒန်မြို့သည် ယူနိုက်တက် ကင်းဒမ်းနိုင်ငံ၏မြို့တော်ဖြစ်ပြီး ကမ္ဘာပေါ်တွင် အကြီးဆုံးမြို့ကြီးများတွင် တစ်မြို့ပါဝင်လေသည်။

တင်းမြစ်၏တစ်ဖက်တစ်ချက်တွင် ခွကာ တည်ရှိလျက် ပင်လယ်ဝနှင့် မိုင်(၄၀)ခန့် ကွာဝေးလေသည်။

ရောမခေတ်ကပင် ထင်ရှားသောမြို့တော်အဖြစ် တည်ရှိခဲ့ပြီး အင်္ဂလန်ကျွန်းကို နော်မန်လူမျိုးတို့ သိမ်းပိုက်လိုက်သောအခါ အင်္ဂလန်ပြည်၏မြို့တော်ဖြစ်လာခဲ့သည်။

ပထမဦးစွာ တည်ခဲ့သောလန်ဒန်မြို့မှာ တင်းမြစ်၏မြောက်ဖက်ကမ်းပေါ်တွင် တည်ရှိပြီး စတုရန်းမိုင်တစ်မိုင်မျှသာ အကျယ်အဝန်းရှိလေသည်။

နောက်ပိုင်းရောက်မှ လန်ဒန်မြို့တော်ကို တိုးချဲ့တည်ထောင်ရာ စတုရန်းမိုင်(၆၉၉)အထိ ကျယ်ဝန်းလာပြီး မဟာလန်ဒန်မြို့တော်သစ်ကြီးဖြစ်ခဲ့လေသည်။

လန်ဒန်မြို့မှာ အရောင်းအဝယ် အစည်ကားဆုံးသော ရပ်ကွက်ဖြစ်၍ မြို့တော်ဝန်က ကောင်စီလူကြီးများနှင့် ညှိနှိုင်းကာ စီမံအုပ်ချုပ်လေသည်။

လန်ဒန်မြို့၏ဗဟိုဘုရားရှိခိုးကျောင်းကြီးမှာ စိန့်ပေါလ် ကသီဒြယ် ဘုရားရှိခိုးကျောင်းကြီးဖြစ်ပြီး ခရစ်ယာန်ဂိုဏ်းချုပ်ဘုန်းကြီးသည် ထိုကျောင်း၌ပင် သီတင်းသုံး နေထိုင်လေသည်။





လန်ဒန်မြို့တွင် အင်္ဂလန်သမိုင်းတွင် ထင်ရှားခဲ့သော အဆောက်အအုံပေါင်းများစွာတို့ ရှိသည်။

စိန့်ပေါလ်ဘုရားရှိခိုးကျောင်း၊ ဝက်စမင်စတာအက်ဗေးနှင့် လန်ဒန်ရဲတိုက်ကြီးတို့မှာ **အင်္ဂလန်နိုင်ငံသမိုင်းတွင် ထင်ရှားသော** အဆောက်အဦးများဖြစ်ကြသည်။

ဗတ်ကင်ဟန်နန်းတော်နှင့် **စိန်ဂျိမ်းစ်နန်းတော်တို့မှာ လန်ဒန်**မြို့၏အလယ်ဗဟို၌ တည်ရှိလေသည်။

တင်းမြစ်ကမ်းပေါ်မှာပင် ဗြိတိသျှ ပါလီမန်အဆောက်အအုံနှင့် လန်ဒန်မြို့တော်ခန်းမကြီးတို့ ခန့်ညားထည်ဝါစွာ ရှိလေသည်။ ပါလီမန်အဆောက်အအုံမှာ ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆောက်အအုံများတွင် အပါအဝင်ဖြစ်လေသည်။

စိန့်ပေါလ်ဘုရားရှိခိုးကျောင်းမှာ ခမ်းနားကြီးကျယ်သော ဘုရားရှိခိုးကျောင်းကြီးဖြစ်ပြီး နယ်လဆန်၊ ဝယ်လင်တန် အစရှိသော နာမည်ကျော်ပုဂ္ဂိုလ်ကြီးတို့၏ရုပ်ကလပ်ကို မြှုပ်နှံထားလေသည်။

ဝက်စမင်စတာအက်ဗေးမှာ အင်္ဂလန်ပြည်မှ နာမည်ကျော်စာဆိုတော်များ၊ နိုင်ငံခေါင်းဆောင်ကြီးများနှင့် ရှင်ဘုရင်များကို မြှုပ်နှံထားရာဌာနဖြစ်သည်။

လန်ဒန်မြို့တွင် ထင်ရှားသော လန်ဒန်တက္ကသိုလ်ကျောင်း၊ နာမည်ကျော် အီတန်၊ ဟာရိုကျောင်းများအပြင် အခြားကျောင်းပေါင်းများစွာတို့လည်း ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်မြို့ကြီးသည် အင်္ဂလန်ပြည်တွင် စာပေအနုပညာနှင့် သိပ္ပံပညာများ ရှာဖွေလေ့လာရာ ဗဟိုဌာနတစ်ခုဆိုလျှင်လည်း မမှားပေ။

လန်ဒန်မြို့ရှိ ဗြိတိသျှပြတိုက်နှင့် စာကြည့်တိုက်များသည် မြို့သော်၏ကျက်သရေဆောင် ဌာနကြီးများဖြစ်သလို ဗဟုသုတ လိုလားသူတို့အတွက် အဓိကကျသောနေရာများဖြစ်ကြပေသည်။

ထို့ပြင် အမျိုးသားပန်းချီပြတိုက်၊ ဝိတိုရိယနှင့် အယ်လဗတ်ပြတိုက်၊ တိရစ္ဆာန်ရုံ၊ သဘာဝသမိုင်းပြခန်းများ၊ သိပ္ပံပညာပြခန်းများ၊ ဘူမိဗေဒဖက် သက်ဆိုင်ရာပြခန်းများ၊ နက္ခတ်တာရာကြည့်မျှော်စင်များမှာ ထင်ရှားသောနေရာများဖြစ်ကြလေသည်။

ထိုအထဲတွင် နယ်လဆန်၏ရုပ်ထုရှိရာ ထရာဖဲလဂါ ပန်းခြံလည်း တစ်နေရာအပါအဝင်ဖြစ်သည်။

လူအများ စုရုံးသွားလာနိုင်သော ကွင်းပြင်ကြီးများ၊ ပန်းခြံကြီးများအပြင် အခြားအပန်းဖြေနိုင်စရာ လှပသောနေရာ အမြောက်အများ ရှိကြလေသည်။

လန်ဒန်မြို့တော်ကြီးကို စတင်တည်ထောင်ခဲ့စဉ်က ရွှံ့နွံဗွက်ထပ်လှသော တင်းမြစ်ကမ်းပေါ်မှာ တဲစုကလေးများ ပါဝင်သော ရွာငယ်ကလေးမျှသာဖြစ်ခဲ့လေသည်။

ခရစ်(၄၃)ခုနှစ်ခန့်တွင် ရောမတို့ ရောက်လာခဲ့ပြီးနောက် လန်ဒန်သည် အရေးပါသောနေရာတစ်ခုဖြစ်လာခဲ့သည်။ ရှေးအခါကတော့ လန်ဒန်ဟု အမည်မတွင်သေးဘဲ 'လန်ဒီနီယမ်' ဟု ခေါ်တွင်ခဲ့သည်။





လန်ဒန်မြို့နှင့် ပတ်သက်သည့်အကြောင်းများကို ရေးသားရာတွင် လန်ဒန်ရဲတိုက်ကြီးအကြောင်းကို ထည့်သွင်းရေးသားမှ ပြည့်စုံမှု ရှိပေမည်။

လန်ဒန်ရဲတိုက်ကြီးမှာ လန်ဒန်မြို့ အရှေ့ပိုင်း တင်းမြစ်၏ မြောက်ဖက်ကမ်း၌ တည်ရှိလေသည်။

ယခင်မြို့ရိုးဟောင်း၏အပြင်ဘက်တွင် တည်ရှိပြီး ရှေးအခါက ခံတပ်အဖြစ်သော်လည်းကောင်း၊ အကျဉ်းထောင်အဖြစ်သော်လည်းကောင်း၊ ဘုရင်မင်းမြတ်တို့ စံမြန်းရာ နန်းတော်အဖြစ်သော်လည်းကောင်း အသုံးပြုခဲ့ကြသော ကျောက်သားဖြင့် ဆောက်လုပ်ထားသည့် အဆောက်အအုံကြီးဖြစ်သည်။

ရဲတိုက်ကြီး တည်ရှိသည့်မြေနေရာမှာ (၁၃)ဧက ကျယ်ဝန်းကာ ဘေးပတ်လည်၌ မြင့်မားသော ကျောက်နံရံကြီးတစ်ခု ကာဆီးထား၍ ထိုနံရံကြီး၏အောက်ခြေတလျှောက်တွင် ရေအပြည့်နှင့် ကျုံးတစ်ခု ရှိလေသည်။

ထိုနံရံကြီး၏အတွင်းဖက်၌ ကျောက်သားအတိဖြင့် ဆောက်လုပ်ထားသော ထုထည်ကြီးမားလှသည့် အဆောက်အအုံများ ရှိလေသည်။

ရှေးအခါကဆိုလျှင် ထိုရဲတိုက်ကြီးထဲတွင် စစ်တပ်တစ်တပ်လုံးပင် စိတ်ချလက်ချ နေနိုင်ပေလိမ့်မည်။

ယခုအခါ ဗြိတိသျှအစိုးရက ရဲတိုက်ကြီးကို အခြားကိစ္စများအတွက် အသုံးမချဘဲ အများပြည်သူတို့ လာရောက်ကြည့်ရှုနိုင်ရန် ပြတိုက်သဘော ပြုလုပ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်ရဲတိုက်ကြီးမှာ အင်္ဂလန်ပြည်၏သမိုင်းတွင် အထူးနာမည်ကျော်ခဲ့ပေသည်။

ထင်ရှားသော ပုဂ္ဂိုလ်အများအပြားပင် ထိုရဲတိုက်ကြီးထဲ၌ ထောင်သွင်း အကျဉ်းချထားခြင်း ခံခဲ့ကြရဖူးလေသည်။

ယင်းသည် ပုဂ္ဂိုလ်ကြီးများအနက် အချို့မှာ စိန့်သောမတ်မိုး၊ လေဒီဂျိန်းဂရေး၊ ကက်သရင်းဟောင်းဝပ်၊ ဆာရော့ဂျာကေ့စမင့်စသည့် ပုဂ္ဂိုလ်ကျော်ကြီးတို့ဖြစ်ကြသည်။

ပဉ္စမအက်ဒွပ်ဘုရင်ကလေးနှင့် သူ၏ညီတော် ယော့မြို့စားတို့သည်လည်း ယင်းရဲတိုက်ကြီးထဲမှာပင် သူတို့၏ဦးရီးတော် တတိယရစ်ချတ်ဘုရင်၏အမိန့်အရ ခေါင်းအုံးဖြင့် ဖိ၍အသတ်ခံကြရသည်။

ဘုရင်မင်းမြတ်၏အဖိုးထိုက်တန်သော မင်းမြောက်တန်ဆာပဏ္ဍာများနှင့် ကျောက်မြတ်ရတနာများကိုလည်း ယင်းရဲတိုက်ကြီးထဲမှာပင် အစောင့်အရှောက်နှင့်တကွ လုံခြုံစွာ ထားရှိသည်ဟု ဆိုလေသည်။

လန်ဒန်ရဲတိုက်၏အလယ်တွင် မျှော်စင်ဖြူ ရှိသည်။

**ထိုမျှော်စင်တို ဝီလျံသကွန်းကားရားဘုရင်လက်ထက် ခရစ်(၁၀၇၈)ခုနှစ်က ဆောက်လုပ်ခဲ့သည်။**

ရှေးခေတ်က အင်္ဂလန်ပြည် မင်းအဆက်ဆက်တို့သည် ဤအဆောက်အအုံကြီးထဲတွင် စံနေတော်မူခဲ့ကြသည်ဟု သိရ၏။

ယင်းမျှော်စင်ဖြူကို မတည်ဆောက်မီက ထိုနေရာတွင် ဂျူးလီယက်ဆီဇာသည် ရဲတိုက်တစ်ခုကို ဆောက်လုပ်ထားခဲ့ဖူးသည်ဟု ဆိုလေသည်။

လန်ဒန်ရဲတိုက်ကြီး၏မျှော်စင်ဖြူ မြေအောက်ခန်းအတွင်း၌





ရာဇဝတ်သားတို့အား ကွပ်မျက်အဆုံးစီရင်ရာတွင် အသုံးပြုခဲ့သော ပုဆိန်နှင့် စဉ်းနှီးတုံးကြီးများ ရှိပေသည်။

ဒေါက်တာမင်းထင်ကျော်မှာ သုတေသနကိစ္စများဖြင့် လန်ဒန်မြို့သို့ မကြာခဏ ရောက်လေ့ရှိရာ မစိမ်းလှတော့ပေ။ ထိုသို့ရောက်တိုင်းလည်း ရက်အတော်ကြာအောင် နေလေ့ရှိပြီး နာနာဘာဝ လေ့လာရေးအသင်းနှင့် လက်တွဲကာ ၎င်းတို့စေခိုင်းသောကိစ္စများကို ဆောင်ရွက်ပေးလေ့ရှိသည်။

ထိုအသင်းကြီးမှ တာဝန်ရှိသူများအပြင် အဖွဲ့ဝင် အတော်များများနှင့်ပါ ရင်းနှီးခင်မင်နေလေပြီ။

ထိုအထဲမှာမှ အသင်းကြီး၏အတွင်းရေးမှူးဖြစ်သူ ဝီလီယန်နှင့် များစွာခင်မင်ရင်းနှီးမှု ရှိလေသည်။

"ကိုမင်းထင်ကျော်က နာနာဘာဝတွေရဲ့အကြောင်းကို အတော် စိတ်ဝင်စားသလား"

ယခုတစ်ခေါက် အင်္ဂလန်သို့ ရောက်ပြီး အသင်းကြီးမှ အတွင်းရေးမှူး ဝီလီယန်နှင့် တွေ့သောအခါ ထိုကဲ့သို့ မေးမြန်းလာခြင်းဖြစ်သည်။

ထိုအချိန်က အသင်းခန်းမထဲမှာ အခြားသူများလည်း ရှိနေလေသည်။ ဒေါက်တာမင်းထင်ကျော်က စီးကရက်ကို အေးအေးဆေးဆေး ဖွာနေရာမှ ခေါင်းညိတ်ပြလိုက်သည်။

"စိတ်ဝင်စားပါတယ်. . . ကျွန်တော်က နာနာဘာဝ ဆိုတာထက် ဝိညာဉ်လောကအကြောင်းကို ပိုပြီးစိတ်ဝင်စားတာပါ"

ထိုစကားကြောင့် ဝီလီယံက ပို၍စိတ်ဝင်စားသွားဟန်ရှိလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘယ်လိုများ ကွာခြားလို့ဗျ"

"ကျွန်တော်တို့ရဲ့အယူအဆက ရုပ်နဲ့နာမ် ရှိတဲ့နှစ်ခုမှာ ရုပ်က သာမန်မျက်စိနဲ့ မြင်ရတယ်၊ နာမ်ဆိုင့်ဝိညာဉ်က မမြင်ရဘူး၊ ဝိညာဉ် မကပ်နိုင်တော့ရင် အသက်သေနိုင်တာဆိုတော့ အသက်ဝိညာဉ်လို့ လည်း ပြောလို့ရပါတယ်"

"မှန်ပါတယ်"

"ဝိညာဉ်ပြန်မကပ်နိုင်တဲ့၊ ဒါမှမဟုတ် ပြန်ကပ်ခွင့် မရနိုင်တော့ တဲ့ ရုပ်ခန္ဓာကို သေဆုံးသူလို့ သတ်မှတ်ကြတယ်၊ ရုပ်ခန္ဓာ မရှိတော့တဲ့ ဝိညာဉ်ကိုလည်း ပရလောကသားလို့ သတ်မှတ်ရပါတယ်"

"ဘယ်လိုကြောင့်လဲဗျ"

"ပရလောကဆိုတာ ရုပ်ခန္ဓာမရှိတဲ့ဝိညာဉ်တွေအားလုံး လှုပ် ရှားသွားလာနေတဲ့နေရာတွေအားလုံးကို ခြုံပြီးပြောတာပါ။ ဒီနေရာမှာ တော့ ဝိညာဉ်ချင်း တူပေမယ့် အဆင့်အတန်း မတူတာတွေ၊ စွမ်းအားရှိ တာချင်း ကွာခြားမှုတွေ၊ ကုသိုလ်ကံပေး အခြေအနေတွေ အမျိုးမျိုး ကြောင့် ပုံပန်းသဏ္ဍာန်နဲ့ အမည်နာမတွေလည်း အမျိုးမျိုး ကွဲပြားသွား ကြတယ်"

"စိတ်ဝင်စားစရာပဲ. . . ဆက်ပြောပါဦးဗျ"

"ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ သရဲ၊ တစ္ဆေ၊ ဖုတ်၊ မှင်စာ၊ ကျွတ်၊ ဘီလူး ဆိုပြီးတော့ အမျိုးမျိုး ကွဲပြားသွားတယ်၊ အားလုံး ကိုတော့ ခြုံပြီး ပရလောကသားတွေလို့ ခေါ်လို့ရပေမယ့် အနိမ့်အတန်း အစားတွေဖြစ်တဲ့ သရဲ၊ တစ္ဆေ၊ ဖုတ်၊ မှင်စာ၊ ကျွတ် စတာတွေကို





နာနာဘာဝလို့ ခေါ်လို့ဖြစ်ပေမယ့် သူတို့ထက် အဆင့်မြင့်တဲ့ ပရ လောကသားတွေကိုတော့ နာနာဘာဝတွေလို့ ခေါ်လို့မဖြစ်ဘူး"

"အင်း. . . ဒါလည်း လက်ခံနိုင်လောက်တဲ့ အယူအဆတစ်ခု ပါပဲ"

"ဥပမာ ဥစ္စာပစ္စည်းတွေ စောင့်တဲ့ သိုက်စောင့်တွေဟာ ပရ လောကသားတွေ ဖြစ်ကြပေမယ့် သူတို့ကို နာနာဘာဝစာရင်းထဲမှာ ထည့်လို့မသင့်ပေဘူး၊

တချို့ဝိညာဉ်တွေဟာ ဝိညာဉ်လောက ရောက်နေကြပေမယ့် လူလို အသိရှိပြီး အဆင့်အတန်းမြင့်တဲ့ ဝိညာဉ်မျိုးတွေလည်း ရှိကြ တယ်"

"ဘယ်လိုဝိညာဉ်မျိုးလဲ ကိုမင်းထင်ကျော်ရဲ့"

"ခင်ဗျားသဘောပေါက်အောင် ပြောရရင်တော့ ကိုယ်ပွား ဝိညာဉ်ပေါ့ဗျာ"

"ရှင်းပြတော့မှ ပိုပြီးရှုပ်ထွေးသွားသလိုပဲ၊ ကိုယ်ပွားဝိညာဉ် ဆိုတာ ဘယ်လိုဝိညာဉ်မျိုးလဲဗျ"

ဒေါက်တာမင်းထင်ကျော်က သောက်လက်စ စီးကရက်ကို ပြာ ခွက်အတွင်းသို့ ထည့်လိုက်လေသည်။

"ဒီလိုရှိတယ် ဗီလီယန်ရဲ့၊ ရုပ်ခန္ဓာနဲ့ဝိညာဉ်ခန္ဓာလို့ နှစ်မျိုးတွဲ နေတဲ့နေရာမှာ ဝိညာဉ်ခန္ဓာကို လိပ်ပြာခန္ဓာလို့ ခေါ်ကြတယ်၊ အချို့က လည်း မိတ္တူခန္ဓာလို့ ခေါ်ကြတယ်လေ"

"ဘာကြောင့် မိတ္တူခန္ဓာလို့ ခေါ်တာလဲ"

"ဝိညာဉ်ခန္ဓာဟာ မူလရုပ်ခန္ဓာနဲ့ ခွဲမရအောင် တူနေလို့ မိတ္တူ



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာလို့ တင်စားပြီး ခေါ်ကြတာပဲ၊ အဲ့ဒါကို ကိုယ်ပွားဝိညာဉ်၊ ဒါမှမဟုတ် ဝိညာဉ်ကိုယ်ပွားလို့လည်း ခေါ်ဝေါ်နိုင်ပါတယ်"

"အင်း. . . ရှင်းပါပြီ၊ ပြောလက်စနဲ့ ဆက်ပြောပါဦး"

"ရုပ်ခန္ဓာဟာ ရုပ်လောကမှာ ကျင်လည်ကျက်စားနိုင်သလို လိပ်ပြာခန္ဓာကလည်း ပရလောကမှာ ကျင်လည်ကျက်စားနိုင်တယ်၊ လူတစ်ယောက် အိပ်ပျော်သွားတဲ့အချိန် ဒါမှမဟုတ် အချိန်အကန့်အသတ် မရှိအောင် မေ့မြောနေတဲ့အချိန်မှာပဲဖြစ်ဖြစ် ဝိညာဉ်ခန္ဓာက အပြင်ရောက်သွားပြီး ပရလောကသားတွေနဲ့ ထိတွေ့လို့ရသလို သာမန်အသက်ရှိတဲ့လူတွေနဲ့လည်း ပြောဆိုဆက်ဆံလို့ရတယ်"

"အဲ့ဒါကို နာနာဘာဝ ခြောက်လှန့်တယ်၊ ဖမ်းစားတယ်လို့ ပြောလို့ရမလား"

"သူက အိပ်ပျော်နေတဲ့အချိန်၊ မေ့မြောနေတဲ့အချိန်မှာ လူတွေနဲ့ တွေ့ရတာဆိုတော့ နာနာဘာဝ ခြောက်လှန့်တယ်လို့တော့ ပြောလို့ မရဘူး၊ အနီးစပ်ဆုံး ဝိညာဉ်ပူးတယ်လို့တော့ ပြောလို့ရပါတယ်"

"ဒါထက် မေးလက်စနဲ့ ဆက်မေးရဦးမယ်၊ အဲသည်လို အပြင်ရောက်နေတဲ့ဝိညာဉ်ဘဝနဲ့ရော လူတွေနဲ့ ထိတွေ့ဆက်ဆံလို့ ရသလားဗျ"

"ရာနှုန်းပြည့်တော့ မရနိုင်ဘူး၊ ဒါပေမယ့် စိတ်စွမ်းအား ကောင်းရင်တော့ အတန်အသင့် ရနိုင်ပါတယ်"

"နောက်တစ်ချက်က သူက ကိုယ်ပွားဝိညာဉ်ဘဝနဲ့ ထိတွေ့ဆက်ဆံခဲ့တဲ့ အဖြစ်အပျက်တွေကိုရော သတိပြန်ရလာတဲ့အခါမှာ မှတ်မိနိုင်ပါ့မလား"





"အလုံးစုံ မမှတ်မိတော့ပေမယ့် တိုက်ဆိုင်မှုရှိတဲ့ အကြောင်းအရာတစ်ခုနဲ့ ပြန်တွေ့မယ်ဆိုရင်တော့ ပြန်ပြီးမှတ်မိနိုင်ပါတယ်၊ ဒါကလည်း သူ့ရဲ့ဦးနှောက် ဒါမှမဟုတ် အသည်းနှလုံးက သိပ်ပြီးစွဲစွဲလမ်းလမ်း ဖြစ်နေတာမျိုးဆိုရင်တော့ ပိုပြီးမှတ်မိလွယ်တာပေါ့"

ဟု ပြောပြရာ ဝီလီယန်လည်း များစွာကျေနပ်သဘောကျသွားလေသည်။

ထို့နောက် နှစ်ယောက်သား အခြားအကြောင်းများကို ပြောဆိုကြရင်းမှ ဝီလီယန်က မေးသည်။

"ဒါထက် ကိုမင်းထင်ကျော် ဒီတစ်ခေါက် လန်ဒန်မှာ ကြာဦးမှာ မဟုတ်လား"

"အခြားကိစ္စလေးတွေလည်း ရှိနေသေးတော့ အေးအေးဆေးဆေး နေမယ်လို့တော့ စိတ်ကူးထားတယ်"

"ကောင်းတာပေါ့ဗျာ. . ကျွန်တော့်အတွက်လည်း အကူအညီပေးနိုင်မယ့်သူ တစ်ယောက်တိုးတာပေါ့၊ ခင်ဗျားကို တစ်ခုလောက် အဲကြံပေးချင်လို့ပါ"

"ဘာများလဲ ပြောလေဗျာ"

"တခြားတော့ မဟုတ်ပါဘူး၊ ဒီမှာ ရက်ကြာကြာနေမယ်ဆိုရင်တော့ စရိတ်လည်း သက်သာအောင် လွတ်လွတ်လပ်လပ်လည်း နေလို့ရအောင် ဟိုတယ်မှာ မတည်းဘဲ သီးသန့်အိမ်ခန်းမှာ နေပါလားဗျ"

"ကောင်းသားပဲ. . . ဘယ်မှာရနိုင်မလဲဗျ"

"ကျွန်တော်နဲ့ အသိမိတ်ဆွေ အမျိုးသမီးတစ်ယောက်က [illegible] ဆက်ပြီး ပြောထားတာ ရှိတယ်၊ အခန်းကတော့ နေရာကောင်းပဲ ထင်



www.burmeseclassic.com

www.burmeseclassic.com



မြစ်နဲ့လည်း နီးတယ်၊ ဥယျာဉ် ပန်းခြံတွေနဲ့လည်း သိပ်မဝေးဘူး၊ ပရိဘောဂပစ္စည်းတွေလည်း အစုံအလင် ရှိပြီးသားဆိုတော့ ခင်ဗျား အတွက် အဆင်ပြေတာပေါ့၊ ဒါပေမယ့် သူတို့ကလည်း လပိုင်းနဲ့ တစ်ဖြတ်ချင်း ငှားမယ့်သဘောပဲ၊ ခင်ဗျားစိတ်ဝင်စားရင်တော့ သွားကြည့်ကြတာပေါ့"

ဟု ပြောရာ ဒေါက်တာမင်းထင်ကျော်လည်း ထိုအခန်းကို စိတ်ဝင်စားသဖြင့် သွားရောက်ကြည့်ရှုရန် သဘောတူလိုက်လေသည်။





# အခန်း[၃]

# မဖြင့်ရသေးသော အခန်းစော်

ဝီလီယန်မှတဆင့် အိမ်ပွဲစားနှင့် ဆက်သွယ်ပေးသည်။ သူမက င်းမြစ်ကမ်းနှင့် မနီးမဝေးမှာ ရှိသော အိမ်ခန်းတစ်ခန်းကို လိုက်ပြပေးသည်။

သီးသန့်ဆောက်ထားသော အခန်းတစ်ခန်းပင်ဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်ကလည်း သဘောကျသောကြောင့် ထိုအခန်းတိုပင် ယူရန် သဘောတူလိုက်လေသည်။

ထိုအမျိုးသမီးက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အနေနဲ့ ဒီအခန်းမျိုး ရတာ သိပ်ကံကောင်းတာပဲ မစ္စတာမင်းထင်ကျော်"

"ဘာကြောင့်များလဲ"

"ဒီအခန်းက အခန်းငှားစားတဲ့အခန်း မဟုတ်ဘူး၊ အခန်းပိုင်ရှင် ခရီးသွားနေတဲ့အခိုက်အတန့်မှာပဲ ငှားတာဆိုတော့ လပိုင်းနဲ့ပဲရမယ်"

"ကျွန်တော်ကလည်း အမြဲမနေပါဘူး၊ လပိုင်းနေခွင့်ရရင်တော်ပါပြီ"

"အိမ်ထဲမှာ ပရိဘောဂ အသုံးအဆောင်ပစ္စည်းတွေ အပြည့်အစုံ ရှိတယ်၊ အသုံးပြုနိုင်တယ်လို့ သူတို့က ခွင့်ပေးထားပါတယ်"

"အခုလို ခွင့်ပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

ဟု ပြောလိုက်လေသည်။

ထိုအိမ်ကို ငှားရမ်းပြီးနောက် လက်ရှိငှားထားသော ဟိုတယ်မှ အခန်းကို ပြန်အပ်ပြီး ထိုအခန်းသို့ ရွှေ့ပြောင်းနေထိုင်လေသည်။

အခန်းဟု ခေါ်သော်လည်း လုံးချင်းတိုက်ကို အခန်းများ ဖွဲ့ထားခြင်းဖြစ်ပြီး သီးခြားနေနိုင်သော အခန်းကျယ်မျိုးဖြစ်သည်။

တင်းမြစ်နှင့် မဝေးလှဘဲ သီးခြားဖောက်လုပ်ထားသော လမ်းပေါ်၌ တည်ရှိလေသည်။

ထိုနေရာမှ ကြည့်လျှင် ပန်းခြံရှိသောနေရာနှင့် ဗြိတိသျှ ပါလီမန် အဆောက်အအုံ ရှိသောနေရာသို့ လှမ်းမြင်နိုင်သည်။ သူ့အနေနှင့် အေးအေးဆေးဆေး စာရေးစာဖတ် ပြုလုပ်နိုင်သောနေရာပင်ဖြစ်သည်။





ထိုနေ့က နာနာဘာဝ လေ့လာရေးအသင်းမှာ အစည်းအဝေး ရှိသောကြောင့် တက်ရလေသည်။ နာနာဘာဝ လေ့လာရေးအသင်း၏ ဥက္ကဋ္ဌမှာ ပီတာ အန်ဒါဝုဒ်ပင်ဖြစ်သည်။

ပီတာအန်ဒါဝုဒ်သည် (Ghosts and How To See Them) "နာနာဘာဝများကို မြင်အောင်ကြည့်နည်း" ဟူသော ကမ္ဘာကျော်စာအုပ်ကို ရေးသားခဲ့သူလည်းဖြစ်သည်။

ထို့ပြင် နာနာဘာဝ ဂဇက်ဘီးယား စာအုပ်ကြီးကိုလည်း ရေးသားပြုစုခဲ့သည်။

ပီတာအန်ဒါဝုဒ်မှာ (၂၀)ရာစုနှစ်အတွင်း 'နာနာဘာဝ မုဆိုး' (Ghost Hunters)ဟု အမည်ပေး ကင်ပွန်းတပ်ခံရလောက်အောင် နာနာဘာဝများနှင့် ပတ်သက်သော အကြောင်းအရာများကို လေ့လာရာတွင် ထူးချွန်သူတစ်ဦးဖြစ်သည်။

သူသည် မနောသုတေသနအသင်းဝင်တစ်ဦးလည်းဖြစ်သည်။

ပီတာအန်ဒါဝုဒ်သည် နာနာဘာဝများနှင့် ပတ်သက်၍ ကိုယ်တွေ့ လေ့လာမှုပေါင်း(၂၀၀၀)ကျော်မျှ ရှိခဲ့ရာ အချို့မှာ ဓာတ်ပုံမှတ်တမ်းနှင့်တကွ အခိုင်အမာ ဖော်ပြနိုင်မှုများပင် ရှိခဲ့လေသည်။

ထိုအထဲမှ အချို့ကို ရေးသားဖော်ပြရမည်ဆိုပါလျှင် . . .

အင်္ဂလန်နိုင်ငံသည် နာနာဘာဝများ ထာဝစဉ် နှောင့်ယှက်ခြင်းခံရသည့် ရဲတိုက်များ၊ နန်းတော်ဟောင်းများ၊ ယာတောစံအိမ်များ၊ ဘုရားရှိခိုးကျောင်းများ၊ အိမ်အိုအိမ်ဟောင်းများ အများဆုံး ရှိခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပြီး ပုဏ္ဏကတိုက်မှ အများဆုံး ဖြစ်ပွားသည့် နိုင်ငံတစ်နိုင်ငံဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်တွင် ပထမဆုံး စိတ်နယ်လွန်ဆိုင်ရာ ပြဿနာများ၊ စိတ်ဝိညာဉ်ဆိုင်ရာဖြစ်ရပ်များ၊ တမလွန်လောကနှင့် ဆက်သွယ်နိုင်သည်ဟုဆိုသော ယုံကြည်ချက်များကို စတင်ဖော်ထုတ်ခဲ့သည်။

အင်္ဂလန်နိုင်ငံသည် ဗြိတိသျှမနောသုတေသနအသင်းကြီးကို တည်ထောင်ခဲ့သည့်နိုင်ငံဖြစ်သည်။

ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံအသီးသီးသို့ ငွေကုန်ကြေးကျခံကာ ကိုယ်စားလှယ်များကို စေလွှတ်၍ စိတ်ဝိညာဉ်ဆိုင်ရာဖြစ်ရပ်များကို တစိုက်မတ်မတ် သုတေသနပြုလုပ်သည့် သုတေသီများကို မွေးထုတ်ပေးခဲ့သည့်နိုင်ငံလည်းဖြစ်၏။

ထိုသုတေသီကြီးများတွင် ပီတာအန်ဒါဝု(ဒ်)မှာ ထိပ်ဆုံးမှ နေရာရခဲ့သူဖြစ်၏။ သူကိုယ်တိုင် နာနာဘာဝများကို တွေ့ရအောင် ကြံဆောင်ခဲ့သူဖြစ်သည်။

ဗြိတိသျှ မနောသုတေသနအသင်းမှ စုံစမ်းစစ်ဆေး သုတေသနပြုခဲ့သော အမှုတွဲပေါင်း(၂၀၀၀)ကျော်မှ ဆန်းကြယ်သည့် နာနာဘာဝတို့ ခြောက်လှန့်သည့်ဖြစ်ရပ်များနှင့် သူ့ကိုယ်တွေ့ဖြစ်ရပ်များကို စုပေါင်းကာ နာနာဘာဝသုတေသန စာအုပ်များ တစ်အုပ်ပြီးတစ်အုပ် ရေးသားထုတ်ဝေခဲ့သူဖြစ်၏။

ယခု သူရေးသားပြုစုသည့် နာနာဘာဝများကို မြင်အောင်ကြည့်နည်းစာအုပ်တွင် ဆောင်းပါးအစ၌ ဖော်ပြခဲ့သည့်အတိုင်း နာနာဘာဝများကို ဓာတ်ပုံဖြင့် မှတ်တမ်းတင်ရန် (Sprot Photography) ဖြစ်နိုင် မဖြစ်နိုင်ကို စနစ်တကျ သိပ္ပံနည်းကျ သုတေသနပြုချက်များကို ထည့်သွင်းဖော်ပြရန် ကြိုးစားခဲ့သည်။





ကမ္ဘာအရပ်ရပ်ရှိ မနောသုတေသီများ၊ နာနာဘာဝ သုတေသီများထံ စာရေးသား၍ အကူအညီတောင်းခံခဲ့သည်။

နာနာဘာဝများအား ဓာတ်ပုံဖြင့် မှတ်တမ်းတင်ခဲ့သည့် ပုဂ္ဂိုလ်များသည် သူ့ထံသို့ သာဓက ဓာတ်ပုံသက်သေများပါ ပေးပို့၍ ဖြစ်ရပ်မှန်များကို ရေးသားဖော်ပြခဲ့ကြ၏။

အထောက်အထား အခိုင်မာဆုံးဟု ယူဆရသည့်သက်သေသာဓကနှင့် ဖြစ်ရပ်မှာ ကနေဒါနိုင်ငံသား ဘုန်းတော်ကြီးဟာဒီ၏ ဖြစ်ရပ်ဆန်းဖြစ်သည်။

ဘုန်းတော်ကြီးဟာဒီနှင့်ဇနီးတို့သည် (၁၉၆၆)ခုနှစ်က အင်္ဂလန်နိုင်ငံသို့ သူ့ဇနီးနှင့်အတူ လာရောက်လည်ပတ်ခဲ့သည်။

ဘုန်းတော်ကြီးဟာဒီမှာ တမလွန်လောကနှင့် လူဝင်စားစသော ပြဿနာများ၊ စိတ်နယ်လွန်ပြဿနာများကို ယုံကြည်သူ မဟုတ်ပေ။ ဘာသာရေးသမားတစ်ဦးသာဖြစ်၏။

သူ၏ထူးခြားသော ဝါသနာမှာ ဓာတ်ပုံရိုက်ခြင်းဖြစ်သည်။

အင်္ဂလန်နိုင်ငံသို့ ရောက်ရှိခဲ့သောအခါ သူ့ဇနီး၏မိတ်ဆွေအပေါင်းအသင်းများ ရှိသည့် ဂရစ်နစ်(ချ်)မြို့ကလေးသို့ သွားရောက်ခဲ့ကြပြီး နာနာဘာဝများ တွေ့ရှိရလေ့ရှိသည်ဟု နာမည်ကျော်နေသည့် ဘုရင်မ စံအိမ်တော်(Queen House)သို့ သွားရောက်လေ့လာခဲ့ကြ၏။

ဘုန်းတော်ကြီးဟာဒီသည် သူပိုင်ကင်မရာဖြင့် နာမည်ကျော်နေသော ဘုရင်မ စံအိမ်တော်ကြီးကို ရှုထောင့်အမျိုးမျိုးမှ မှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ကူးခဲ့၏။

သူ့ကင်မရာမှာ သမာကိုဒတ်(ခ)ကုမ္ပဏီမှ ထုတ်လုပ်သည့်



www.burmeseclassic.com

www.burmeseclassic.com



**အဝေးဝှက်တင်း ဓာတ်ပုံ**ဝါသနာအိုးများ သုံးလေ့သုံးထ ရှိသည့် ကင်မရာတစ်လုံးသာဖြစ်သည်။ ဖလင်များမှာလည်း သူ ထာဝစဉ် သုံးစွဲလေ့ရှိသည့် ဖလင်များဖြစ်၏။

ဘုရင်မစံအိမ်ကြီးမှာ သမိုင်းအဆက်ဆက် နာမည်ကြီးခဲ့သည့် အိမ်တော်ကြီးဖြစ်သည်။

အထူးသဖြင့် ထိုအိမ်တော်ကြီး၏ဂမုန်းလှေကားမဟာ (Ftulip Stair)ကြီးမှ နာနာဘာဝများ ဆင်းသက်လာလေ့ရှိသည်ဟု သတင်းကြီးခဲ့၏။

ဘုန်းတော်ကြီးဟာဒီနှင့်ဇနီးသည် ထိုလှေကားကြီးအနီးသို့ ရောက်သောအခါ လှေကားကြီးအား အမှတ်တရ မှတ်တမ်းတင်ရန် စိတ်ကူးမိကြသဖြင့် ပါလာသောကင်မရာဖြင့် ဘုန်းတော်ကြီး၏ဇနီး မစ္စစ်ဟာဒီက မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့၏။

ဓာတ်ပုံများကို အမေရိကန်ပြည်ထောင်စု ဗြိတိသျှကိုလံဘီယာနိုင်ငံ ရောက်မှပင် ဆေး၍ ပုံကူးသောအခါ မစ္စစ်ဟာဒီ ရိုက်ကူးခဲ့သည့် ဘုရင်မစံအိမ်တော်(Queen House)ရှိ ဂမုန်းလှေကားမဟာ(Ftulip Stair)ကြီးပေါ်တွင် ထူးခြားသော ဝတ်ရုံအဖြူကို တစ်ကိုယ်လုံး ခြုံထားသူတစ်ဦး၏ ပုံပေါ်နေသည်ကို တွေ့ကြရတော့သည်။

ထိုမဟာလှေကားကြီးအား ဓာတ်ပုံရိုက်ကူးခဲ့စဉ်က လှေကားပေါ်တွင် မည်သည့်လူ၊ မည်သည့်အရာဝတ္ထုမျှ မရှိဟု ဘုန်းတော်ကြီးဟာဒီနှင့် ဇနီးဖြစ်သူ မစ္စစ်ဟာဒီတို့က ဆိုခဲ့ကြသည်။

သို့ဖြစ်လျှင် သာမန်လူတို့ မြင်နိုင်စွမ်းမရှိသော ဝိညာဉ်၏ လှုပ်ရှားမှုကို သာမန်ကင်မရာဖြင့် ရိုက်ကူး၍ ရနိုင်ပါသလား။





ဟာဒီတို့ဇနီးမောင်နှံ ဓာတ်ပုံရိုက်ယူခဲ့စဉ်က လှေကားပေါ်တွင် မည်သူမျှမရှိဟူသောအချက်သည် မှန်ကန်လျှင် ဓာတ်ပုံထဲတွင် ပေါ်နေသော ဝတ်ရုံဖြူနှင့်ပုဂ္ဂိုလ်သည် ကွယ်လွန်သူတစ်ဦး၏ဝိညာဉ်ပေလော။

ဘုန်းတော်ကြီးဟာဒီမှာ နှယ်နှယ်ရရပုဂ္ဂိုလ်တစ်ဦး မဟုတ်ပေ။

ဗြိတိသျှ ကိုလံဘီယာနယ် တစ်လျှားတွင် ထင်ရှားခဲ့သည့် သာသနာ့ဝန်ထမ်းဖြစ်သည်။

ထိုပုဂ္ဂိုလ်သည် မည်သည့်နည်းနှင့်မျှ မဟုတ်မမှန် လုပ်ကြံ၍ ပြောမည့်လူစားမဟုတ်။

ဤကဲ့သို့ ဝိညာဉ်ဓာတ်ပုံကို ရိုက်နိုင်ခြင်းဖြင့် သူတို့မိသားစု၌ မည်သည့်အကျိုးအမြတ်မျှ ခံစားနိုင်စရာမရှိ။

ထိုဓာတ်ပုံကို ကူးယူ၍ နာနာဘာဝ လေ့လာရေးအသင်း ဥက္ကဋ္ဌဖြစ်သူ ပီတာအန်ဒါဝု(ဒ်)ကလည်း ထိုဓာတ်ပုံနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို သူရေးသားနေသည့် နာနာဘာဝများကို မြင်အောင် ကြည့်ရှုနည်းဟူသော စာအုပ်တွင် ရေးသားဖော်ပြရန် စီစဉ်ထားခဲ့သည်။

အချို့မနောသုတေသီတို့ကမူ ထိုဓာတ်ပုံသည် စိတ်စွမ်းအင်ဓာတ်ပုံ(Psychical photograph) ဖြစ်သည်ဟု ဆို၏။

စိတ်စွမ်းအားကောင်းသူ(သို့မဟုတ်) စိတ်နိုးကြွလွယ်သူတစ်ဦးရိုက်သည့်ဓာတ်ပုံသည် ယခင်သမိုင်းအဆက်ဆက် ကွယ်လွန်သူတို့၏ စိတ်အားကြောင့် ထူးခြားသောပုံရိပ် လာထင်ခြင်းဖြစ်သည်ဟု ဆိုကြ၏။

အချို့ကမူ ထိုဓါတ်ပုံသည် ဝိညာဉ်ဓါတ်ပုံ(Sprit photograph) ဖြစ်သည်ဟု ဆိုသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံရိုက်ကူးသူ မစ္စစ်ဟာဒီကလည်း ထိုနေ့က သူ ဓာတ်ပုံ ရိုက်ကူးသည့်အချိန်၊ ရိုက်ကူးသည့် ကင်မရာအမျိုးအစား၊ ရိုက်ကူးသည့် ဖလင် စသည်တို့ကို အသေးစိတ် ဖော်ပြထားခဲ့သည်။

သို့ဖြစ်၍ အနောက်တိုင်း မနောသုတေသီများအတွင်း အငြင်း အခုံဖြစ်ပွားခဲ့ရသည့် ဝိညာဉ်ဓာတ်ပုံဖြစ်ခဲ့သည်။

ပီတာအန်ဒါဝု(ဒ်)ကမူ သူ့မိတ်ဆွေ သမိုင်းသုတေသီ ဒေါ်ရော် သီအိုဝါရင်၏အကူအညီဖြင့် ဘုရင်မစံအိမ်တော်ကြီး (Queen House) ၏သမိုင်းကြောင်းကို လေ့လာခဲ့ရာ လွန်ခဲ့သောနှစ်ပေါင်း(၂၀၀)ကျော် ခန့်က ထိုဘုရင်မစံအိမ်တော်ကြီး(Queen House)တွင် ဘုန်းတော်ကြီး များ နေထိုင်ခဲ့ကြောင်း သိရှိခဲ့ရသည်။

သို့ဖြစ်လျှင် မဟာလှေကားကြီး၏ဓာတ်ပုံတွင် ပါသော အဖြူ ထည်ဝတ်ရုံကို ခြုံထားသည့်ပုံသည် ကွယ်လွန်သူ ဘုန်းတော်ကြီးတစ်ပါး ၏ဝိညာဉ်ဓာတ်ပုံဖြစ်နိုင်သည်ဟု ကောက်ချက်ချခဲ့၏။

ပီတာအန်ဒါဝု(ဒ်)သည် လွယ်လွယ်နှင့် လက်ခံယုံကြည်သူ မဟုတ်ပေ။

(၁၉၆၇)ခု၊ ဇွန်လ(၂၅)ရက်နေ့၌ မစ္စစ်ဟာဒီ အသုံးပြုခဲ့သည့် ကင်မရာအမျိုးအစား၊ ထိုစဉ်က ဖလင်အမျိုးအစားနှင့် မစ္စစ်ဟာဒီ ဓာတ်ပုံရိုက်ကူးခဲ့သည့် မဟာလှေကားကြီးသို့ သူ၏နာနာဘာဝ လေ့ လာရေး အသင်းဝင်နှစ်ဦးနှင့် သွားရောက်၍ ဓာတ်ပုံရိုက်ကူးခဲ့သည်။

ပီတာအန်ဒါဝု(ဒ်) ရိုက်ကူးသည့်ဓာတ်ပုံတွင်လည်း မဟာ လှေကားကြီးပေါ်တွင် ထူးခြားသောဝတ်ရုံဖြူ ဝတ်ဆင်ထားသည့်ပုံကို တွေ့ကြရသည်။





နာနာဘာဝ လေ့လာရေးအသင်း ဥက္ကဋ္ဌဖြစ်သူ ပီတာ အန်ဒါ ဝု(ဒ်)မှာ ဝိညာဉ်လောကနှင့် ပတ်သက်ပြီး အတွေ့အကြုံများသူတစ်ဦး ဖြစ်သောကြောင့် ဒေါက်တာမင်းထင်ကျော်အနေနှင့် များစွာအတွေ့ အကြုံ ဗဟုသုတ ရလေသည်။

ထိုနေ့ ညဦးပိုင်းအချိန်ရောက်မှ အစည်းအဝေးကိစ္စ ပြီးသော ကြောင့် မိမိငှားရမ်းထားသောအခန်းသို့ ပြန်လာခဲ့လေသည်။

အခန်းပြန်ရောက်တော့မှ မီးဖွင့်ပြီး အခန်းအခြေအနေကို ကြည့်ရလေသည်။

ကြားထဲမှ တဆင့်ခံပြီး အခန်းငှားပေးသော အမျိုးသမီး ပြော သကဲ့သို့ပင် အသုံးအဆောင် ပရိဘောဂ အပြည့်အစုံ ရှိနေသည်ကို တွေ့ရလေသည်။

သူသည် အခန်းအခြေအနေကို လိုက်လံကြည့်ရှုနေစဉ် စိတ် ထဲ၌ တစ်စုံတစ်ခု ထူးခြားနေသကဲ့သို့ ဖြစ်နေသည်ကိုတော့ သတိပြုမိ လေသည်။

"ဒီအိမ်မှာ ထူးခြားမှုတစ်ခုခုတော့ ရှိနေပုံရတယ်၊ ဘာပဲဖြစ်ဖြစ် ပေါ့လေ. . . တကယ်လို့ ထူးခြားမှု ရှိနေတော့လည်း ပိုကောင်းတာ ပေါ့၊

ငါ့အနေနဲ့ တခြားရှာစရာမလိုတော့ဘဲ အိမ်ထဲမှာတင် လေ့ လာလို့ ရတာပေါ့"

ဟု တွေးလိုက်မိသည်။

သူ့မှာ ပစ္စည်းများ မပါဘဲ ခရီးဆောင်အိတ်တစ်လုံးသာပါ သောကြောင့် ထိုအိတ်ကို အိပ်ခန်းထဲမှာ ထည့်ထားခဲ့ပြီး ရေချိုးခန်း



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်းသို့ သွားလေသည်။ မိမိတစ်ဦးတည်း ဖြစ်နေသောကြောင့် ရေချိုးခန်းတံခါးကို စေ့ရုံသာ စေ့ထားပြီး ရေချိုးနေစဉ် တံခါးချပ်က ကျွိကနဲ ပွင့်သွားလေသည်။

အလိုအလျောက် ပွင့်သည်မျိုး မဟုတ်ဘဲ တစ်စုံတစ်ယောက်က ဆွဲဖွင့်လိုက်သဖြင့် ပွင့်သွားသောပုံသဏ္ဌာန်မျိုး ဖြစ်သောကြောင့် လှည့်ကြည့်လိုက်သည်။

တံခါးက အနည်းငယ် လှုပ်ယမ်းနေသော်လည်း မည်သူမှ တော့ မတွေ့ရပေ။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့. . .

"အင်း. . . ရောက်တာတောင် မကြာသေးဘူး၊ အစွမ်းအစ ပြနေပြီနဲ့ တူတယ်"

ဟု တွေးပြီး ပြုံးလိုက်မိသည်။

ရေချိုးပြီး မှန်ရှေ့ရောက်တော့မှ အခန်းပေါက်ဝမှ ရပ်ကြည့်နေသော **အမျိုးသမီး**တစ်ယောက်၏ပုံသဏ္ဌာန်ကို မှန်ထဲမှာ တွေ့ရလေသည်။

ထိုအမျိုးသမီးက ဒေါသဖြစ်နေသောမျက်လုံးဖြင့် မကျေမနပ်နှင့် ကြည့်နေခြင်းဖြစ်သည်။

လှည့်ကြည့်လိုက်တော့ ဘာမှ မတွေ့ရပေ။

ဒေါက်တာမင်းထင်ကျော်မှာ နာနာဘာဝ လေ့လာရေး အသင်း အဖွဲ့ဝင်တစ်ဦးဖြစ်သလို ဝိညာဉ်လောကနှင့် ပတ်သက်၍လည်း အတွေ့အကြုံများသူဖြစ်ရာ ထွေထွေထူးထူးတော့ ကြောက်ရွံ့ထိတ်လန့်မှုမျိုး မဖြစ်မိပေ။ သို့စေကာမူ သူငှားထားသောအခန်းထဲမှာတော့ သူ့





ပြင် တစ်ခြားတစ်စုံတစ်ယောက် ရှိနေသေးသည်ကိုတော့ စိတ်ထဲမှ နေသည်။

ရေချိုးခန်းမှ ပြန်ထွက်လာပြီး အိပ်ခန်းပြန်ရောက်တော့ စော ာက ကုတင်ဘေးမှာ ချထားခဲ့သည့် ခရီးဆောင်သေတ္တာကို မတွေ့ရ တော့ပေ။

"စောစောက ဒီနေရာမှာ ချထားခဲ့တာ ဘယ်ရောက်သွားပါ မှ"

ဟု တွေးပြီး အခန်းထဲ လိုက်ကြည့်ရာ မတွေ့တော့မှ အခန်း ပြင်ထွက်ကြည့်လေသည်။

ထိုအခါမှ အခန်းပေါက်ဝတွင် ရောက်နေသော သေတ္တာကို းလုံးလဲနေသည့် အနေအထားနှင့် တွေ့ရလေသည်။ **တစ်စုံတစ်** ယာက်က ဒေါသတကြီးနှင့် ဆွဲယူလာပြီး ထိုနေရာ၌ **လာရောက်** ားခဲ့ပုံရသည်။

ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ မိမိသေတ္တာကို အခန်း ဲသို့ ပြန်ဆွဲယူလာလေသည်။

"ဒီအခန်းမှာ ငါတစ်ယောက်တည်း နေရမယ်လို့ ထင်နေတာ၊ ခုလို အဖော်တစ်ယောက် ရှိနေတော့ ပိုကောင်းတာပေါ့ကွာ"

ဟု ခပ်တိုးတိုး ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း[၅]

# ရုပ်ခန္ဓာမဲ့နေသောစိညာဉ်

ထိုနေ့ညကတော့ နောက်ထပ်အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ရဘဲ ကောင်းမွန်စွာ အိပ်စက်ရလေသည်။

နောက်တစ်နေ့ နေအတော်မြင့်မှ အိပ်ပျော်ရာမှ ပြန်နိုးလာလေသည်။

သူသည် အိပ်နေရာမှ မထသေးဘဲ ညက အဖြစ်အပျက်များတို့ ပြန်လည်စဉ်းစားနေသည်။

"ဒီလောက်ကောင်းတဲ့အခန်းတစ်ခန်းကို အလွယ်ထားနဲ့ ငှား



www.burmeseclassic.com

www.burmeseclassic.com



လို့ရခဲ့တာ ဒါကြောင့်များလား မသိဘူး”

ဟု တွေးရင်း အိပ်ယာမှ ထပြီး မီးဖိုခန်းဘက်သို့ ဝင်လာ... သည်။

ထိုအခန်းမှာလည်း အသုံးအဆောင်ပစ္စည်းများသာမက ရေ... သေတ္တာထဲတွင် အစားအသောက်များလည်း ရှိနေသည်။ သို့ကြော... ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ပေါင်မုန့်နှင့်ကြက်ဥကို ကြော်... ကော်ဖီတစ်ခွက်ဖျော်ပြီး ဧည့်ခန်းသို့ ယူလာလေသည်။

ထိုအချိန်မှာပင် ရေချိုးခန်းဘက်မှ ရေကျနေသံ ကြားရ... သည်။

ညက ရေချိုးပြီး အမှတ်တမဲ့နှင့် ရေဘုံဘိုင်ခေါင်း မပိတ်... သလောဟု ဇဝေဇဝါဖြစ်မိသောကြောင့် ရေချိုးခန်းဘက်သို့ လျှော... လာလေသည်။

ထိုနေရာနှင့် နီးတော့ ရေကျသံကို ပိုကြားရသည်။

သာမန်ရေကျသောအသံမျိုး မဟုတ်ဘဲ အခန်းထဲမှာ တစ်... **တစ်ယောက် ရေချိုး**နေသောအသံမျိုးဖြစ်သဖြင့် တံခါးကို ဆွဲဖွင့်လိုက်... **သည်။**

“ဟင်. . .”

ရေပန်းများအောက်မှာ ရေချိုးနေသော အမျိုးသမီးတစ်... ယောက်၏ပုံရိပ်ကို တွေ့ရလေသည်။

မြင်ပမှာ မြင်နေရသလို ထင်ထင်ရှားရှား တွေ့ရခြင်းမျိုးမဟုတ်... ဘဲ ဝိုးတဝါး ပါးပါးကလေးမျှသာ မြင်နေရခြင်းဖြစ်လေသည်။

ဒေါက်တာမင်းထင်ကျော်က အခန်းတံခါးကို အသာပြန်...





...ားခဲ့ပြီး ဧည့်ခန်းသို့ ပြန်လာကာ ပေါင်မုန့်ကြက်ဥကြော်နှင့် ကော်ဖီကို ...ားသောက်လေသည်။

ခဏကြာတော့ ရေချိုးခန်းဘက်မှ ရေကျသံ ရပ်သွားပြီး အခြား ...ခန်းဘက်မှ အသံအချို့ ကြားရပြန်သည်။

“ဒီအိမ်မှာ ဝိညာဉ်တစ်ကောင် ရှိနေတာတော့ သေချာပြီ၊ ငါ့ ...အတွေ့အကြုံအရဆိုရင်တော့ **ဒီအမျိုးသမီးရဲ့ဝိညာဉ်ဟာ အတော်ဟ** ...လေး အဆင့်မြင့်နေတဲ့ပုံပဲ၊

ဝိညာဉ်တစ်ကောင်ဟာ သာမန်စွမ်းအား ရှိရုံနဲ့ **ပစ္စည်းတွေကို** ...လျားအောင် ထိကိုင်လို့မရနိုင်ဘူး၊ သူက ရေဘုံဘိုင်ခေါင်းကို ...နိုင်ဖွင့်နိုင်ရုံ မကဘူး၊ ခရီးဆောင်အိတ်ကိုပါ အပြင်ရောက်အောင် ...ထုတ်နိုင်တာဆိုတော့ နည်းတဲ့ပါဝါတော့ ဟုတ်ဟန်မတူဘူး၊ ဘာပဲ ...ဖြစ်ဖြစ်လေ. . . ငါ့အတွက် လေ့လာဖို့ အဖော်ကောင်းတစ်ယောက် ...တော့ ရတယ်လို့ ဆိုရမှာပဲ၊ ကံကောင်းရင်တော့ ငါတို့အသင်းအတွက် ...ထူးခြားတဲ့မှတ်တမ်းကောင်းတစ်ခုလည်း ရနိုင်တာပေါ့”

ဟု တွေးနေလေသည်။

အတန်ကြာတော့ အခန်းထဲမှာ ကြားနေရသောအသံများ ငြိမ် ...သက်သွားလေသည်။

သို့ကြောင့် နောက်ထပ် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ...ားသောက်ပြီးသည်နှင့် ရေချိုး၊ အဝတ်အစားလဲကာ အပြင်သို့ ထွက် ...လာလေသည်။

သူ့အနေနှင့် လန်ဒန်သို့ ရောက်တိုင်း အရေးတကြီး ဦးစား ...ပေး လုပ်ရသောအလုပ်များထဲမှာ စာအုပ်ရှာဖွေဝယ်ယူရသောအလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်သည်။

ဝိညာဉ်နှင့် သက်ဆိုင်သော သုတေသနပြု ရေးသားထားသော စာအုပ်စာတမ်းများမှာ ဦးစားပေး ရွေးချယ်ဝယ်ယူသောစာအုပ်များဖြစ်ပြီး အခြားကောင်းနိုးရာရာစာအုပ်များ တွေ့လျှင်လည်း ဝယ်ယူထားလေ့ရှိသည်။

မြန်မာနိုင်ငံသို့ ပြန်ရောက်သည့်အခါ ၎င်း၏ရင်းနှီးခင်မင်သော စာရေးဆရာများဖြစ်ကြသည့် ဆရာကြီးဦးလှမိုးနှင့် ဆရာအောင်မင်းအောင်တို့ကို လက်ဆောင်ပေးသောအခါ ၎င်းတို့အတွက် များစွာ အသုံးတည့်ကြလေသည်။

၎င်းတို့ကလည်း ခရီးထွက်ကာနီးတိုင်း မှာကြားကြလေသည်။

"မောင်ထင်ကျော်. . . နိုင်ငံခြားရောက်တဲ့အခါ တခြားလက်ဆောင်ပစ္စည်းဝယ်ဖို့ သတိမရချင် နေပါစေ၊ စာအုပ်ကောင်းကောင်း တွေ့ရင် ဝယ်လာခဲ့ဖို့ မမေ့ပါနဲ့နော်"

ထိုသို့မှာထားသောကြောင့် အခြားအလုပ်တာဝန်များ မရှိဘဲ အားလပ်သောအချိန်တွင် စာအုပ်ရောင်းသောဆိုင်တန်းများ ရှိရာဘက်သို့ သွားရောက်ရှာဖွေလေ့ရှိသည်။

စာအုပ်ရောင်းသောဆိုင်တန်းများမှာ ထရာဖဲလဂါပန်းခြံနှင့် မဝေးသော လမ်းမတန်းဘက်၌ ရှိလေသည်။ ထိုစာအုပ်ရောင်းသော ဆိုင်တန်းများဘက်သို့ မကြာခဏ ရောက်ဖူးလေသည်။

ထိုစာအုပ်တန်းတွင် အဟောင်းရောင်းသောဆိုင်များရော အသစ်ရောင်းသောဆိုင်များပါ ရောနှောနေပြီး အချို့က အခန်းကျဉ်းကလေးများဖြစ်ပြီး အချို့ကတော့ အခန်းကျယ်ကြီးများဖြင့် တခမ်း





တနား ရောင်းချကြသည်။

မြန်မာပြည်မှာ စာအုပ်အဟောင်းအသစ် ရောင်းချသောဆိုင်များနှင့် မကွာခြားလှပေ။

အရေးကြီးသည်က မိမိလိုချင်သောစာအုပ်ကို စိတ်ရှည်လက်ရှည် ရှာနိုင်ဖို့သာ လိုသည်။

နိုင်ငံခြားမှာ စာအုပ်ထုတ်ဝေရေးက လွတ်လပ်မှု ရှိသောကြောင့် အလိုရှိသောစာအုပ်မျိုးစုံ ရနိုင်ပေသည်။

အထူးသဖြင့် ဝိညာဉ်လောကနှင့် ပတ်သက်သောစာအုပ်များ၊ ဂုဏ္ဍိရဆန်သော ဟယ်ရီပေါ့တာကဲ့သို့သောစာအုပ်များကို လွတ်လပ်စွာ ထုတ်ဝေခွင့် ပေးထားသောကြောင့် စာဖတ်သူအတွက် စိတ်ကြိုက် ရွေးချယ်ဝယ်ယူနိုင်ကြလေသည်။

မဒမ်ဘလာဗာစကီ ရေးသားသော မဟာဂန္ထာရီပညာ သမိုင်းကျမ်းကြီး(Issis Unveiled) စာအုပ်မျိုးမှအစ ဂုဏ္ဍိရ ဓမ္မလမ်းညွှန်ကျမ်းကြီး(Secret Doctrine)အထိ ရှာဖွေလျှင် ရရှိတတ်ပေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ မနောသုတေသနအသင်းကြီး၏အဖွဲ့ဝင်လည်းဖြစ်၊ နာနာဘာဝ လေ့လာရေးအသင်း၏အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သောကြောင့် အများအားဖြင့်တော့ သူ ဝယ်ယူသော စာအုပ်များမှာ ဝိညာဉ်များနှင့် ပတ်သက်ပြီး ကိုယ်တွေ့ သုတေသနပြု၍ ရေးသားထားသောစာအုပ်များပင်ဖြစ်ပေသည်။

ယခုလည်း စာအုပ်ဆိုင်များသို့ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်နှင့် လိုက်လံရှာဖွေရာမှ ဝိညာဉ်နှင့် သက်ဆိုင်သောစာအုပ်အချို့ ရရှိခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲတွင် (50, Ghost Stories) 'တစ္ဆေပုံပြင်ငါးဆယ်' အမည်ရှိသောစာအုပ်လည်း ပါလေသည်။

(ထိုစာအုပ်ကို မြန်မာပြည် ပြန်ရောက်၍ 'ဆရာအောင်မင်းအောင်' ကို လက်ဆောင်ပေးလိုက်သောအခါ ၎င်းအနေနှင့် မှီငြမ်းရေး သားသော ဝတ္ထုအတော်များများ ရရှိခဲ့ပေသည်။)

စာအုပ်ရောင်းသောဆိုင်တစ်ဆိုင်မှာ ဝိညာဉ်နှင့် သက်ဆိုင် သော စာအုပ်အမျိုးအစားချည်းသက်သက် ဘလောက်တစ်ခု ပြုလုပ် ပေးထားသဖြင့် စာအုပ်ရှာဖွေရသည်မှာ များစွာအဆင်ပြေလေသည်။

ထိုနေရာတွင် အချိန်အတော်ကြာနေစဉ် သူ့နံဘေးသို့ လူတစ် ယောက် ရောက်လာပြီး ဖော်ဖော်ရွေရွေအမူအယာနှင့် ပြုံးပြသော ကြောင့် ဒေါက်တာမင်းထင်ကျော်က စာအုပ်ရွေးနေခြင်းကို ရပ်ပြီး ပြန်ပြုံးပြလိုက်သည်။

ထိုသူမှာ လူလတ်ပိုင်းအရွယ်သာ ရှိသေးသော်လည်း တည်ငြိမ် သောသွင်ပြင်မျိုးဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ထိုလူမျက်နှာမျိုးကို တစ်နေရာ ရာမှာ တွေ့မြင်ဖူးသည်ဟု ထင်နေသည်။

"ကျွန်တော့်နာမည် ဂျင်းဒစ်ဆင်ပါ၊ ခင်ဗျားကြည့်ရတာဝိညာဉ် တွေနဲ့ ပတ်သက်ပြီး အတော်ကလေး စိတ်ဝင်စားမှု ရှိပုံရတယ်"

ဟု သူက ပြောသည်။

ဂျင်းဒစ်ဆင်မှာ အကြားအမြင်ဟောကြားရာမှာ နာမည်ကျော် ကြားနေပြီဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး နယူးယောက် နေ့စဉ်သတင်း စာကြီးတွင် သူရေးသားသော ဟောပြောသော အနာဂတ်ဟောကိန်း များကို ဖတ်ရှုဖူးလေသည်။





သူသည် သမ္မတများ၊ ဝန်ကြီးချုပ်များအပါအဝင် ကမ္ဘာ့အရပ် ရပ်ရှိ နိုင်ငံခေါင်းဆောင်များနှင့် ပတ်သက်သော အနာဂတ် ဟောကိန်း များကို သတင်းစာတွင် ရေးသားဖော်ပြပေးခဲ့သူဖြစ်သည်။ သူကြိုတင် ဟောပြောသည့်အတိုင်းလည်း မှန်ကန်ခဲ့သူဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်မှာ မမျှော်လင့်ဘဲ ဂျင်းဒစ်ဆင်လို ပုဂ္ဂိုလ်မျိုးနှင့် တွေ့ရသည်ကို များစွာကျေနပ်မိလေသည်။

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော့်နာမည် ဒေါက်တာ မင်းထင်ကျော်လို့ ခေါ်ပါတယ်၊ ခင်ဗျားပြောသလိုပါပဲ၊ ဝိညာဉ်လောက သားတွေအကြောင်း စိတ်ဝင်စားလို့ သက်ဆိုင်တဲ့စာအုပ်တွေ ရှာနေ တာပါ"

"စိတ်တော့ မရှိပါနဲ့ မစ္စတာမင်းထင်ကျော်၊ ခင်ဗျားကြည့်ရတာ အခုလောလောဆယ် ဝိညာဉ်တစ်ကောင်နဲ့ ပတ်သက်နေရပုံ ရတယ်"

"ဟုတ်ပါတယ်"

"ဒီလိုဆိုရင်တော့ အကျိုးအကြောင်း သိရအောင် အရင်လုပ် သင့်တယ်ဗျ"

"ဘယ်လိုလုပ်ရမလဲ"

"သူနဲ့ တွေ့ပြီး မေးကြည့်ရင် သိနိုင်ပါတယ်"

"တွေ့နိုင်ဖို့နည်းလမ်း ရှိရင်လည်း ပြောပြပေးပါဦး မစ္စတာ ဂျင်းဒစ်ဆင်"

"လောလောဆယ်တော့ အေးအေးဆေးဆေး အချိန်မပေးနိုင် သေးလို့ ခွင့်လွှတ်ပေးပါဗျာ၊ ဒါပေမယ့် ခင်ဗျားနဲ့ သင့်တော်မယ့်အ...



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားဖတ်သင့်တဲ့စာအုပ်မျိုးတွေတော့ ရွေးပေးနိုင်ပါတယ်၊ အဲ့ဒီစာအုပ်တွေထဲမှာ ဝိညာဉ်ခေါ်ယူနိုင်တဲ့နည်း[illegible]တွေ၊ ဝိညာဉ်တွေနဲ့တွေ့ဆုံနိုင်အောင် ပြုလုပ်နိုင်တဲ့နည်းတွေ ပါ,ပါတယ်၊ ခင်ဗျားအနေနဲ့စာအုပ်ထဲက နည်းအတိုင်း ကြည့်လုပ်မယ်ဆိုရင် အခက်အခဲ ရှိနိုင်မယ်မထင်ပါဘူး”

ဟု ပြောပြီး စာအုပ်စင်ပေါ်မှ စာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ရွေးထုတ်ကာ ပေးသဖြင့် ယူထားရလေသည်. ၁အုပ်လေးငါးအုပ်လောက် ရတော့မှ ရပ်သွားလေသည်။

“ဪ. . . ဒီလောက်ဆိုရင်တော့ ခင်ဗျားအတွက် လုံလောက်ပါပြီ၊ အချိန်ရရင်တော့ ကျွန်တော့်အခန်း ရှိတဲ့နေရာကို လာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်၊ ဝိညာဉ်နဲ့ ပတ်သက်တဲ့အတွေ့အကြုံတွေ ဖလှယ်ကြတာပေါ့ဗျာ၊ ဒီမှာ ကျွန်တော့်ရဲ့လိပ်စာကတ်ပါ”

ဂျင်းဒစ်ဆင်က ၎င်း၏လိပ်စာကတ်ကို ပေးထားခဲ့ပြီး နှုတ်ဆက်ကာ ပြန်ထွက်သွားလေတော့သည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်လည်း စာအုပ်များ တပွေ့တပိုက်နှင့် အခန်းရှိရာသို့ ပြန်ခဲ့လေသည်။

အခန်းပြန်ရောက်ပြီး စာအုပ်များကို တစ်နေရာတွင်၍ အခြေအနေ လိုက်ကြည့်သောအခါ ခြေရာလက်ရာမပျက် တွေ့ရလေသည်၊

ယခုအချိန်အထိတော့ အိမ်ထဲမှာ သူတစ်ယောက်ထဲမှလွဲပြီး အခြားမည်သူမှ ရှိဟန်မတူပေ။

“ဟိုအမျိုးသမီးဝိညာဉ်တော့ အခုလောလောဆယ် ဘယ်[illegible]ရာ သွားနေသလဲ မသိဘူး၊ ဘယ်အချိန်မှ ပြန်ရောက်လာပြီး နှောင့်ယှက်





ဦးမယ်တော့ မသိဘူး”

သူမျှော်လင့်ထားသလို ညဦးပိုင်းတစ်ချိန်လုံးတော့ မည်သည့်အနှောင့်အယှက်မှ မတွေ့ရဘဲ အေးအေးဆေးဆေးနှင့်ပင် ဝယ်ယူလာသောစာအုပ်များ တစ်အုပ်ချင်း ကြည့်နေလေသည်။ ကော်ဖီသောက်ရင်း စာဖတ်နေရာ လက်နှင့် တိုက်မိသောကြောင့် ကော်ဖီအနည်းငယ်ဖိတ်ကျသွားပြီး အိပ်ရာခင်းကို စွန်းပေသွားလေသည်။

ညဦးပိုင်းအချိန်လွန်သောအခါ အပြင်ဘက်မှ သော့ဖွင့်သံလိုလို ကြားရသည်။

တဆက်တည်း လမ်းလျှောက်သံ၊ ပစ္စည်းများ ရွှေ့သံ၊ လှုပ်ရှားသံများ ကြားနေရပြီး ခဏကြာတော့ အသံပျောက်သွားပြီး ရေချိုးခန်းဘက်မှ ရေကျသံများ ကြားရသည်။

ဒေါက်တာမင်းထင်ကျော်က စားပွဲတင်မီးကို လျှော့လိုက်ပြီး အိပ်ပျော်ဟန်ဆောင်လိုက်သည်။

အတန်ကြာတော့ အိပ်ခန်းတံခါးကို တွန်းဖွင့်ပြီး တရှပ်ရှပ်နှင့်ဝင်လာသောခြေသံ ကြားရသဖြင့် ကြည့်လိုက်တော့ လူတစ်ယောက်ဝင်လာနေသည်ကို ဝိုးတဝါး မြင်ရလေသည်။

ရေချိုးခန်းမှာ အမှတ်မထင် တွေ့လိုက်ရသော အမျိုးသမီးပင်ဖြစ်ကြောင်း ကောင်းစွာမှတ်မိနေသည်။

ဒီတစ်ခါမှာတော့ သူမ၏မျက်နှာနှင့်ပုံပန်းသဏ္ဌာန်ကို သဲသဲကွဲကွဲ မြင်နေရသည်။

အသက်(၂၈)နှစ်အရွယ်ခန့် ရှိသေးပြီး ရင့်ကျက်တည်ငြိမ်သောမျက်နှာထား ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ကုတင်ခြေရင်းမှာ ရပ်ပြီး ဒေါသမျက်လုံးဖြင့် ကြည့်နေလေသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း မလှုပ်ဘဲ သူမ ဘာလုပ်မလဲဟု အခြေအနေကို ကြည့်နေသည်။

သူမသည် ဒေါက်တာမင်းထင်ကျော်ကို ကြည့်ပြီး ဒေါသထွက်နေဟန်ဖြင့် မတည်မငြိမ်ဖြစ်နေလေသည်။

အတန်ကြာတော့ အသံပါ ထွက်လာသည်။

"ရှင် မအိပ်ဘဲနဲ့ ဘာလို့ ငြိမ်နေတာလဲ"

ထိုအသံကြားတော့မှ အိပ်ရာပေါ်မှ လူးလဲထလိုက်လေသည်။ ကုတင်ခြေရင်းမှာ ရပ်နေသောအမျိုးသမီးကို အသေအချာ ကြည့်လိုက်သည်။

သူမသည် မြန်မာဆန်သောရုပ်ရည်မျိုး ရှိပြီး လွတ်လပ်ပေါ့ပါးသော ညဝတ်အင်္ကျီကို ဝတ်ဆင်ထားသည်။

"ရှင် ဘာကြောင့် ကျွန်မအိပ်ခန်းထဲ ဝင်အိပ်နေရတာလဲ၊ ညတုန်းကလည်း ရှင် ဒီမှာရှိနေလို့ အပြင်ခန်းမှာ နေရတယ်၊ ရှင် ဘယ်သူလဲ"

"ကျွန်တော်က ဒီအခန်းကို ငှားထားတဲ့သူပါ၊ ခင်ဗျားကရော ဘယ်သူလဲ"

"ကျွန်မက ဒီအခန်းပိုင်ရှင်လေ၊ ပိုင်ရှင်ရှိနေရက်နဲ့ ဘယ်သူက အခန်းငှားတာလဲ"

ဒေါက်တာမင်းထင်ကျော်က အခန်းငှားခဲ့သော ရာဇဝင်ကို ပြောပြလိုက်ရာ ထိုအမျိုးသမီးမှာ အတော်ကလေး စိတ်ရှုပ်သွားဟန်





ရှိလေသည်။

"ခက်တာပဲ. . . အမျိုးသမီး တစ်ယောက်တည်း နေတဲ့အိမ်မှာ အမျိုးသားတစ်ယောက်ကို အိမ်ငှားတင်ထားတော့ ဘယ်လိုလုပ် နေရမလဲ"

"စိတ်မပူပါနဲ့ဗျာ. . . အိမ်ငှားတဲ့အမျိုးသမီးက ကျွန်တော့်ကို တစ်လပဲ ငှားထားတာဆိုတော့ တစ်လပြည့်ရင် အခန်းပြန်အပ်ပေးပါ့မယ်"

"ဒါပေမယ့် ရှင့်ကိုတော့ ဒီအခန်းထဲမှာ မနေစေနိုင်ဘူး ရှင်တအနေအထိုင် အတော်ညစ်ပတ်တဲ့လူပဲ"

"ဗျာ. . . ဘယ်လိုကြောင့်လဲ"

"ဒီအခန်းမှာ ဝင်အိပ်တာမှ နှစ်ညမပြည့်သေးဘူး၊ အသစ်ဝယ်ထားတဲ့အိပ်ရာပေါ်မှာ ကော်ဖီတွေ စွန်းနေပြီ၊ ဒီအိပ်ရာက ဝယ်ပြီး အသစ်လဲထားတာ လပိုင်းလောက်ပဲ ရှိသေးတယ်၊ ရှင်မယုံရင် အိပ်ရာနံဘေးက စာရေးစားပွဲရဲ့အံဆွဲထဲမှာ ဖြတ်ပိုင်းတွေ ရှိတယ်. . . ကြည့်လိုက်"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က အိပ်ရာနံဘေးမှာ ရှိသောအံဆွဲကို ဆွဲဖွင့်လိုက်သည်။

အတွင်းမှာ ပစ္စည်းဝယ်သော ဘောက်ချာဖြတ်ပိုင်းများကို တွေ့ရလေသည်။

သူမပြောသည့်အတိုင်း အိပ်ရာအသစ် ဝယ်ယူသော ဘောက်ချာပင်ဖြစ်သည်။

ရက်စွဲကို ကြည့်လိုက်တော့ လွန်ခဲ့သောနှစ်လကျော်ကျော်

www.burmeseclassic.com



အချိန်ကမှ ဝယ်ယူထားခဲ့ခြင်းဖြစ်ကြောင်း တွေ့ရလေသည်။

အံဆွဲကို ပြန်ပိတ်ပြီး အမျိုးသမီးကို စိတ်မကောင်းစွာ ကြည့်လိုက်လေသည်။

"ခင်ဗျားနာမည်က ဘယ်သူလဲဟင်"

ထိုသို့မေးလိုက်သောအခါ အမျိုးသမီးက ဇဝေဇဝါ ဖြစ်သွားဟန်ရှိသည်။

"ကျွန်မနာမည် . . ဟုတ်လား"

"ဟုတ်တယ် . . . ခင်ဗျားဘယ်သူလဲဟင်၊ နာမည်က ဘယ်လိုခေါ်သလဲ"

သူမသည် နာမည်ကိုပင် မှတ်မိတော့ဟန် မရှိပေ။

ဒေါက်တာမင်းထင်ကျော်က သဘောပေါက်သွားပြီဖြစ်သောကြောင့် ကုတင်ပေါ်မှ ဆင်းပြီး စားပွဲနားမှာ ချထားသောကုလားထိုင်မှာ ဝင်ထိုင်သောအခါ ထိုအမျိုးသမီးကပါ လိုက်လာပြီး ရှေ့မှ ကုလားထိုင်မှာ ဝင်ထိုင်လေသည်။

"ဒီလိုမေးရတာ စိတ်မကောင်းပါဘူး၊ ခင်ဗျား ဘယ်တုန်းက သေသွားတာလဲ၊ ဘယ်လိုဖြစ်ပြီး သေသွားတာလဲဟင်"

ထိုသို့မေးသောအခါ မျက်လုံးအပြူးသားနှင့် ကြည့်နေသည်။

"ကျွန်မက ဘယ်မှာသေလို့လဲ၊ ရှင်ဘာတွေပြောနေတာလဲ"

"တကယ်တော့ ခင်ဗျားအခုရောက်နေတဲ့အခြေအနေက ရုပ်မရှိတော့တဲ့ ဝိညာဉ်ခန္ဓာဘဝ ရောက်နေပြီလေ၊ ကျွန်တော် ခင်ဗျားအတွက် စိတ်မကောင်းပါဘူး"

ထိုအခါ အမျိုးသမီးက သူ့ကိုယ်သူ ငုံ့ကြည့်ပြီး အံ့ဩနေသည်။





ဒေါက်တာမင်းထင်ကျော် ပြောသည်ကိုလည်း အနည်းငယ် သဘောပေါက်သွားဟန်ရှိလေသည်။

"ခင်ဗျားဘယ်တုန်းက သေသွားခဲ့တာလဲဟင်"

"အို . . ကျွန်မ မသေသေးပါဘူး"

"ဒါဖြင့် ခင်ဗျားရဲ့ရုပ်ခန္ဓာက ဘယ်မှာလဲဟင်"

"အဲ့ဒါတော့ ကျွန်မ မသိဘူး၊ ဒါပေမယ့် တစ်နေရာမှာတော့ ရှိနေမယ်ထင်တာပဲ"

ထိုစကားကိုတော့ သူကလည်း စိတ်ဝင်စားသွားလေသည်။

"ခင်ဗျားတကယ်မသေသေးဘူး၊ ရုပ်ခန္ဓာလည်း မပျက်စီးသေးဘူးဆိုရင်တော့ ခင်ဗျားအသက်ပြန်ရှင်ဖို့ ကျွန်တော် အကူအညီပေးနိုင်ပါတယ်"

ထိုသို့ပြောသောအခါ အမျိုးသမီးက တအံ့တဩဖြင့် ကြည့်နေလေသည်။

"ဒါပေမယ့် အရေးကြီးတာက ခင်ဗျားဘယ်သူလဲ၊ ဘာတွေဖြစ်ခဲ့သလဲ၊ ခင်ဗျားရဲ့ရုပ်ခန္ဓာက ဘယ်နေရာမှာလဲဆိုတာတော့ သိအောင် အရင်ကြိုးစားရမယ်"

ဟု ပြောသောအခါ စိတ်ဝင်စားစွာဖြင့် နားထောင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [၅]

# ကိုယ်ပွားစီညာဉ်ဆရာဝန်

ညက အတော်ညဉ့်နက်တော့မှ အိပ်ပျော်သွားသည်။

အခန်းပိုင်ရှင်အမျိုးသမီးနှင့် ထိုင်စကားပြောနေရသောကြောင့် အတော်ညဉ့်နက်တော့မှ အိပ်ရာဝင်ခဲ့လေသည်။ သို့သော် အတွင်း အိပ်ခန်းမှာတော့ မအိပ်တော့၊ အပြင်ခန်းမှာ ထွက်အိပ်လေသည်။

သူနိုးလာတော့ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ဒေါက်တာမင်းထင်ကျော်က လှဲနေရာမှ မထသေးဘဲ သူမနှင့် ပတ်သက်သည့်အကြောင်းများကို စဉ်းစားနေသည်။ သူမအနေနှင့် သော်ငြား



www.burmeseclassic.com

www.burmeseclassic.com



မသေခြင်းကို သိနိုင်သေးပုံထောက်လျှင် သေတာ မကြာသေး၍သော်လည်းကောင်း၊ ဒါမှမဟုတ် ရုပ်ခန္ဓာက ရှိနေသေးပြီး ဝိညာဉ်က အခြားနေရာသို့ ရောက်နေသည်သော်လည်းကောင်းဖြစ်ရမည်ဟု တွေးတောမိသည်။

သူ့အတွေ့အကြုံအရဆိုလျှင်တော့ ထိုမျှ အသိဉာဏ် ရှိနေသေးသည်ဆိုလျှင်တော့ ခန္ဓာကိုယ် ရှိနေသေးပြီး အကြောင်းတစ်ခုခုကြောင့် ဝိညာဉ်က ပြင်ပလောကသို့ ရောက်နေရသည်ဟုတော့ ခန့်မှန်းမိလေသည်။

ဒေါက်တာမင်းထင်ကျော်က အိပ်ရာမှ ထပြီး ကိုယ်လက် သန့်စင်ချိန်အထိတော့ သူမကို မတွေ့ရပေ။

မီးဖိုခန်းဝင်ပြီး နံနက်စာ စားရန်ပြင်တော့ သူမကို သတိရမိသေးသည်။

သို့ကြောင့် ကြက်ဥပေါင်မုန့်ကြော်တစ်ပွဲနှင့် ကော်ဖီတစ်ခွက်ပါ သူမအတွက် စီစဉ်ပေးပြီး စားပွဲပေါ် တင်ထားလိုက်လေသည်။

"ခင်ဗျား ဒီအိမ်ထဲမှာ ရှိနေသေးလား၊ ရှိနေသေးရင် ဒီမှာ ကော်ဖီနဲ့ကြက်ဥကြော် လာစားလှည့်ပါလား"

ဟု ပြောပြီး စောင့်နေသော်လည်း တော်တော်နှင့် အခြေအနေမထူးဘဲ ငြိမ်သက်နေလေသည်။

သို့ကြောင့် မိမိအတွက် ပြုလုပ်ထားသော အစားအသောက်တို့ကို စားသောက်နေစဉ်မှာပင် အပြင်ဘက်မှ ဝင်လာသော သူမကို တွေ့ရလေသည်။

"ဒီမှာ ခင်ဗျားအတွက် အစားအသောက်တွေ စီစဉ်ပေးထား





တယ်. . . ဘယ်သွားနေတာလဲ"

"ရှင် မနိုးသေးလို့ အပြင်ဘက် ထွက်ထိုင်နေတာ"

ဟု ပြောပြီး ဒေါက်တာမင်းထင်ကျော် ပြုလုပ်ပေးထားသော အစားအသောက်များကို စားသောက်နေလေသည်။

အားရပါးရ စားသောက်နေသော သူမကို ကြည့်ပြီး ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"ခင်ဗျားကြည့်ရတာ အစားအသောက်မစားတာ အတော်ကြာပြီထင်တယ်"

"ဟုတ်မယ်ထင်တယ်. . . ဆာနေသလိုပဲ"

"ဒီလိုဆိုရင် မနက်စာအတွက် ဒီမှာပဲ ချက်စားရင် မကောင်းဘူးလား၊ ညနေကျတော့ ဆိုင်မှာ သွားစားမယ်လေ"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်. . . ခင်ဗျားကို ဘယ်သူကမှ မြင်နိုင်တာမှ မဟုတ်တာပဲ"

"အခုလို အပြင်ထွက်မစားရတာ အတော်ကြာပြီထင်တယ်၊ တကယ်လို့ အပြင်သွားဖြစ်မယ်ဆိုရင်တော့ ရှင့်ကို ကျေးဇူးတင်ရမှာပဲ"

"ကျေးဇူးတင်စရာ မလိုပါဘူးဗျာ၊ ကျွန်တော် ဒီမှာရှိနေတဲ့ အခိုက်မှာ ခင်ဗျားအတွက် အဖြေတစ်ခု ပေါ်အောင်တော့ အတူအညီ ပေးသွားပါ့မယ်"

"ဒီကပြီးရင် ဘယ်ကိုသွားမှာလဲဟင်"

"ကျွန်တော်က အာရှတိုက်မှာ ရှိတဲ့ မြန်မာပြည်က လာတာ နာမည်က ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ရှင်က ဒေါက်တာဟုတ်လား၊ ရှင်က ဆရာဝန်တစ်ယောက်လားဟင်"

"မဟုတ်ပါဘူး. . . ဘာဖြစ်လို့လဲဟင်"

"ကျွန်. . ကျွန်မ. . ဒေါက်တာဆိုတဲ့စကားလုံးကို သိနေသလိုပဲ၊ ရင်းနှီးနေသလိုပဲ"

"ခင်ဗျားက ဆရာဝန်တစ်ယောက်လားဟင်"

"အဲဒါတော့ မမှတ်မိတော့ဘူး"

ဒေါက်တာမင်းထင်ကျော်က ဆက်မမေးတော့ပေ။

"ဘာပဲဖြစ်ဖြစ်လေ. . . ကျွန်တော့်နာမည်ကို ပြောပြပေးပြီးပြီဆိုတော့ ခင်ဗျားနာမည်လည်း သိဖို့ လိုသေးတယ်"

"ကျွန်မမှ မမှတ်မိတော့တာ"

"မူလနာမည် မမှတ်မိရင်လည်း အခြားနာမည်တစ်ခုခုတော့ ရှိသင့်တာပေါ့"

"ဒီလိုဆိုရင်လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ပါဘူး၊ မေရီလို့ပဲ ခေါ်ပေါ့ရှင်"

"ကောင်းပါပြီ. . . ဒီကနေ့ ရုံးပိတ်ရက်ဆိုတော့ ကျွန်တော်လည်း အပြင်သွားစရာ မရှိဘူး၊ ဒီတော့ နေ့လယ်စာကို အိမ်မှာပဲ စီစဉ်ပြီး စားရရင် မကောင်းဘူးလား"

"ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမယ့် ကျွန်မထင်တာတော့ ကျွန်မက အချက်အပြုတ်ပညာ တတ်ပုံမရဘူး"

"ကိစ္စမရှိပါဘူးလေ. . . ကျွန်တော်ပဲ ချက်ကျွေးပါ့မယ်၊ မသိတော့လည်း စာအုပ်ကြည့်ပြီး လုပ်မှာပေါ့၊ ဒါပေမယ့် ပစ္စည်းတွေ ဘယ်





မှာ ရှိတာကိုတော့ မသိသေးဘူး၊ ခင်ဗျားပြပေးမှဖြစ်မယ်"

ဟု ပြောရာ သူမကလည်း သဘောတူလေသည်။

တကယ်တော့ ထိုကဲ့သို့ စီစဉ်ခြင်းမှာ သူမနှင့် ပတ်သက်သော အကြောင်းအရာအချို့ကို သိနိုင်သမျှ သိလာရန်အတွက် တမင်စီစဉ်ခြင်းပင်ဖြစ်သည်။

ထိုနေရာမှာ ရှိသောပစ္စည်းများအားလုံးကို ဘယ်နေရာမှာ ရှိသည်၊ ဘယ်နေရာမှာ ဘာရှိနေသည်ကို ပြောပြနိုင်ခြင်းကို ကြည့်ရုံဖြင့် ယခုနေသောအခန်းမှာ သူမ နေသောအခန်း အမှန်ပင်ဖြစ်ကြောင်းနှင့် ထိုနေရာမှ ကင်းကွာသွားသည်မှာ မကြာသေးကြောင်း သိရလေသည်။

နေ့လယ်ဘက် ရောက်သောအခါ သူမက မြန်မာနိုင်ငံအကြောင်း ပြောပြနိုင်းသည်ကြောင့် ပြည့်စုံစွာ ပြောပြတော့လည်း အေးအေးဆေးဆေးပင် နားထောင်နေသည်။

မေရီဟု ယာယီအမည်ပေးထားသောအမျိုးသမီးမှာ မိန်းမချောတစ်ဦးဖြစ်သလို အနောက်တိုင်းသူဖြစ်သော်လည်း အရှေ့တိုင်းဆန်သော အလှပိုင်ရှင်မျိုးဖြစ်သည်။

မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ ပါးစပ်၊ ကိုယ်လုံးကိုယ်ထည် စသည်တို့မှာ မိန်းမချောစာရင်းဝင်တစ်ဦးဖြစ်သော်လည်း မာနကြီးပြီး စိတ်မာပုံလည်း ရသည်။

ထို့ပြင် သာမန်မိန်းကလေးမျိုး မဟုတ်ဘဲ ပညာတတ် အသိုင်းအဝန်းထဲကပင်ဖြစ်ရမည်ဟုလည်း ခန့်မှန်း၍ရလေသည်။

"ရှင့်ကို ကျွန်မအခန်းထဲမှာ တွေ့လိုက်စက အတော်ကို ဒေါသဖြစ်မိတယ်၊ အခုတော့လည်း ရှင် ရှိနေတာ ကျွန်မအတွက် စကားပြော



www.burmeseclassic.com

www.burmeseclassic.com



မဖော် ရနေသလိုပဲ၊ ဒါထက် ညနေအပြင်သွားမယ်ဆိုတော့ ကျွန်မပါ လိုက်ခဲ့ရမှာလား"

"လိုက်ခဲ့ရမှာပေါ့. . . ဒါပေမယ့် ကျွန်တော်က အသင်းကိစ္စနဲ့ ပတ်သက်ပြီး တွေ့ရမယ့်လူတွေ ရှိသေးတယ်၊ သူတို့နဲ့ တွေ့ပြီးမှပဲ စားသောက်ဆိုင် သွားကြတာပေါ့"

"ကျွန်မပါ အဲဒီနေရာကို လိုက်ခဲ့ရမှာလား"

"လိုက်ခဲ့ရင်တော့ ပိုကောင်းတာပေါ့၊ ကိစ္စပြီးတာနဲ့ စားသောက်ဆိုင်တွေဘက် တစ်ခါတည်း သွားလို့ရတာပေါ့. . . မကောင်းဘူးလား"

"ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမယ့် သူတို့က ရှင်နဲ့ ကျွန်မ အတူလာတာ မြင်ရင် တစ်မျိုးထင်ကြမှာပေါ့"

"မစိုးရိမ်ပါနဲ့လေ. . . ခင်ဗျားရှိနေတာကို ဘယ်သူမှ မမြင်နိုင်ကြပါဘူး"

"အဲ. . အဲဒါက ဘာဖြစ်လို့လဲဟင်"

"ခင်ဗျားက လိပ်ပြာခန္ဓာဘဝနဲ့ပဲ ရှိနေပြီး ရုပ်ခန္ဓာမှ မရှိတော့ ဘယ်သူမှ မမြင်နိုင်ကြဘူးပေါ့"

ထိုသို့ပြောသောအခါ မယုံကြည်နိုင်သော အမူအယာဖြင့် ဒေါက်တာမင်းထင်ကျော်ကိုတစ်လှည့်၊ သူမခန္ဓာကိုယ်ကိုတစ်လှည့် ကြည့်နေလေသည်။

"ကျွန်တော်ပြောတာကို မယုံကြည်သေးဘူးဆိုရင် ကျွန်တော် ရှိတဲ့နေရာကို တိုးလာခဲ့ပါ"

မျက်လုံးပြူးသွားလေသည်။



"ဘာမှမစိုးရိမ်ပါနဲ့. . . ခင်ဗျားတိုးလာလည်း ကျွန်တော်က ခင်ဗျားကို ထိကိုင်လို့မရနိုင်ပါဘူး"

ထိုသို့ပြောတော့မှ မရဲတရဲနှင့် ရှေ့တိုးလာလေသည်။

"လာသာ လာပါ. . . ရဲရဲသာ ရှေ့တိုးလာခဲ့ပါ"

ပထမတော့ ဖြည်းဖြည်းချင်း တိုးလာပြီး အနီးရောက်လာသောအခါ တန့်သွားသည်။

"ခင်ဗျားမယုံသေးရင် ကျွန်တော့်ရဲ့ကိုယ်ခန္ဓာကို လက်နဲ့ အရင် ထိကြည့်ပါလား"

ဟု ပြောသောအခါ ယက်ဖြင့် စမ်းကြည့်လေသည်။

သူမလက်က ဒေါက်တာမင်းထင်ကျော်၏ခန္ဓာကိုယ်ကိုဖောက်ပြီး အနောက်ဖက်သို့ ကျော်ထွက်သွားလေသည်။

မယုံကြည်သောအမူအယာနှင့် ရှေ့သို့ တဖြည်းဖြည်း တိုးလာရင်းမှပင် သူမကိုယ်ခန္ဓာပါ အနောက်သို့ ဖောက်ထွက်သွားလေတော့သည်။

"ကျွန်တော်ပြောတာကို ခင်ဗျားလက်ခံပြီမဟုတ်လား၊ တကယ်လို့ ခင်ဗျား ကျွန်တော့်နောက်ကို လိုက်ခဲ့မယ်ဆိုရင်လည်း ဘယ်သူမှ မမြင်နိုင်ပါဘူး"

ဟု ပြောတော့မှ ဝမ်းနည်းကြေကွဲနေသော မျက်နှာအမူအယာဖြင့် လက်ခံသွားလေတော့သည်။

တကယ်တော့ ဒေါက်တာမင်းထင်ကျော်အနေဖြင့် သူမတို့အသင်းသို့ ခေါ်ဆောင်သွားသော အဓိကရည်ရွယ်ချက်မှာ အသင်းသင်များ လက်တွေ့လေ့လာနိုင်စေရန်နှင့် ၎င်းတို့ထံမှ အကြံဉာဏ်များ

www.burmeseclassic.com

www.burmeseclassic.com



ရယူချင်သောကြောင့်ပင်ဖြစ်၏။

အသင်းတိုက်သို့ ရောက်ပြီး အစည်းအဝေးခန်းမအတွင်း ဝင်သောအခါ သူမပါ လိုက်လာလေသည်။

ထိုအခြေအနေနှင့် ပတ်သက်ပြီး ဝီလီယန်ကို အတန်အသင့် ပြောပြထားပြီးဖြစ်သောကြောင့် သူက ရိပ်မိနေသည်။

"ကိုမင်းထင်ကျော်. . . ခင်ဗျားနောက်မှာ ခင်ဗျားရဲ့အခန်းဖော် ပါလာသလား"

ခေါင်းညိတ်ပြလိုက်သည်။

"သူ ပါလာတယ်"

"သူ့နာမည်က ဘယ်သူတဲ့လဲဗျ"

"လောလောဆယ်တော့ မေရီလို့ပဲ မှတ်ထားပါ"

ဟု မိတ်ဆက်ပေးလိုက်လေသည်။

**အခန်းတွင်းရောက်သောအခါ** ဒေါက်တာမင်းထင်ကျော်က **သူ့နံဘေးမှ** ခုံတစ်ခုကိုပါ မေရီအတွက် နေရာယူပေးထားရသည်။

**ရုတ်တရက်** ကြည့်ပါက သူ့နံဘေးမှာ ခုံတစ်လုံး လွတ်နေသည်ကို **တွေ့သဖြင့် အဖွဲ့ဝင် အမျိုးသမီး**တစ်ယောက်က ထိုခုံနေရာသို့ လာထိုင်လေသည်။

"ဆောရီးဗျာ. . . ဒီနေရာမှာ လူရှိပါတယ်"

ဟု ပြောလိုက်မှ ဇဝေဇဝါဖြင့် ထသွားပြီး မနီးမဝေးမှာ ရွှေ့ထိုင်လေသည်။

ဝီလီယန်က အတန်အသင့် ပြောပြထားသောကြောင့် အသင်း၏ဥက္ကဋ္ဌဖြစ်သူ ပီတာအန်ဒါဝုဒ်ကလည်း သိတန်သလောက် သိထားပြီး





ဖြစ်သည်။

သို့ကြောင့် ထိုနေ့မဆွေးနွေးပွဲ စသောအခါ ထိုအကြောင်းကိုပင် းတည်ဆွေးနွေးလေသည်။

၎င်းတို့ဆွေးနွေးသော အကြောင်းအရာများထဲတွင် ရုပ်ခန္ဓာပျက်စီးသေးသမျှ ဝိညာဉ်က အခြားနေရာ ရောက်နေသော်လည်း အသက်သေဆုံးသည်ဟု မယူဆနိုင်ကြောင်း၊

ဦးနှောက် အလုပ်,လုပ်ပေးနေနိုင်သေးသမျှ ကာလ တစ်လျှောက်လုံး အခါအခွင့်သင့်ပါက အသက်ပြန်ရှင်ခွင့် ရနိုင်သေးကြောင်း၊ အကယ်၍ ရုပ်ခန္ဓာ ပျက်စီးသွား၍သော်လည်းကောင်း၊ နှောက်က လုံးဝအလုပ်မလုပ်တော့သည့်အခါမှာသော်လည်းကောင်း၊

လိပ်ပြာဝိညာဉ်နှင့် ရုပ်ခန္ဓာကို ဆက်သွယ်ပေးထားသော ညာဉ်ကြိုး ပြတ်တောက်သွားသောအခါမှသာ **ထာဝရ သေဆုံးခြင်း**အဖြစ် သတ်မှတ်၍ ရနိုင်ကြောင်း၊

ထိုဝိညာဉ်မျိုးမှာ လူ၏ရုပ်ခန္ဓာ မပါသောကြောင့် ထိတွေ့ကိုင်တွယ်၍ မရသော်လည်း လူကဲ့သို့ပင် ပြောဆိုနိုင်ပြီး အသိဉာဏ်လည်း ရှိနေသေးကြောင်း၊

အကယ်၍ သာမန်လူသားတစ်ယောက်နှင့် ထိတွေ့ခွင့်ရနိုင်ရန် ကြိုးစားလျှင် ပြင်းထန်သောခံစားမှု၊ ဒါမှမဟုတ် ဦးနှောက်လှုပ်ရှားမှုတစ်ခု ပေါ်ပေါက်လာရန် လိုအပ်ကြောင်းနှင့် ဥပမာ ထိုအကြောင်းများမှာ စိုးရိမ်သောကစိတ်နှင့် စိတ်ခံစားမှုမှ ဖြစ်ပေါ်လာသော အချစ်စိတ်၊ မေတ္တာစိတ်များပင်ဖြစ်ကြောင်း ပြောဆိုဆွေးနွေးကြလေသည်။

ထိုသို့ ပြောဆိုဆွေးနွေးနေသည်ကို နံဘေးနားမှာ ရှိနေသော



www.burmeseclassic.com

www.burmeseclassic.com



မေရီကပါ ကြားနေရသည်။

သူမ မရှင်းလင်းသောအချက်များကို ဒေါက်တာမင်းထင်ကျော်အား မေးသောအခါ ခေါင်းငဲ့ပြီး ခပ်တိုးတိုး ပြောပြပေးရသည်။

ထိုင်ခုံအလွတ်ဘက်သို့ ခေါင်းစောင်းပြီး စကားပြောနေသော ဒေါက်တာမင်းထင်ကျော်ကို အခြားအဖွဲ့သားများက အထူးအဆန်း ဖြစ်နေကြကာ မကြာခဏ လှည့်ကြည့်ကြသည်။

ဆွေးနွေးပွဲ ပြီးသောအခါ ဝီလီယန်က အနားရောက်လာပြီး အဖော်ညှိသည်။

"ကိုမင်းထင်ကျော်. . . မနက်ဖြန်လည်း နားရက်ဆိုတော့ ဒီကနေ့ည စိတ်အပန်းဖြေတဲ့အနေနဲ့ နည်းနည်းလောက် သောက်ကြမယ် အောင်၊ ကျွန်တော် ဒကာခံရပါစေ"

"ကောင်းပြီလေ. . . သွားကြတာပေါ့"

"လာဗျာ. . . ကျွန်တော့်မှာ ကားပါပါတယ်၊ ကျွန်တော့်ကားနဲ့ သွားကြတာပေါ့၊ ခင်ဗျားအဖော်ပါ တစ်ခါတည်း ခေါ်လာခဲ့ပေါ့"

ဟု ပြောပြီး ဝီလီယန်က သူ့ကားရှိရာသို့ အရင်ရှောင်သွားလေသည်။

"ခင်ဗျားလိုက်ခဲ့မလား"

"လိုက်ခဲ့ချင်ပေမယ့် ကျွန်မ ကားမစီးဝံ့ဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ"

"သေသေချာချာတော့ မသိဘူး၊ ကားမြင်ရုံနဲ့ ကြောက်နေတာ တော့ အမှန်ပဲ၊ ကားနဲ့ တစ်ခုခုဖြစ်ခဲ့သလိုပဲ"

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့၊ ကျွန်တော်လည်း ပါနေတာပဲ၊





ဖြည်းဖြည်းပဲ မောင်းသွားပါ့မယ်"

ဟု ပြောပြီး ခေါ်မှ လိုက်လာလေသည်။

"ဘယ်လိုလဲ. . . သူပါ,ပါလာသလား"

"ပါလာတယ်"

"ကောင်းတာပေါ့. . . ကျွန်တော်တို့အတွက် အဖော်ရတာ ပေါ့"

"ဒါပေမယ့် သူက ကားကြောက်ပုံရတယ်၊ မှန်မှန်လေးသာ မောင်းပေးပါ"

"ကောင်းပါပြီ"

ဝီလီယန်က ကားကို ပုံမှန်သာ မောင်းသွားလေသည်။

စားသောက်ဆိုင် ရောက်သောအခါ မေရီကပြောသည်။

"ရှင် အရက်များများသောက်လို့ မဖြစ်ဘူးနော်"

"ဟင်. . . ဘာဖြစ်လို့လဲ"

"အို. . . အိမ်ထဲမှာ ရှင်နဲ့ကျွန်မနဲ့ နှစ်ယောက်တည်း ရှိနေတာ၊ ရှင်က အရက်မူးနေတော့ ဘယ်ဖြစ်ပါ့မလဲ၊ နောက်ပြီး ရှင်က အရက် များများသောက်ရင် ဓါတ်မတည့်တဲ့ရောဂါလက္ခဏာမျိုး ရှိပုံရတယ်"

"ခင်ဗျား ဘယ်လိုသိနေတာလဲ"

"အဲဒါတော့ ကျွန်မလည်း သေသေချာချာ မသိဘူး၊ ဒါပေမယ့် ခံသင့်တဲ့ ရောဂါလက္ခဏာတွေကို စိတ်ထဲက သိနေသလိုပဲ"

ဟု ပြောလေသည်။

"ကောင်းပါပြီ. . . နည်းနည်းလောက်ပဲ သောက်မှာပါ"

စားသောက်ဆိုင် ရောက်သောအခါ ဝီလီယန်ကသာ သောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူကတော့ အနည်းငယ်သာ သောက်သည်။

မေရီအတွက်လည်း အဖျော်ရည်တစ်မျိုး မှာပြီး ချထားပေ
လိုက်သည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဝီလီယံတို့နှစ်ယောက်ကြားမှ
ထိုင်ခုံတစ်လုံး ချထားပြီး ဖျော်ရည်ခွက်ကို ထိုရှေ့မှာပင် တင်ထားပေ
သည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်က ဝီလီယံနှင့် မိတ်ဆက်
ပေးရလေသည်။

"မေရီ . . ဒါက ကျွန်တော်တို့အသင်းရဲ့အတွင်းရေးမှူး ဝီလီ
ယံပါ"

". . . . . . . . . . . . . ."

"ကျွန်တော့်နာမည် ဝီလီယံပါ၊ ခင်ဗျားနဲ့ တွေ့ရတာ ဝမ်းသာ
ပါတယ်၊ ခင်ဗျားရဲ့အခက်အခဲကိုလည်း အကူအညီပေးနိုင်အောင် ကြိုး
စားပေးပါ့မယ်"

". . . . . . . . . ."

ထို့နောက် စားသောက်ပြီးသောအခါ မေရီက ကားစီးရမှ
ငြင်းဆန်နေသောကြောင့် မိမိတို့အစီအစဉ်နှင့်ပင် ပြန်ရန် ဆုံးဖြတ်ပြီး
ဝီလီယံကို ပြန်လွှတ်လိုက်လေသည်။

ဝီလီယံ ပြန်သွားပြီး စားသောက်ဆိုင်အပြင်ဘက်သို့ ထွက်
လာကြရာ ညှော်ကြိုခန်း ရောက်သောအခါ မမျှော်လင့်ဘဲ အဖြစ်အပျက်
တစ်ခုနှင့် တွေ့ကြရသည်။

အခြားမဟုတ်ပေ . . .။





အရက်သောက်ပြီး ထွက်လာသောသူတစ်ယောက်မှာ ကွက်
လပ်တစ်နေရာ ရောက်သောအခါ ရုတ်တရက် မချိမဆံ့ အော်ဟစ်
ညည်းညူကာ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

ကြမ်းပြင်ပေါ်သို့ ရောက်သောအခါ ပက်လက်အနေအထား
နှင့် စန့်စန့်ကြီး ဖြစ်ကာ ငြိမ်သက်သွားလေတော့သည်။

ဆိုင်မှ လူများနှင့် အခြားမှလူများ အနီးသို့ ရောက်လာပြီး
ဝိုင်းဝန်းစမ်းသပ်ကြည့်သောအခါ အသက်မရှုတော့ပေ။

"သူ အသက်မရှိတော့ဘူးဗျ"

တစ်ယောက်က အများကြားအောင် အော်ပြောလိုက်ရာ တစ်
ယောက်တစ်မျိုး ပြောဆိုနေကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ ရပ်နေသောနေရာမှ ထိုလူ လဲကျ
နေသည်ကို လှမ်းမမြင်ရပေ။

"သူ မသေသေးဘူး . . . အသက်ရှိသေးတယ်"

မေရီက နောက်မှ ကပ်ပြောသည်။

"ဘယ်လိုကြောင့် သိတာလဲ"

"သူ့ဝိညာဉ်အပြင်ထွက်လာတာကို မတွေ့ရသေးဘူး၊ လာ . .
ကျွန်မတို့ သူ့အနား သွားကြည့်ရအောင်"

ဟု ပြောသဖြင့် ရှေ့သို့ တိုးသွားပြီး ကြည့်ကြရာ ထိုလူမှာ
တစ်စက်ကလေးမှ မလှုပ်တော့ပေ။

မေရီက ထိုလူအခြေအနေကို လှမ်းကြည့်ပြီး ပြောသည်။

"သူမသေသေးဘူး . . . အသက်ရှိသေးတယ်၊ အရက်သောက်
တာ သိပ်များသွားလို့ နှလုံးနဲ့ရင်ဘတ်ကြားမှာ ကျပ်ပြီး အသက်ရှူ



www.burmeseclassic.com

www.burmeseclassic.com



သွားတာ"

"ခင်ဗျား ဘယ်လိုသိတာလဲ"

"ဘယ်လိုကြောင့် သိတာလဲဆိုတော့ ကျွန်မလည်း မပြောတတ်တော့ဘူး၊ ဒါပေမယ့် သူ့ရောဂါအခြေအနေကိုတော့ အလိုလို သိနေတယ်၊ ဒီအတိုင်းထားရင်တော့ နောက်တစ်နာရီလောက်အချိန်ကြာရင် သူ တကယ်သေသွားမှာပဲ"

"ဒီတော့ ဘယ်လိုလုပ်မလဲ"

"သူ့ရင်ဘတ်ထဲမှာ ဆို့နေတဲ့လေကို အပြင်ရောက်အောင် ဖောက်ထုတ်ပစ်လိုက်မှ အသက်ချမ်းသာရာရမယ်၊ ရှင် အကူအညီပေးမှ ဖြစ်တော့မယ်"

"အို . . . ကျွန်တော်က ဆရာဝန်တစ်ယောက်မှ မဟုတ်တာ၊ ဒါမျိုးတွေ ဘယ်မှာလုပ်တတ်ပါ့မလဲ"

"ဖြစ်ပါတယ်ရှင် . . . ဘယ်လိုလုပ်ရမယ်ဆိုတာ ကျွန်မသိပါ့တယ်၊ ရှင့်အနားကနေ ပြောပြပေးပါ့မယ်"

"ဖြစ် . . ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် . . လူတစ်ယောက်ရဲ့အသက်ဆိုတာ ကယ်တင်ကောင်းပါတယ်၊ အချိန်မီ မကယ်နိုင်ရင် သူ တကယ်သေသွားလိမ့်မယ်၊ လောလောဆယ် ရှင့်ကိုယ်ရှင် ဆရာဝန်တစ်ယောက်လို့ ပြောပြီး အနားမှာ ဝိုင်းအုံနေတဲ့လူတွေကို အရင်ဘေးဖယ်ခိုင်းလိုက်ပါ"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်သည်။

"ကျေးဇူးပြုပြီး ဘေးကို ဖယ်ပေးကြပါခင်ဗျာ၊ သူ မသေသေး





ပါဘူး . . . အသက်ရှိနေပါသေးတယ်၊ ကျွန်တော် ဆရာဝန် တစ်ယောက်ပါ"

ထိုသို့ပြောလိုက်သည်နှင့် ဆိုင်ရှင်အပါအဝင် နံဘေးမှာ ဝိုင်းအုံနေသူများက ဘေးသို့ ဖယ်ပေးကြသည်။

"ပထမအဆင့်တော့ ပြီးပြီ . . . ဘယ်လိုဆက်လုပ်ရမလဲ"

တိုးတိုးမေးလိုက်သည်။

"ဆရာဝန်လို့ ပြောထားမှတော့ လူနာနား သွားပြီး စမ်းကြည့်ရမှာပေါ့"

ဟု ပြောသဖြင့် အနားသို့ သွားပြီး စမ်းကြည့်လိုက်သည်။

"ပြီးရင် ဆိုင်ရှင်ဆီက အသွားထက်တဲ့ဆူးချွန်တစ်ချောင်း၊ ဆော်ဒါတစ်ပုလင်း တောင်းလိုက်"

"ကျေးဇူးပြုပြီး အသွားထက်တဲ့ဆူးချွန်တစ်ချောင်းနဲ့ ဆော်ဒါတစ်ပုလင်းလောက် ပေးပါ"

ထိုသို့ပြောသဖြင့် ဆိုင်ရှင်ဖြစ်သူက အလျင်ထွက်သွားပြီး ခဏကြာတော့ ဆူးချွန်တစ်ချောင်းနှင့် ဆော်ဒါတစ်ပုလင်းကို ယူလာပေးသည်။

"ရော့ . . . ဒေါက်တာ"

"ဘယ်လိုလုပ်ရမလဲ"

"သူ့ခန္ဓာကိုယ်ထဲကို ပေါက်အောင် သံချွန်နဲ့ ထိုးသွင်းရမယ်"

"အဲ . . အဲဒါတော့ မဖြစ်ဘူးထင်တယ်၊ ကျွန်တော်က ဆရာဝန်တစ်ယောက် မဟုတ်တော့ ဘယ်နေရာကို ဘယ်လိုဖောက်ရမှန်း မသိဘူး၊ တကယ်လို့ မှားပြီးဖောက်မိလို့ အသက်သေသွားရင်ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကျွန်တော့်အပေါ် အပြစ်ကျနေလိမ့်မယ်”

ဒေါက်တာမင်းထင်ကျော်က နံဘေးမှာ ရှိနေသော မေရီနှင့် စကားတတွတ်တွတ် ပြောနေသည်ကို မနီးမဝေးမှ ဝိုင်းကြည့်နေကြသူများက ဇဝေဇဝါနှင့် ကြည့်နေကြသည်။ သူတို့စိတ်ထဲမှာ ‘ဒီဆရာဝန်တစ်ယောက်တည်း ဘာတွေပြောနေတာပါလိမ့်’ ဟု တွေးနေကြသည်။

ဒေါက်တာမင်းထင်ကျော်အနေနှင့်ကတော့ ဇောချွေးပြန်လောက်သည့် တကယ့်အကျဉ်းအကျပ်အခြေအနေသို့ ရောက်နေချေပြီ။

သူ့အနေနှင့် ရန်သူများနှင့် တွေ့ပြီး သူ့အသက် ကိုယ့်အသက်လုရသောအခါ မလွှဲမရှောင်သာ လူသတ်ရသည့်အခါမျိုး ရှိသော်လည်း ထိုမျှလောက် တုန်လှုပ်မှုမျိုး မရှိခဲ့ပေ။

“ဘာမှမကြောက်ပါနဲ့. . . သူရဲ့လက်ဝဲဘက်နံရိုးအောက် တစ်လက်မအကွာလောက်ကို စူးချွန်နဲ့ တစ်လက်မလောက် နက်အောင် ထိုးဖောက်လိုက်ပါ။ မကြောက်ပါနဲ့. . . ဒီလိုလုပ်မှ သူအသက်ရှင်မှာမို့ မြန်မြန်လေး လုပ်ပါရှင်”

ဟု ပြောသဖြင့် လက်တုန်ခြေတုန်ဖြင့် မေရီ လက်ထောက်ပြသောနေရာသို့ စူးချွန်ဖြင့် ထိုးဖောက်လိုက်သည်။

“အပေါက်ဖောက်သွားရင် ဆော်ဒါပုလင်းကို ဖွင့်ပြီး အပေါက်ထဲ ဝင်အောင်လောင်းထည့်လိုက်၊ အထဲက ဆော်ဒါရည် ကုန်သွားတာနဲ့ သူ့အပေါက်ဝကို ဆော်ဒါပုလင်းအပေါက်ဝနဲ့ ဖိကပ်ပေးလိုက်၊ အထဲမှာ နှလုံးကို ဖိထားတဲ့လေကို ပုလင်းက စုပ်ယူလိုက်ရင် သူအသက်ပြန်ရှူလို့ ရလာလိမ့်မယ်”





သူမပြောသည့်အတိုင်းပင် ပုလင်းက စုပ်ယူလိုက်သောကြောင့် ကိုယ်ထဲတွင် နှလုံးကို ဖိထားသောလေများ ထွက်သွားသောအခါ ထိုလူမှာ တဖြည်းဖြည်းနှင့် အသက်ပြန်ရှူလာနိုင်တော့သည်။

ထိုအခါမှ နံဘေးမှာ ဝိုင်းကြည့်နေကြသူများမှာ သက်ပြင်းချနိုင်ကြပြီး ထိုနေရာမှ အသီးသီး ထွက်သွားကြလေတော့သည်။

“အသက်ပြန်ရှူလာပေမယ့် သူ့ကို ဒီအတိုင်း ထားလို့ မရသေးဘူး၊ ဆေးရုံအမြန်ပို့ပေးမှဖြစ်မယ်၊ အနီးဆုံးဆေးရုံကို မေးပြီး ဆေးရုံပို့ခိုင်းလိုက်ပါ”

ဟု ပြောသဖြင့် နေရာမှထပြီး. . .

“သူ့ကို ဒီအတိုင်းထားလို့ စိတ်မချရသေးဘူး၊ ဆေးရုံကို အမြန်ပို့ပေးဖို့ စီစဉ်ကြပါ၊ ဒီနေရာမှာ အနီးဆုံးဆေးရုံ ဘာရှိသလဲ”

“စိန့်ပီတာဆေးရုံကြီး ရှိပါတယ်၊ ဒီနေရာက မဝေးလှပါဘူး၊ ဒေါက်တာပြောတဲ့အတိုင်း ပို့ပေးလိုက်ပါ့မယ်၊ အခုလို ကူညီပေးတာ ကျေးဇူးတင်ပါတယ်ခင်ဗျား”

ဟု ဆိုင်ရှင်က ပြောသည်။

နှစ်ယောက်သား အပြင်သို့ ထွက်လာတော့ မေရီက ပြောသည်။

“စိန့်ပီတာဆေးရုံဆိုတဲ့နာမည်ကို ကျွန်မသိနေသလိုပဲ၊ အဲဒီနေရာနဲ့ ရင်းနှီးနေသလို စိတ်ထဲမှာ ခံစားရတယ်”

“ခင်ဗျားနဲ့ ပတ်သက်တဲ့နေရာတစ်ခုလည်း ဖြစ်နိုင်ပါတယ်၊ တကယ်လို့ ကျွန်တော်တို့ အဲ့ဒီနေရာကို တစ်ခေါက်လောက် သွားပြီး မေးမြန်းကြည့်မယ်ဆိုရင်တော့ ခင်ဗျားနဲ့ ပတ်သက်တဲ့ သဲလွန်စ တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



တော့ ရလာလိမ့်မယ်လို့ မျှော်လင့်ရတာပဲ”

“ဒါပေမယ့် ကျွန်မရဲ့နာမည်ကိုမှ မသိရသေးတော့ ဟိုရောက်တဲ့အခါ ရှင်က ဘယ်သူ့နာမည်နဲ့ စုံစမ်းမှာလဲဟင်”

“အင်း. . . ဒါလည်း ဟုတ်ပေတာပဲ၊ ဒါကလည်း မခက်ပါဘူးဗျာ၊ ပထမဆုံး ခင်ဗျားနာမည်ကို သိအောင် အရင်ကြိုးစားရမှာပေါ့၊ ဒါကလည်း သိပ်တော့ မခက်ပါဘူး၊ ခင်ဗျားအခန်းကို မွှေနှောက်ရှာဖွေလိုက်ရင် တစ်နေရာရာမှာတော့ နာမည်နဲ့ ပတ်သက်တဲ့ သဲလွန်စ တစ်ခုခုတော့ တွေ့ရမှာပေါ့”

ဟု ပြောပြီး နှစ်ယောက်သား အမှောင်ရိပ်သမ်းနေသော လမ်းမများပေါ်မှ လမ်းလျှောက်ရင်းနှင့် မိမိအခန်းရှိရာသို့ ပြန်ခဲ့ကြလေတော့သည်။





# အခန်း [၆]

# စိန့်ပီတာမှ ဒေါက်တာမေရီချို

နောက်တစ်နေ့မှာတော့ ဒေါက်တာမင်းထင်ကျော်သည် တစ်အိမ်လုံးအနှံ့ လိုက်လံရှာဖွေလေတော့သည်။

သို့သော်လည်း မည်သည့်သဲလွန်စ တစ်ခုတစ်လေမှ မတွေ့ရပေ။

နောက်ဆုံး အိပ်ရာနံဘေးမှ အံဆွဲကို ရှာဖွေသောအခါ အိပ်ရာအသစ် ဝယ်ယူသော ဘောက်ချာများအောက်ဘက်မှ အခြား ဘောက်ချာတစ်ရွက်ကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ အကျီချုပ်ဖို့ ဆိုင်မှာ အပ်ထားခဲ့တဲ့ ဘောက်ချာပဲ၊ ဒီမှာ ဆိုင်လိပ်စာလည်း ပါတယ်၊ အဲ့ဒီကို သွားပြီးစုံစမ်းရင်တော့ သဲလွန်စ တစ်ခုခု ရနိုင်တယ်"

ဟု တွေးမိသဖြင့် ထိုစာရွက်ကို ယူပြီး စက်ချုပ်ဆိုင် ရှိရာသို့ သွားရောက်စုံစမ်းကြည့်လေသည်။

ဆိုင်ရှင်က ဘောက်ချာစာရွက်ကို ကြည့်ပြီး အံ့သြနေလေ သည်။

"ဒီဆိုင်မှာ ဂျူတီကုတ်နဲ့ဘောင်းဘီ ချုပ်ဖို့ အပ်ထားခဲ့တာပါ၊ ဒါပေမယ့် ရွေးရမယ့်ရက်ထက် သုံးလကျော်သွားတာကြောင့် ပရဟိတ ဝေဟာကို လှူလိုက်ပြီးပြီမို့ စိတ်မကောင်းပါဘူးဗျာ"

"ကိစ္စမရှိပါဘူး. . . ကျွန်တော်က လာပြီးစုံစမ်းကြည့်တာပါ၊ အရင် သူက ဒီဆိုင်မှာ ချုပ်နေကျပဲလား"

"ဟုတ်ပါတယ်. . . ဖောက်သည်တွေပဲဆိုပါတော့"

"သူ့နာမည်ကော ကျေးဇူးပြုပြီး သိနိုင်မလားဗျာ"

ဆိုင်ရှင်က လက်ခံထားသောစာရင်းမှာ ပြန်ကြည့်ပေးသည်။

"သူ့နာမည်က ဒေါက်တာမေရီချိုပါ၊ စိန့်ပီတာဆေးရုံက ဆရာဝန်တစ်ယောက်လို့တော့ ထင်တာပဲ"

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ကူညီ လက်စနဲ့ သူ့ရဲ့ပုံပန်းသဏ္ဌာန်ကို မှတ်မိရင် ပြောပြပေးစေချင်ပါတယ်"

ထို့နောက် ဆိုင်ရှင်ဖြစ်သူက သူမှတ်မိသလောက် ပုံပန်း သဏ္ဌာန်ကို ပြောပြပေးသည်။

"အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ထည်လှလှ၊ မျက်လုံးမျက်ခုံးက





အစ အတော်ကလေး လှတယ်၊ ဒါပေမယ့် သူက ဆရာဝန်တစ်ယောက် မို့လား မသိဘူး၊ မာနတော့ ကြီးမယ့်ပုံစံမျိုးပဲ"

ဟု ပြောပြလေသည်။

ဆိုင်ရှင်ပြောပြသော ပုံပန်းသဏ္ဌာန်မှာ မေရီ၏ပုံပန်းသဏ္ဌာန် မျိုးပင်ဖြစ်ပေသည်။

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

"ဒါထက် သူ ဘယ်ရောက်သွားလို့လဲဗျ"

"သူ ဘယ်ရောက်နေတာ မသိရတော့လို့ လာပြီးစုံစမ်းကြည့် တာပါဗျာ"

"တလောကတော့ သူ့သတင်းကြားလိုက်မိသလိုပဲ"

"ဘယ်လိုကြားတာလဲ. . . ပြောပြပါဦး"

"သူတို့ဆေးရုံက ဆရာဝန်တွေက ကျွန်တော်တို့ဆိုင်မှာပဲ ဂျူတီ ကုတ် ချုပ်ကြတာ များတယ်လေ၊ သူတို့လာရင်းနဲ့ အချင်းချင်း ပြောသံ ကြားရတာတော့ ဒေါက်တာမေရီချိုတစ်ယောက် မြို့ပြင်ဘက်မှာ ကား တိုက်မှုဖြစ်ပြီး သေသွားပြီဆိုလားပဲ ကြားလိုက်မိတယ်"

"အေးဗျာ. . . အခုလို ပြောပြတာ ကျေးဇူးတင်ပါတယ်၊ ကျွန် တော်က အခြားရောက်နေတာ ကြာပြီးမှ ပြန်ရောက်လာလို့ ဒီအ ကြောင်းတွေ ဘာမှမသိရသေးတာပါ. . . သွားပါဦးမယ်"

ဒေါက်တာမင်းထင်ကျော်က ဆိုင်ရှင်ကို နှုတ်ဆက်ပြီး နောက် ပြန်ထွက်လာခဲ့သည်။

သူ၏ကြိုးစားမှုကြောင့် မေရီချိုနှင့် ပတ်သက်သောသဲလွန်စ အချို့ကို သိခဲ့ရပြီဖြစ်သော်လည်း ရင်ထဲမှာ စိတ်မကောင်းဖြစ်နေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

စက်ချုပ်ဆိုင်ပိုင်ရှင် ပြောပြချက်အရဆိုပါက ဒေါက်တာ မေရီချိုမှာ စိန့်ပီတာဆေးရုံမှ ဆရာဝန်တစ်ဦးဖြစ်သည်မှာ သေချာသွားခဲ့ပြီး တားအက်ဆီးဒင့်ဖြစ်၍ သေဆုံးသွားခဲ့သည်မှာလည်း သေချာသလောက်ဖြစ်နေပေပြီ။

သို့ကြောင့် သူမအတွက် စိတ်မကောင်းဖြစ်နေမိခြင်းဖြစ်ပေသည်။

သို့သော်လည်း စိတ်ထဲမှာ မတင်မကျနှင့် ဖြစ်နေသေးသောကြောင့် အကြားအမြင်ပညာရှင် ဂျင်းဒစ်ဆင်နှင့် သွားရောက်တွေ့ဆုံရန်အတွက် ၎င်းပေးထားခဲ့သောလိပ်စာအတိုင်း သွားရောက်တွေ့ဆုံလေသည်။

ဂျင်းဒစ်ဆင်၏အခန်းမှာ သီးသန့်ပြင်ဆင်ထားသည့် အခန်းတစ်ခန်းဖြစ်ပြီး ဒေါက်တာမင်းထင်ကျော် ရောက်သွားသောအခါ အခြားတစ်ဦး ရှိနေသောကြောင့် ခေတ္တစောင့်ရသေးသည်။

ဂျင်းဒစ်ဆင်သည် ဗေဒင်ပညာ၊ နက္ခတ်ပညာများကို ကျွမ်းကျင်စွာ တတ်မြောက်သူဖြစ်သော်လည်း သူအသုံးပြုသောပညာမှာ မနောအာရုံကို အသုံးပြုပြီး အနာဂတ်အကြောင်းအရာများကို ဟောပြောပေးခြင်းဖြစ်သည်။

အာရုံခြောက်ပါး ရှိသည့်အနက် မနောအာရုံမှာ လေးနက်လှပြီး သိနိုင်ရန်လည်း ခက်ခဲလှပေသည်။

မနောအာရုံ တည်ငြိမ်လာသောအခါ စိတ်စွမ်းအင်ကို အသုံးချနိုင်လာကြသည်။





ဆဋ္ဌမအာရုံ တစ်နည်းအားဖြင့် မနောအာရုံဟူရာ၌ အချို့ပုဂ္ဂိုလ်တို့သည် သာမန်အဆင့်သာ ရရှိကြသော်လည်း အချို့ပုဂ္ဂိုလ်တို့ကား သူတစ်ပါး၏စိတ်ဆန္ဒကို သိခြင်း၊ သူတစ်ပါး၏အတိတ်၊ အနာဂတ်ကို ပြောနိုင်ခြင်း၊ လူအများတို့၏ရှေ့ရေးကို တင်ကြို၍ နိမိတ်ဖတ်ခြင်းစသော ထူးခြားသည့် ဆဋ္ဌမတန်ဖိုး ရရှိကြသည်ဟု ဆိုကြ၏။

နာမည်ကျော် စာရေးဆရာကြီးများ၊ ပန်းချီဆရာကြီးများသည်လည်း အထက်ဖော်ပြပါ ထူးခြားဆန်းကြယ်သည့်အာရုံ ရရှိသည်ဟု ပညာရှင်အများက ခံယူထားခဲ့ကြလေသည်။

အနာဂတ်ကို ကြိုတင်သိမြင်ခြင်းနှင့် ပတ်သက်၍ ပရစိတ်ပညာရှင်များကမူ ငါးမျိုးခွဲခြား၍ သတ်မှတ်ထားလေသည်။

ပထမအဆင့်မှာမူ စိတ်လေးလံထိုင်းမှိုင်းခြင်း၊ စိတ်ထင့်ခြင်းဖြစ်၏။

ယင်းကဲ့သို့ ဖြစ်လာခြင်းဖြင့် တစ်စုံတစ်ခု ထူးခြားသောဖြစ်ရပ်ဆန်း ဖြစ်မည်ဟု ကြိုတင်သိမြင်လာသည်။

အခြားတစ်မျိုးမှာမူ အသေးအဖွဲ့ မပြောပလောက်သော အကြောင်းအရာများကိုပင် တစ်စုံတစ်ရာဖြစ်လာတော့မည်ဟု သိမြင်နေခြင်းဖြစ်သည်။

အခြားသုံးမျိုးတို့ကား နေရာဒေသ အချိန်အပိုင်းအခြားမရှိ ကြိုတင်သိခြင်း၊ အကျိုးဖြစ်ထွန်းမည်ကို ကြိုတင်သိခြင်းနှင့် အကျိုးပျက်မည်ကို ကြိုတင်သိမြင်ခြင်း ဖြစ်လေသည်။

အမေရိကန်ပြည်ထောင်စုရှိ ပရစိတ်ပညာရှင်အများစုတလည်း ဂျင်းဒစ်ဆင်အား ထူးခြားသည့် ဆဋ္ဌမအာရုံရှင်တစ်ဦးဟု ယူဆ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

ပရစိတ်ပညာရှင် ကမ္ဘာကျော် ဒေါက်တာရီးစမင်း(Dr. F. Regis Riesmman)က ဂျင်းဒစ်ဆင်သည် တစ်ခေတ်တစ်ကမ္ဘာတွင် နှစ်ယောက်သုံးယောက်မျှသာ ပေါ်ထွန်းလျက်ရှိသော အကြားအမြင် စိတ်စွမ်းအင်ပညာရှင်ဖြစ်သည်ဟု ယုံကြည်ပါကြောင်းနှင့် ထူးခြားသည့် ပါရမီရှင်တစ်ဦးလည်းဖြစ်သည်ဟူ၍ စာရေးဆရာ သတင်းထောက်များ နှင့် တွေ့ဆုံခန်းတွင် ထုတ်ဖော်ပြောကြားခဲ့လေသည်။

(၂၀)ရာစု ပထမပိုင်းတွင် (၂၀)ရာစု အကြားအမြင်ပညာရှင် (Modern Seer) လက္ခဏာပါရဂူ နာမသင်္ချာပါရဂူ ဆရာတစ်ဦးအဖြစ် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သူမှာ ဆရာကြီးကိုင်ရိုဖြစ်ပေသည်။

ဆရာကြီးသည် အီတလီနိုင်ငံဘုရင်ကြီး ဟန်ဘတ်၊ သတ္တမ မြောက် အက်ဒွပ်ဘုရင်ကြီး၊ မေရီမိဖုရားကြီး၊ အင်္ဂလန်ပြည် တရားဝန် ကြီးချုပ် လောရာဘယ်၊ ဂျူးဇက်ချိန်ဘာလိန်၊ တာယာရီ၊ စာရေးဆရာ ကြီး အော်စကာဝိုင်း၊ ရုရှားပြည် ဇာဘုရင်ကြီး မိသားစု စသောပုဂ္ဂိုလ် ကြီးများ၏အနာဂတ်ကို ဟောပြောခဲ့သည်။

ဟောကြားခဲ့သည့်အတိုင်းလည်း မှန်ကန်ခဲ့သဖြင့် လူတိုင်း အံ့ဩခဲ့ရသည်။

သို့သော် ဆရာကြီးသည် လက်ဆောင်နှင့်ငွေကြေးများကို လက်ခံခဲ့ခြင်း ပြုခဲ့ရသည်။

လန်ဒန်မြို့တွင် ရုံးခန်းဖွင့်၍ပင် ဧည့်သည်များကို အခကြေး ငွေယူ၍ လက္ခဏာဗေဒင် ဟောကြားခဲ့သည်။

ဂျင်းဒစ်ဆင်မှာမူ ဆရာကြီးကဲ့သို့ သမ္မတကြီးများ၊ ဝန်ကြီးချုပ်





များ၊ သံအမတ်များ၊ လုပ်ငန်းရှင်ကြီးများ၊ နိုင်ငံရေးခေါင်းဆောင်များ၊ အနုပညာသည်များအား ဟောကြားခဲ့သော်လည်း တံစိုးလက်ဆောင်ကို လုံးဝလက်မခံ။ မေတ္တာဖြင့် ဟောကြားသည်။

နယူးယောက် နေ့စဉ်သတင်းစာ(New York Daily News)၊ ဟာပါးဂျာနယ်(Harper) စသောဂျာနယ်များ၊ ရုပ်ရှင်စာစောင်များတွင် သူ့အနာဂတ်ဟောကိန်းများကို ရေးသားရာမှ ရရှိသည့်စာမူခများကို လည်း အလှူဒါနပြုခဲ့သည်။

ဂျင်းဒစ်ဆင်နှင့် ပတ်သက်၍ လေ့လာသိခဲ့ရသောအကြောင်း များပင်ဖြစ်သည်။

ပထမလူအလှည့် ပြီးသွားသောအခါ ဂျင်းဒစ်ဆင်က ဒေါက် တာ မင်းထင်ကျော်ကို လက်ခံတွေ့ဆုံလေသည်။

သူ၏သီးသန့်အခန်းတွင်းမှာပင် တွေ့ရလေသည်။

"တစ်နေ့နေ့မှာတော့ ခင်ဗျား **ကျွန်တော့်ဆီကို ရောက်လာ** လိမ့်မယ်လို့"မျှော်လင့်ထားပါတယ်၊ ကဲ. . . ကျွန်တော် ဘာများ အကူ အညီပေးရမလဲ. . . ပြောပါ"

ဟု ဖော်ဖော်ရွေရွေနှင့်ပင် ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်က သူနှင့် ပတ်သက်နေသော ဒေါက် တာမေရီချိုနှင့် ပတ်သက်သည့်အကြောင်းများကို ပြောပြလိုက်သည်။

"ကျွန်တော် သူနဲ့ ပတ်သက်တဲ့ အနာဂတ်အခြေအနေတို့ ပွင့်ပွင့်လင်းလင်းပဲ သိချင်ပါတယ်"

ဂျင်းဒစ်ဆင်က အတန်ကြာအောင် ငြိမ်သက်နေပြီးမှ ပြောပြ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အာရုံနဲ့ မြင်တာကို ပြောရမယ်ဆိုရင်တော့ သူက မျှော်လင့်ချက် လုံးဝမရှိတော့တဲ့အခြေအနေမှာ ရောက်နေတဲ့ အခြေအနေမျိုးတော့ မဟုတ်ဘူးဗျ၊ အသက်ရှင်ခွင့်တော့ သူ့မှာ ရှိနေသေးတယ်၊ ဒါပေမယ့် အတော်ကလေးတော့ ရာခိုင်နှုန်း နည်းနေတယ်"

ဒေါက်တာမင်းထင်ကျော်က စိတ်ဝင်စားစွာ နားထောင်နေသည်။

"ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ သေမယ့်ဘက်က ရာခိုင်နှုန်း(၇၅)လောက် ရှိတယ်ဆိုရင် အသက်ရှင်ခွင့်က (၂၅)ရာနှုန်းလောက်ပဲ ရှိတော့တယ်ဗျာ"

"ဒါပြင် သူ့ရဲ့ရုပ်ခန္ဓာက မပျက်စီးသေးဘူးပေါ့"

"ကျွန်တော့်ရဲ့အမြင်အာရုံထဲမှာတော့ သူ့ရဲ့ရုပ်ခန္ဓာကို တွေ့နေရသေးတယ်၊ အခုလောလောဆယ်တော့ သူ့အနေနဲ့ စိတ်နဲ့ရုပ်နဲ့ မကပ်သေးဘဲ သွားချင်ရာသွားနေတဲ့ အခြေအနေမျိုးပဲ"

"အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်ဗျာ"

"ရပါတယ်ဗျာ. . . ကူညီသင့်လို့ အကူအညီပေးရတာပဲ၊ နောက်လည်း အကူအညီလိုရင် အချိန်မရွေး လာနိုင်ပါတယ်၊ ခင်ဗျား သူ့အတွက် အကူအညီပေးနေတာ အဆင်ပြေပါစေလို့ ကျွန်တော် ဆုတောင်းပေးလိုက်ပါတယ်"

ထို့နောက်. . .

ဂျင်းဒစ်ဆင်ကို နှုတ်ဆက်ပြီး မိမိအခန်းရှိရာသို့ ပြန်လာခဲ့လေသည်။

မနက်ပိုင်းကတည်းက အခန်းမှ ထွက်သွားခဲ့ကာ ညနေပိုင်း





အချိန်မှ ပြန်ရောက်လာသည်။

သူပြန်ရောက်လာတော့ အခန်းပေါက်ဝနှင့် မနီးမဝေးမှာ ရှိသည့် ခုံတန်းလျားတစ်ခုပေါ်၌ ထိုင်နေသော မေရီချို့ကို တွေ့ရသည်။

"ရှင် တစ်နေ့လုံး ဘယ်သွားနေတာလဲ၊ ကျွန်မ ရှင်ပြန်မလာသေးလို့ ဒီနေရာက ထိုင်စောင့်နေတာ"

"ကျွန်တော် ခင်ဗျားအကြောင်းကို သိရအောင် လိုက်ပြီးစုံစမ်းနေတာပါ၊ သိသင့်သလောက်တော့ သိခဲ့ရပါပြီ၊ အိမ်ထဲ ရောက်မှ ပြောပြပါ့မယ်"

ဟု ပြောပြီး တံခါးဖွင့်ရန် မြင်တော့မှ သော့မတွေ့ရတော့ပေ။

"မနက်က ကပျာကယာ ထွက်သွားတာ အခန်းထဲမှာ သော့ကျန်နေခဲ့ပြီနဲ့တူတယ်"

"အဲဒါဆိုရင် ကျွန်မလျှို့ဝှက်ထားတဲ့သော့ပိုတစ်ချောင်းရှိတယ်၊ ဟိုဘက်နားမှာ ချိတ်ထားတဲ့ မီးသတ်ဘူးရဲ့အောက်မှာ အံဝှက်ရှိတယ်၊ အဲဒီအံဝှက်ထဲမှာ ကျွန်မထည့်ထားတဲ့ သော့ပိုတစ်ချောင်း ရှိတယ်"

ဟု ပြောသဖြင့် သွားကြည့်ရာ သူမပြောသည့်အတိုင်း သော့တစ်ချောင်း တွေ့ရသောကြောင့် ထိုသော့နှင့် ဖွင့်ကာ အိမ်ထဲသို့ ဝင်ရလေသည်။

အိမ်ထဲ ရောက်မှ ဒေါက်တာမင်းထင်ကျော်က သူစုံစမ်းရခဲ့သောအကြောင်းများအား ပြောပြလိုက်သည်။

"ခင်ဗျားရဲ့နာမည်က မေရီချို့တဲ့"

"မေရီချို့. . . ဟုတ်လား"

"ဟုတ်တယ်. . . ခင်ဗျားက စိန့်ပီတာဆေးရုံက ဆရာဝန်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပဲ"

"ဒါ. . ဒါဖြင့်. . ကျွန်မဘယ်လိုဖြစ်ပြီး ဒီလိုဘဝမျိုး ရောက်နေရတာလဲဟင်"

"သေသေချာချာတော့ မသိခဲ့ရသေးဘူး၊ ကျွန်တော့်အထင်ပြောရရင်တော့ ခင်ဗျား တစ်နေရာရာမှာ မော်တော်ကား အက်ဆီးဒင့်ဖြစ်ခဲ့ပုံရတယ်"

"ကား. . ကားအက်ဆီးဒင့် ဟုတ်လား"

ထိုစကားကြားလိုက်ရုံနှင့်ပင် သူမအမူအယာမှာ အတော်ကြီးထိတ်လန့်တုန်လှုပ်သွားဟန်ရှိလေသည်။

"ဟုတ်တယ်. . . ဒါပေမယ့် သေသေချာချာတော့ မသိခဲ့ရသေးဘူး၊ ဒီထက်သေချာအောင် နောက်တစ်နေ့မှာ စိန့်ပီတာဆေးရုံကိုသွားပြီးစုံစမ်းကြည့်ရင်တော့ ဒီထက်ပိုပြီး သိရနိုင်တယ်"

ဟု ပြောသောအခါ မေရီချိုက ဒေါက်တာမင်းထင်ကျော်ကို အားကိုးသောအကြည့်မျိုးနှင့် ကြည့်နေလေသည်။

"ရှင်လည်း ကျွန်မနဲ့ တွေ့မှ အတော်ကလေး ပင်ပန်းပြီး အလုပ်ရှုပ်နေတယ်"

"ရပါတယ်. . . ကြုံကြိုက်လို့ အကူအညီပေးရတာပဲ၊ ကျွန်တော်လည်း အခုလို အကူအညီပေးနေရတာကို စိတ်ဝင်စားပါတယ်"

ဟု ပြောလိုက်လေသည်။





# အခန်း [၇]

# ရုပ်ခန္ဓာနှင့် ဝိညာဉ်ခန္ဓာ ပြန်တွေ့ကြခြင်း

စိန့်ပီတာဆေးရုံကြီးမှာ မြောက်ဘက်သို့ သွားသော လမ်းကျယ်ကြီးတစ်ခု၏အစွန်ဆုံးနေရာ၌ သီးသန့်တည်ရှိလေသည်။

ငါးထပ်အဆောက်အအုံဖြစ်ပြီး ဂငယ်ပုံသဏ္ဍာန် ဆောက်ထားလေသည်။

စိန့်ပီတာဆေးရုံမှာ လန်ဒန်မြို့တွင် လူသိများသော ဆေးရုံတစ်ရုံလည်းဖြစ်သည်။

ဆေးရုံအပေါက်ဝ ရောက်သောအခါ မေရီချိုက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဒီဆေးရုံကို ကျွန်မသိနေသလိုပဲ”

“သိနေတာက တခြားမဟုတ်ပါဘူး၊ ဒီဆေးရုံက ခင်ဗျား အလုပ်လုပ်ခဲ့တဲ့ဆေးရုံပဲလေ”

“ဟိုမှာတွေ့နေတဲ့လူတွေကိုလည်း အားလုံး ကျွန်မသိနေတယ်၊ ဟိုမှာဖြတ်သွားတာက ဒေါက်တာမော်လီ၊ သူက ခွဲစိပ်ပါရဂူ တစ်ယောက်ပဲ၊ ရှင့်နံဘေးက ဖြတ်သွားတာက မာဂရက်တဲ့၊ သူက သူနာပြုပဲ၊ ဒါပေမယ့် သာမန်ဆရာဝန်တွေထက်ပိုပြီး ကျွမ်းကျင်မှု ရှိတယ်”

မနီးမဝေးမှ ဖြတ်လျှောက်သွားသော ဝဝဖိုင့်ဖိုင့်နှင့် လူမည်း အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

“ဟိုအပေါက်ဝနားမှာ ကောင်တာတစ်ခု ရှိတယ်၊ အဲဒီ ကောင်တာမှာ ထိုင်နေတဲ့အမျိုးသမီးက ရှယ်ရီတဲ့၊ သူက ကျွန်မနဲ့ အတော်ရင်းနှီးခင်မင်တယ်၊ သူ့ဆီ သွားပြီး ကျွန်မအကြောင်း မေးကြည့်ပါလား”

ဟု ပြောသဖြင့် ကောင်တာမှာ ရှိနေသောအမျိုးသမီး ရှိရာသို့ လျှောက်သွားလေသည်။

အမျိုးသမီးက သူ့ကို မြင်တော့ ပြုံးပြလေသည်။

“ဘာများ အကူအညီပေးရမလဲ”

“ဟို. . ဟို. . ခင်ဗျားက ရှယ်ရီဆိုတာလားဟင်”

“ဟုတ်ပါတယ်. . . ရှင်က ဘယ်သူလဲ”

“ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်၊ ဒေါက်တာမေရီချို့ရဲ့ ရင်းနှီးတဲ့မိတ်ဆွေတစ်ယောက်ပါ”

ထိုစကားကြောင့် ရှယ်ရီမှာ တအံ့တသြဖြစ်သွားဟန်ဖြင့် ကြည့်လေသည်။





“မေရီက ရှင့်အကြောင်းကို တစ်ခါမှ မပြောဖူးပါလား၊ ဘယ်လို များ ပတ်သက်တာလဲ”

“ချစ်သူတွေလို့ ပြောလိုက်၊ ဒါမှ သူယုံကြည်မှာ”

နောက်မှ မေရီချို့က ပြောသည်။

“ဟို. . ဟို. . ကျွန်တော်တို့နှစ်ယောက်က ချစ်သူတွေပါ”

“အိုး. . ”

ရှယ်ရီမှာ များစွာအံ့သြသွားဟန်ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်က မေရီချို့နှင့် ပတ်သက်သော အကြောင်းများကို သူသိသမျှ ပြောပြလိုက်သည်။

“ကျွန်တော်က အင်ဂျင်နီယာတစ်ယောက်ပါ၊ အလုပ်ကိစ္စနဲ့ ပြည်ပရောက်နေတာ အတော်ကြာပါပြီ၊ အရင်ကတော့ သူနဲ့ အဆက် အသွယ်မပြတ်ပါဘူး၊ လွန်ခဲ့တဲ့နှစ်လကျော်လောက်ကမှ သူနဲ့ ဘယ်လိုမှ အဆက်အသွယ်လုပ်လို့မရတော့တာနဲ့ သူတာဝန်ကျတဲ့ ဒီဆေးရုံမှာ လာပြီးစုံစမ်းထားပါ၊ ခင်ဗျားအကြောင်းကိုလည်း သူ ပြောပြထားလို့ သိနေတာပါ”

ဒေါက်တာမင်းထင်ကျော်က မေရီချို့နှင့် ပတ်သက်သော လျှို့ဝှက်ချက်အချို့ကိုပါ ပြောပြလိုက်တော့ ရှယ်ရီက လက်ခံသွားဟန် ရှိလေသည်။

“မေရီက အတော့်ကို လျှို့ဝှက်ခဲ့တာပဲ၊ သူက ယောက်ျားတွေနဲ့ ခပ်ကင်းကင်း နေတတ်တဲ့သူပဲ၊ ရှင် သူ့ရဲ့အချစ်ကို ရအောင် ကြိုးစားခဲ့ တာကိုတော့ လေးစားပါတယ်”

ဒေါက်တာမင်းထင်ကျော်က အလိုက်သင့် ပြုံးပြီး ခေါင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်သည်။

"ဒါပေမယ့် စိတ်မကောင်းပါဘူးရှင်"

"ဘာ. . ဘာဖြစ်လို့လဲဟင်"

"ရှင်က နိုင်ငံခြားရောက်နေတော့ သူ့အကြောင်းကို မသိခဲ့ရဘူးပေါ့၊ ရှင်နဲ့ အဆက်အသွယ်ပြတ်သွားတဲ့အချိန်မှာ ဒေါက်တာမေရီချို တစ်ယောက် ကားအက်ဆီးဒင့်ဖြစ်သွားခဲ့တယ်"

"ဗျာ. . သူ. . သူ သေသွားပြီလားဟင်"

"သေတော့ မသေသေးပါဘူး၊ ဒါပေမယ့် သေမယ့်အချိန်ကို စောင့်နေရတဲ့အခြေအနေမျိုး ရောက်နေပါပြီ၊ သူ့အတွက် မျှော်လင့်ချက် မရှိနိုင်တော့ပါဘူး"

"ဒါ. . ဒါဖြင့်. . သူ့ကို ဘယ်မှာထားသလဲဟင်၊ ကျွန်တော် ကြည့်ပါရစေ"

"တတိယထပ်က အထူးခန်းထဲမှာ ထားတယ်၊ ကျွန်မ စာရေးပေးလိုက်ပါ့မယ်၊ အဲ့ဒီမှာ တာဝန်ကျ ဆရာဝန်တစ်ယောက် ရှိတယ်၊ သူ့ဆီမှာ ခွင့်တောင်းပြီး ဝင်တွေ့နိုင်ပါတယ်၊ ကျွန်မက ဂျူတီချိန်မို့ လိုက်မပို့ပေးနိုင်တာ ခွင့်လွှတ်ပါ"

"ကျေးဇူးတင်ပါတယ်ဗျာ"

ရှယ်ရီက စာရွက်ပေါ်မှာ စာတစ်ကြောင်းနှစ်ကြောင်း ရေးပြီး သူ့လက်ထဲသို့ ထည့်ပေးလိုက်သဖြင့် ထိုနေရာမှ ထွက်လာခဲ့သည်။

"ကျွန်တော်က ဒီဆေးရုံအကြောင်း ဘာမှမသိဘူး၊ ဘယ်နေရာကနေ ဘယ်လိုသွားရမလဲ"

"စိတ်မပူပါနဲ့. . ကျွန်မသိပါတယ်၊ စင်္ကြံလမ်းအတိုင်း လျှောက်သွားပြီး လက်ဝဲဘက်ကို ချိုးကွေ့လိုက်ရင် ဓါတ်လှေခါး တွေ့လိမ့်မယ်၊ ဓါတ်လှေခါးနဲ့ တတိယထပ်ကို သွားရမယ်"

ဟု ပြောသဖြင့် စင်္ကြံလမ်းအတိုင်း သွားရာ ဓါတ်လှေခါးကို တွေ့ရသဖြင့် တတိယထပ်သို့ တက်ခဲ့သည်။ အပေါ်ထပ်ရောက်တော့ သီးသန့်အခန်း အတော်များများ တွေ့ရသည်။

"အထူးခန်းက ဘယ်မှာလဲ"

"ဟိုအနောက်ဘက်မှာ ရှိတယ်"

အထူးခန်းရှေ့ ရောက်တော့ တာဝန်ကျနေသောဆရာဝန် အမျိုးသမီးတစ်ဦးကို တွေ့ရသဖြင့် ရှယ်ရီပေးလိုက်သော စာရွက်ကလေးကို ပြလိုက်သည်။

သူမက စာရွက်ကို ဖတ်ကြည့်ပြီး ဒေါက်တာမင်းထင်ကျော်ကို တစ်ချက်ကြည့်သည်။

"ကျွန်မ ဂျူတီချိန်းဖို့က နောက်ထပ်နာရီဝက် လိုသေးတယ်၊ ရှင့်အတွက် နာရီဝက်တော့ အချိန်ပေးနိုင်ပါတယ်၊ ဒီအခန်းထဲမှာ သူ ရှိပါတယ်"

ဟု တံခါးပိတ်ထားသောအခန်းကို ညွှန်ပြပြီး ထိုနေရာမှ ထွက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က စိတ်လှုပ်ရှားစွာဖြင့် တံခါးကို ဖွင့်ပြီး အတွင်းသို့ ဝင်လိုက်သည်။

အခန်းအလယ်မှာတော့ ကုတင်တစ်လုံး ရှိနေပြီး ထိုကုတင်ပေါ်မှာ မေရီချိုကို တွေ့ရလေသည်။

ကိုယ်တစ်ပိုင်းကို အဝတ်ဖြူ လွှမ်းထားပြီး တစ်ကိုယ်လုံးကို







www.burmeseclassic.com

www.burmeseclassic.com



စက်ကိရိယာကြိုးများဖြင့် ဆက်သွယ်ထားသည်။ ဒေါက်တာမင်းထင်ကျော်က စိတ်မကောင်းသောအသံဖြင့် ပြောလိုက်လေသည်။

"အဲ့ဒါ ခင်ဗျားရဲ့ရုပ်ခန္ဓာပဲ"

မေရီချိုက တအံ့တသြအမူအယာဖြင့် ကုတင်နံဘေးသို့ တိုးကပ်ပြီး ကြည့်နေသည်။

ဒေါက်တာမင်းထင်ကျော်ကပါ အနားကပ်ပြီး. . .

"အခု ကျွန်တော့်နံဘေးမှာ ရှိနေတာက ဝိညာဉ်ခန္ဓာ၊ ဟိုကုတင်ပေါ်မှာ မြင်နေရတာက ရုပ်ခန္ဓာပဲ၊ ဒီနှစ်ခု ပေါင်းစပ်နိုင်မှ ခင်ဗျားအသက်ပြန်ရှင်ခွင့် ရနိုင်မယ်၊ ဒါထက် စက်ကိရိယာတွေရဲ့ အခြေအနေကရော ဘယ်လိုရှိသလဲ"

ဟု မေးလိုက်သည်။

မေရီချိုက စက်ကိရိယာမှာ ပေါ်နေသောအမှတ်အသားများကို ကြည့်ပြီး ခေါင်းခါပြသည်။

"လုံးဝမသေသေးဘူးဆိုပေမယ့် သူက သေလူဖြစ်နေပါပြီ၊ သူ့ရဲ့နှလုံးရော ဦးနှောက်ရော ပုံမှန်မလုပ်တော့ဘူး"

"ဒါဖြင့် ဘယ်လိုလုပ်မလဲဟင်"

"စက်ကိရိယာ အကူအညီကြောင့် မဟုတ်ဘဲ သူ့အလိုအလျောက် နှလုံးပြန်ခုန်လာအောင် ကြိုးစားပေးမှ မျှော်လင့်ချက်နည်းနည်းပဲ ရှိတော့မယ်"

ဒေါက်တာမင်းထင်ကျော်က စိတ်မကောင်းသောအကြည့်ဖြင့် သူမကို ကြည့်လိုက်လေသည်။

သူ့အနေဖြင့် ဆရာဝန်တစ်ယောက် မဟုတ်သောကြောင့် ထို





ကိစ္စမျိုးကိုတော့ မည်သို့မျှ အကူအညီမပေးနိုင်တော့ပါချေ။

သို့သော်လည်း သူသည် ဝိညာဉ်လောကအကြောင်းကို အတန်အသင့် သိသူဖြစ်သောကြောင့် သူ့နည်းသူ့ဟန်နှင့် ကြိုးစားကြည့်ရန် စိတ်ကူးလိုက်သည်။

"ဒီလိုလုပ်ပါလား. . . ခင်ဗျားရဲ့ဝိညာဉ်ကို ရုပ်ခန္ဓာထဲကို ပြန်ဝင်ပြီး ကြိုးစားကြည့်ပါလား"

"ဘယ်လိုဝင်ရမှာလဲ"

"ကိုယ်ပေါ်ကနေ လှဲချလိုက်ပါ"

မေရီချိုက သူမရုပ်ခန္ဓာပေါ် တက်ပြီး လှဲချလိုက်ရာ တော်တော်နှင့် အံဝင်ဂွင်ကျ မရှိဘဲ ဖြစ်နေရာ အတန်ကြာမှ အတွင်းသို့ ရောက်ပြီး ပျောက်သွားတော့သည်။

"ခန္ဓာကိုယ်က သူ့ရဲ့ဝိညာဉ်ကို ပြန်ပြီးလက်ခံနေသေးတယ်ဆိုတော့ သူ အသက်ပြန်ရှင်ဖို့ မျှော်လင့်ချက် ရှိနေသေးတယ်"

ဟု တွေးလိုက်မိသည်။

"ကိုယ်နဲ့စိတ်နဲ့ တသားတည်း ဖြစ်မဖြစ်တော့ စမ်းကြည့်ရမှာပဲ၊ ခင်ဗျား မျက်လုံးဖွင့်ကြည့်ပါလား"

မပွင့်ပေ. . .။

"ခန္ဓာကိုယ်ကို ထဖို့ ကြိုးစားကြည့်ပါလား"

ထတော့ ထလာသည်။

ရုပ်ခန္ဓာက မပါဘဲ ဝိညာဉ်ခန္ဓာကသာ ပြန်ထလာသည်။

"မဟုတ်သေးဘူး. . . ပြန်လှဲလိုက်ဦး၊ ပြီးရင် လက်ချောင်းထောက်တွေကို မြှောက်ကြည့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ ကိုယ်က ပြန်လှဲသွားပြီး လက်နှင့်ခြေထောက်တို့ကို မြှောက်ကြည့်နေသည်။

သို့သော် ရုပ်ခန္ဓာ မပါဘဲ ဝိညာဉ်ခန္ဓာကသာ လှုပ်ရှားနေသည်ကို တွေ့ရသည်။

သူမ၏ဦးနှောက် အလုပ်မလုပ်တော့သည်မှာ သေချာသလောက် ဖြစ်သွားပေပြီ။

ဦးနှောက်က မစေခိုင်းသမျှတော့ ကိုယ်ခန္ဓာက တစ်စက်ကလေးမှ လှုပ်ရှားတော့မည် မဟုတ်ပေ။

ဒေါက်တာမင်းထင်ကျော်က စေခိုင်းသမျှ မေရီချိုကလည်း ကြိုးစားပြီး လုပ်ကြည့်သော်လည်း မရပေ။

ထိုအချိန်မှာပင် တာဝန်ကျ အမျိုးသမီးဆရာဝန်က အခန်းပေါက်ဝသို့ ပြန်ရောက်လာသည်။

"ရှင်တစ်ယောက်တည်း ဘယ်သူနဲ့ စကားပြောနေတာလဲ၊ သတိမေ့နေတဲ့လူနာနဲ့ စကားပြောနေတာတော့ မဟုတ်နိုင်ပါဘူးနော်"

ဒေါက်တာမင်းထင်ကျော်က ဟန်မပျက် ရပ်နေစဉ် သူမက ဆက်ပြောသည်။

"ကျွန်မဂျူတီချိန် ပြည့်တော့မယ်"

"ဟုတ်ကဲ့. . . နောက်ထပ်ငါးမိနစ်လောက်ပဲ ကျွန်တော့်ကို ခွင့်ပေးပါဗျာ"

ဟု ပြောလိုက်တော့ နာရီကိုကြည့်ပြီး ပြန်ထွက်သွားလေသည်။ ဒေါက်တာမင်းထင်ကျော်လည်း ဇင်းတတ်ကျွမ်းသလောက် ကြိုးစားကြည့်တော့လည်း အရာမထင်ဘဲ ရှိလေသည်။





နောက်ဆုံးမှာတော့ နည်းအမျိုးမျိုးနှင့် ကြိုးစားကြည့်သော်လည်း မရတော့သဖြင့် နောက်ထပ်ငါးမိနစ်ကြာသောအခါ အခန်းထဲမှ ပြန်ထွက်လာရာ မေရီချိုလည်း နောက်မှ ပြန်လိုက်လာလေသည်။

အောက်ထပ် ကောင်တာသို့ ရောက်သောအခါ ရှယ်ရီနှင့် ထပ်တွေ့ပြီး အကူအညီတောင်းရပြန်သည်။

"မေရီချိုနဲ့ ပတ်သက်တဲ့ ဆွေမျိုးသားချင်းတွေရဲ့လိပ်စာ ရှိရင် ကူညီပေးပါဦးဗျာ"

"သူ့မှာ အစ်မတစ်ယောက်ပဲ ရှိပါတယ်၊ ကျွန်မ လိပ်စာပေးလိုက်ပါ့မယ်"

ဟု ပြောပြီး ရေးပေးလေသည်။

ဆေးရုံမှ ထွက်လာပြီးနောက် ရှယ်ရီ ပေးလိုက်သောလိပ်စာအတိုင်း သွားတွေ့လေသည်။

ဘဲလ်နှိပ်လိုက်တော့ တံခါးပွင့်လာပြီး အမျိုးသမီးတစ်ယောက်၏မျက်နှာ ပေါ်လာသည်။

"မေရီကျော်နဲ့ တွေ့ချင်လို့ပါ"

"မေရီကျော်ဆိုတာ ကျွန်မပါပဲ၊ ရှင်က ဘယ်သူလဲ"

"ကျွန်တော်က ဒေါက်တာမင်းထင်ကျော်ပါ၊ မေရီချိုရဲ့အခန်း ငှားနေတဲ့သူပါ"

သည်တော့မှ တံခါးဖွင့်ပေးသည်။

အတွင်းဧည့်ခန်းရောက်တော့ မုန့်စားနေကြသော ကလေးနှစ်ယောက်ကိုပါ တွေ့ရသည်။

သူ့နောက်မှာ မေရီချိုလည်း ပါလာရာ ကလေးနှစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



မေရီချို့ကို မြင်နေရဟန်ဖြင့် တအံ့တသြဖြင့် ကြည့်နေကြသည်။

ခဏကြာတော့ မေရီကျော်က ကော်ဖီတစ်ပန်းကန် လာချပေးရာ ကလေးနှစ်ယောက်က နေရာမှမုန့်ပန်းကန်နှစ်ချပ် ယူလာပြီး စားပွဲပေါ်သို့ လာတင်ပေးသည်။

ဒေါက်တာမင်းထင်ကျော်အတွက်က တစ်ပန်းကန်၊ မေရီချို အတွက်က တစ်ပန်းကန် ချပေးဟန်တူသည်။

"သူနေတဲ့အခန်းကို ပွဲစားကတစ်ဆင့် ကျွန်မပဲ ငှားခဲ့တာပါ၊ သူ့အခြေအနေ မသိရသေးလို့ တစ်လပဲ ငှားခဲ့တာဆိုပေမယ့် အခုပုံ အတိုင်းဆိုရင်တော့ နှစ်ချုပ်နဲ့ ဆက်ငှားရတော့မယ် ထင်ပါတယ်၊ သူ့ အတွက်ကတော့ မျှော်လင့်ချက် ရှိတော့မယ်မထင်ပါဘူး"

ဟု မျက်ရည်စက်လက်ဖြင့် ပြောပြသည်။

"ဒီလောက်လည်း စိတ်မလျှော့ပါနဲ့ဗျာ၊ သူ့ရဲ့ကံကြမ္မာက ဘုရားသခင်ရဲ့လက်ထဲမှာ ရှိနေသေးတော့ ဘုရားသခင် စောင့်ရှောက် ပေးမှာပါ၊ ဒါထက် သူဘယ်လိုဖြစ်ခဲ့တယ်ဆိုတာလေး ကျွန်တော့်ကို ပြောပြပါလား"

မေရီကျော်က နားမလည်သလို ကြည့်နေသည်။

"ဒီလိုပါ. . . ကျွန်တော် အဲ့ဒီအခန်းမှာ နေစကတည်းက မေရီ ဝိညာဉ်နဲ့ တွေ့နေရပါတယ်၊ အခုလည်း သူ နံဘေးမှာ ရှိနေပါတယ်"

မေရီကျော်က စားပွဲပေါ်မှ ကလေးများ လာချပေးထားသော မုန့်ပန်းကန်ကို နားမလည်သလို ကြည့်နေသည်။

"ကျွန်မတို့က ဒီအကြောင်းတွေကို သိလည်းမသိ၊ အယုံ အကြည်လည်း မရှိပါဘူး၊ အဲ့ဒီနေ့က မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထား





လို့ဆိုပြီး သူ့ကားကို ကိုယ်တိုင်မောင်းပြီး အပြင်ထွက်သွားတာလောက် ပဲ သိတာပါပဲ၊ ညပိုင်းရောက်တော့မှသာ သူ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံရောက်နေတဲ့အကြောင်း သတင်းကြားရတာပါပဲ"

ဒေါက်တာမင်းထင်ကျော်အတွက် နောက်ထပ်သဲလွန်စတစ်ခု ရလိုက်ပြန်သည်။

မေရီချိုနှင့် ချိန်းထားသည်ဆိုသောမိတ်ဆွေကို စုံစမ်းရပေဦး တော့မည်။

"သူ့အတွက်တော့ မျှော်လင့်ချက် မရှိတော့ပါဘူး၊ ဆေးရုံက လည်း သုံးလပြည့်ပြီဆိုတော့ သူ့ရဲ့အသောင်းကို ဖျက်ဆီးပစ်ဖို့ ကျွန်မ လက်မှတ်ထိုးပေးရမယ်"

"ဒီကိစ္စကိုတော့ တတ်နိုင်သမျှ အချိန်ဆွဲလို့ရသမျှ ဆွဲထားပေး ပါဗျာ၊ ကျွန်တော် သူ့အတွက် အစွမ်းကုန် ကြိုးစားကြည့်ချင်ပါသေး တယ်၊ တကယ်တော့ သူ့အသက်ပြန်ရှင်လာနိုင်ပါသေးတယ်"

ဟု ပြောသောအခါ မေရီကျော်က သူ့ကို နားမလည်သော အမူအယာဖြင့် ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [၈]

# အချစ်ဖြင့် နိုးထလာသောဝိညာဉ်

စိန့်ပီတာဆေးရုံမှ ပြန်လာကတည်းက မေရီချို၏အမူအယာမှာ သိသိသာသာကြီး ပြောင်းလဲသွားလေသည်။

တစ်နေရာမှာ ငြိမ်သက်စွာ ထိုင်နေပြီး အဝေးသို့ ငေးမောကြည့်နေတတ်သည်။

သူမ၏အမူအယာမှာ သေမိန့်ကျခံပြီးသော အကျဉ်းသားအတွက် မျှော်လင့်ချက် မရှိတော့သည့်ပုံသဏ္ဍာန်မျိုးဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်အနေနှင့်လည်း စိတ်မကောင်းဖြစ်ရုံမှလွဲပြီး ယခုလောလောဆယ်တော့ မည်သို့မှ အကူအညီ မပေးနိုင်သေး



www.burmeseclassic.com

www.burmeseclassic.com



ပေ။

ယခင်နေ့ရက်များမှာ မေရီချိုသည် မကြာခဏ ပျောက်သွားပြီး အပြင်သို့ သွားလာနေဟန်ရှိသော်လည်း ဒီနေ့တော့ အခန်းတွင်းမှ ပြတင်းပေါက်နား၌ ထိုင်ကာ အဝေးသို့ ငေးကြည့်နေသည်။

ညဦးပိုင်းအချိန်ရောက်သောအခါမှ ဒေါက်တာမင်းထင်ကျော်က သူမအနီးသို့ သွားပြီး အားပေးစကား ပြောရလေသည်။

"ကျွန်တော်လည်း ခင်ဗျားအတွက် စိတ်မကောင်းပါဘူးဗျာ၊ အခုလို အခြေအနေမှန်ကို သိရတော့ ပိုကောင်းတာလည်း ပါ,ပါတယ်၊ ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားရင် ခင်ဗျားအတွက် မျှော်လင့်ချက် ရှိနိုင်ပါသေးတယ်"

"ရှင့်ကို ကျေးဇူးတင်ပါတယ်၊ ကျွန်မအတွက်နဲ့ အများကြီး ပင်ပန်းနေပြီ"

"ကျွန်တော့်အတွက် ဒီလောက်အကူအညီပေးရတာ အပန်း မကြီးပါဘူး၊ နောက်ဆုံးအခြေအနေအထိတော့ ခင်ဗျားအတွက် ကြိုး စားပေးမှာပါ၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ ဒီကိစ္စမျိုးက ကျွန်တော်တို့ အနေနဲ့ အပြင်မှာ ရှိနေသေးတဲ့ ရုပ်ပိုင်းဆိုင်ရာကိုပဲ အကာအကွယ်ပေး လို့ ရနိုင်မယ်၊ ဦးနှောက်နဲ့နှလုံးသား အလုပ်ပြန်လုပ်ဖို့တော့ ခင်ဗျား ကိုယ်တိုင် ကြိုးစားမှ ရမှာ"

"ကျွန်မက ဘယ်လိုကြိုးစားရမှာလဲဟင်"

"ခင်ဗျားမှာ ချစ်သူရှိခဲ့ဖူးလားဟင်"

"မရှိခဲ့ဘူးလို့တော့ ထင်တာပဲ"

"ချစ်သူနဲ့ ပတ်သက်ပြီး ခံစားရတာ စိတ်လှုပ်ရှားခဲ့ရတာမျိုး





မရှိခဲ့ဘူးလားဟင်"

အဝေးသို့ ငေးကြည့်ပြီး အတန်ကြာအောင် စဉ်းစားနေသည်။ ပြီးမှ ခေါင်းခါပြသည်။

"မရှိခဲ့ဘူး ထင်တယ်၊ အဲ့ဒီအကြောင်းတွေကို ဘာမှတွေးလို့ မရဘူး"

"အချစ်နဲ့ မပတ်သက်ခဲ့ဖူးတဲ့ လူတစ်ယောက်ရဲ့နှလုံးသားကို လှုပ်ရှားလာအောင် လုပ်ဖို့ကတော့ အတော်ကလေး ခက်ခဲတဲ့ကိစ္စမျိုးပဲ"

ဟု ပြောပြီး ဒေါက်တာမင်းထင်ကျော်က ဆိုဖာထိုင်ခုံပေါ်မှာ ဝင်ထိုင်သောအခါ သူမက လိုက်လာပြီး မနီးမဝေးမှာ ဝင်ထိုင်လေ သည်။

"ရှင် တော်တော်စိတ်ပျက်သွားပြီလား၊ အမှန်အတိုင်း ပြောရ ရင် အရင်က ရှင်ပြောတဲ့ခံစားမှုမျိုး မရှိခဲ့တာတော့ သေချာသလောက် ပဲ၊ ဒါပေမယ့် . . ."

သူမက စကားမဆက်တော့ဘဲ ဒေါက်တာမင်းထင်ကျော်ကို ကြည့်နေလေရာ သူက ပြန်လှည့်ကြည့်သောအခါ အကြည့်ချင်း ဆုံ သွားလေသည်။

"ရိုးရိုးသားသား ဝန်ခံရင် အရင်က ကျွန်မ ဒီအကြောင်းတွေကို စိတ်မဝင်စားဘူး၊ ရင်ထဲမှာလည်း ကျွန်မဘဝ တိုးတက်ရေးကလွဲပြီး ဘာမှမထည့်ထားခဲ့ဘူး၊ ဒါကြောင့် ရှင်ပြောတဲ့ခံစားမှုနဲ့ ပတ်သက်ရင် အတော့်ကို ညံ့ဖျင်းခဲ့ပါတယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်သည် သ ဘောပေါက်စွာဖြင့် ပြုံးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြောတဲ့ ခံစားမှုဆိုတာ ဘာလဲဟင်"

"အရှင်းဆုံး ပြောရရင်တော့ အချစ်ပါပဲ"

"ကျွန်မ အရင်က အချစ်နဲ့ ပတ်သက်ပြီး ခံစားမှုလည်း မရှိဘူး၊ သိလည်း မသိခဲ့ဘူး၊ အခုတော့ ကျွန်မရင်ထဲမှာ တစ်မျိုးခံစားလာရသလိုပဲ"

ဟု ပြောရာ ဒေါက်တာမင်းထင်ကျော်က သူမဘက်သို့ လှည့်ပြီး ကြည့်လိုက်သည်။

မျက်လုံးချင်း ဆုံပြီးကြည့်သောအခါ သူမမျက်ဝန်းထဲ၌ အဖြေတစ်ခုကို တွေ့ရလေသည်။

"ရှင် ကျွန်မကို ချစ်သူအဖြစ် အကူအညီပေးနိုင်မလားဟင်"

သူမက တစ်စုံတစ်ခုကို မျှော်လင့်နေသောအကြည့်မျိုးဖြင့် ကြည့်ကာ အကူအညီတောင်းလာသည်။

"အချစ်ဆိုတာ ရင်ထဲက မပါဘဲနဲ့ ဘယ်လိုမှ ဖန်တီးလို့မရဘူး၊ အတုအယောင် လုပ်လို့မရဘူး၊ အကူအညီပေးလို့ မရပါဘူး"

"ဒါ . . ဒါဖြင့် . . ."

"ဒါပေမယ့် ကျွန်တော် ခင်ဗျားကို အကူအညီပေးပါ့မယ်၊ ဒါပေမယ့် ခင်ဗျားအတူအညီတောင်းသလိုမျိုး ခဏဝင်ပြီး အကူအညီပေးတာမျိုး မဟုတ်ဘဲ ထာဝရချစ်သူတစ်ယောက်လို အကူအညီပေးမှာပါ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော် ခင်ဗျားအပေါ်မှာ သံယောဇဉ်ဖြစ်ပြီး ချစ်နေမိလို့ပါပဲ"

ထိုစကားကြားသောအခါ သူမမျက်ဝန်းတွင် မျှော်လင့်ချက်အရိပ်အယောင်များ ပေါ်လာလေသည်။





"ကျွန်တော့်အချစ်ကို ခင်ဗျားလက်ခံပေးနိုင်မလား"

"ဘယ်လိုကြောင့်လဲတော့ မသိဘူး၊ ကျွန်မရင်ထဲမှာ နွေးလာသလိုပဲ၊ ဦးနှောက်တွေလည်း လှုပ်ရှားလာသလို၊ အဲ. . အဲဒါ ဘာဖြစ်တာလဲဟင်"

"ခင်ဗျားကိုယ်ထဲမှာ ငြိမ်သက်နေတဲ့ဦးနှောက်နဲ့ နှလုံးသားကို အချစ်က လှုပ်နှိုးလိုက်တာ ဖြစ်မှာပေါ့၊ ကျွန်တော်ပြောတာကိုရော ခင်ဗျားလက်ခံပေးနိုင်မလားဟင်"

"ကျွန်မတစ်သက်တာမှာ ယောက်ျားတစ်ယောက်နဲ့ ပတ်သက်လို့ အဲသည်လို ခံစားမှုမျိုး တစ်ခါမှ မပေါ်ခဲ့သေးဘူး၊ ရှင်ပြောတဲ့စကားကို နားထောင်ရင်းနဲ့ ရင်ထဲမှာ ကြည်နူးနေတယ်၊ နွေးလာသလိုလည်း ခံစားရတယ်၊ ကျွန်မ ရှင့်ရဲ့အချစ်ကို လက်ခံပါ့မယ်"

"ဒါဖြင့် ကျွန်တော်ချစ်သလိုမျိုး ချစ်နိုင်ပြီပေါ့နော်"

သူမက သွက်လက်စွာပင် ခေါင်းညိတ်ပြသည်။

"မေရီ. ."

"ရှင်. ."

"မေရီက ကိုယ့်ရဲ့ချစ်သူဘဝ ရောက်နေပြီဆိုတော့ ချစ်သူအတွက် အကောင်းဆုံး လုပ်ပေးရမှာ ကိုယ့်ရဲ့တာဝန်ဖြစ်လာပြီ၊ မင်း ဘယ်ဘဝမျိုးပဲ ရောက်နေနေ ကိုယ် အမြဲတမ်း ချစ်နေပြီး အမြဲတမ်း ကူညီစောင့်ရှောက်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် မောင်ရယ်"

ဟု ပြောရင်း တဖြည်းဖြည်း ရှေ့သို့ တိုးလာသည်။ လက်တစ်လှမ်းအကွာရောက်တော့ ရပ်တန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က သူမမျက်နှာရှေ့မှာ လက်ဝါး ထောင်ပြလိုက်သည်။

"မေရီ . . မောင့်ကို တကယ်ချစ်တယ်ဆိုရင် ဒီလက်ဝါးကို ထိအောင်ကြိုးစားကြည့်ပါ"

ဟု ပြောသောအခါ သူမလက်ဝါးတစ်ဖက် မြှောက်တက်လာပြီး ဒေါက်တာမင်းထင်ကျော်၏လက်ဝါးကို လာထိရန် ကြိုးစားလေသည်။

ပထမတော့ အဆင်မပြေဘဲ ကျွံဝင်သွားလေသည်။ အကြိမ်ကြိမ် ကြိုးစားတော့မှ တဖြည်းဖြည်းနှင့် လက်ဝါးနှစ်ခု ထိကပ်သွားလေတော့သည်။

ထိုသို့ ထိမိသည်နှင့် သက်ရှိ လူတစ်ယောက်၏လက်ဝါးနှင့် ထိလိုက်ရသကဲ့သို့ အနွေးဓါတ်များ စိမ့်ဝင်လာသည်။ ရင်ထဲမှာ လှုပ်ရှားလာသည်။

လက်ဝါးတပိုက်မှာ ရှိသော သွေးကြောများမှတစ်ဆင့် ရင်ထဲသို့ စီးဝင်လာသကဲ့သို့ ခံစားရလေသည်။

**မေရီချို**မှာလည်း ထိုအတိုင်းပင် ခံစားနေရဟန်ရှိလေသည်။ **သူမတစ်ကိုယ်လုံး လှုပ်ရှားနေ**လေသည်။

**ထိုနေ့ညက အတွေ့အထိကိုတော့** သူတို့နှစ်ဦးအဖို့ ဘယ်သောအခါမှ မမေ့ပျောက်နိုင်သောအဖြစ်တစ်ခုပင် ဖြစ်ပေတော့သည်။

တစ်ညလုံး လက်ဝါးချင်း ထိကပ်ထားခြင်းဖြင့် ရင်ထဲမှ နွေးထွေး လှုပ်ရှားမှုများက တိုးလာလေသည်။

"မောင် . ."

"ဟင် . ."





"ကျွန်မကို တကယ်ချစ်တာလားဟင်၊ ဒါမှမဟုတ် မလွဲသာလို့ အကူအညီပေးနေတာလားဟင်"

"အကူအညီပေးနေတာ မဟုတ်ပါဘူး မေရီရယ်၊ မေရီ့အပေါ်မှာ ရင်ထဲက မေတ္တာစစ်နဲ့ တကယ်ချစ်မိတာပါ၊ မေရီကရောဟင်"

"ကျွန်မလည်း **တစ်ခါမှ မဖြစ်ပေါ်ဖူး**သေးတဲ့အချစ်မျိုးနဲ့ မောင့်အပေါ်မှာ ချစ်ပါတယ်၊ တကယ်လို့ **ကျွန်မ အသက်ပြန်မရှင်**နိုင်တော့ဘူးဆိုရင်ကောဟင်"

"မောင့်ရဲ့အချစ်က ဘယ်တော့မှ မပြယ်ပါဘူး၊ မေရီကိုလည်း ဘယ်တော့မှ မမေ့ပါဘူး၊ တစ်သက်လုံး သစ္စာတရားနဲ့ ချစ်သွားမှာပါ"

ဟု ပြောသောအခါ တစ်ကြိမ်မှ မတွေ့ခဲ့ရဖူးသော ကြည်နူးမှုအပြုံးရိပ်ကလေးများ သူမမျက်နှာပေါ်၌ ပေါ်လာလေသည်။

ထိုညတစ်ညလုံး မျက်နှာချင်းဆိုင်လျက် လက်ဝါးချင်း ထိကပ်ထားလျက်နှင့် တစ်ညလုံး နေကြရာမှာ မိုးလင်းကာနီးမှ မှေးကနဲ အိပ်ပျော်သွားလေသည်။

အိပ်ပျော်ရာမှ ပြန်နိုးလာသောအခါ သူ့အနီးမှာ မေရီချိုကို မတွေ့ရတော့ပေ။

လိုက်ရှာကြည့်တော့ အိမ်ရှေ့မှာ ချထားသော ဆိုဖာထိုင်ခုံပေါ်မှာ ထိုင်နေလေသည်။

သူ့ကို မြင်တော့ မေရီချိုက ပြောသည်။

"ကျွန်မ မောင်နဲ့ မခွဲချင်တော့ဘူး၊ ဒီတော့ အသက်ပြန်ရှင်နိုင်အောင် ကြိုးစားမှဖြစ်တော့မယ်"

"ဒါဖြင့် မောင်တို့ ဆေးရုံကို ပြန်သွားပြီး ကြိုးစားကြသေးတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

ဟု ပြောကာ ကိုယ်လက်သန့်စင်ခြင်းနှင့် အဝတ်အစားလဲခြင်းတို့ကို အလျင်အမြန်ပင် ပြုလုပ်လေတော့သည်။





# အခန်း [၉]

# ဒေါက်တာချာရင်တန်နှင့် တွေ့ရခြင်း

နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာပင် စိန့်ပီတာဆေးရုံသို့ သွားတော့ အပေါ်ထပ်သို့ အလွယ်တကူ တက်ခွင့်ရလေသည်။

မေရီချို အခန်းတွင်းသို့ ဝင်ရန် တာဝန်ကျဆရာဝန်အခန်းသို့ သွားပြီးခွင့်တောင်းရသည်။

အခန်းတံခါး ဖွင့်လိုက်သောအခါ စားပွဲနောက်မှာ ထိုင်ပြီး တယ်လီဖုန်းပြောနေသည့် ဆရာဝန်တစ်ယောက်ကို လှမ်းမြင်ရသည်။

"ဟင်. . သူ. . သူ. . "

နောက်မှ ပါလာသောမေရီချိုမှာ အထိတ်တလန့်ဖြစ်သွားဟန်



www.burmeseclassic.com

www.burmeseclassic.com



ရှိလေသည်။

"ဘာဖြစ်လို့လဲဟင်"

"သူ့နာမည်က ချာရင်တန်တဲ့၊ လက်ထောက်ဆရာဝန်တစ်ယောက်ပဲ၊ ကျွန်မကို ဒုက္ခပေးခဲ့တာ သူပဲ"

ဟု ပြောသည်။

"ဘယ်လိုဒုက္ခပေးခဲ့တာလဲ"

"ကျွန်မ အခုလို ဖြစ်နေရတာ သူ့ကြောင့်ပဲ၊ ကျွန်မ နောက်တော့ ပြောပြပါ့မယ်"

ထိုသို့ပြောနေစဉ် ချာရင်တန်ဆိုသူက တယ်လီဖုန်းကို စားပွဲပေါ် ပြန်ချပြီး အခန်းပေါက်ဝမှာ ရပ်နေသည့် ဒေါက်တာမင်းထင်ကျော်ကို တစ်ချက်လှမ်းကြည့်သည်။

"ဝင်ခဲ့ပါ"

ဟု လှမ်းပြောသဖြင့် လျှောက်သွားပြီး စားပွဲရှေ့တွင် ရပ်လိုက်သည်။

"ခင်ဗျားဘယ်သူလဲ. . . ဘာကိစ္စရှိလို့လဲ"

"ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်၊ ဒေါက်တာမေရီချိုကို ကြည့်ချင်လို့ပါ"

"ခင်ဗျားက ဆရာဝန်တစ်ယောက်လား၊ သူနဲ့က ဘယ်လို ပတ်သက်နေလို့လဲ"

"မေရီချိုက ကျွန်တော့်ချစ်သူပါ"

ထိုစကားကြားသောအခါ တအံ့တသြ ဖြစ်သွားဟန်ရှိသည်။ ပြီးမှ သဘောကျစွာဖြင့် ရယ်လိုက်လေသည်။





"မယုံနိုင်စရာပဲ. . . ဒေါက်တာမေရီချိုက ဒီဆေးရုံမှာ အလုပ်လုပ်နေတာ အတော်ကြာပြီ၊ ကျွန်တော်တို့နဲ့လည်း ခင်မင်ရင်းနှီးပါတယ်၊ သူ့အကြောင်းကိုလည်း သိပါတယ်၊ သူ့မှာ ချစ်သူရှိတယ်လို့တော့ တစ်ခါမှ မကြားမိပါလား"

ဟု ပြောကာ ရယ်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က ဘာမှ ထွေထွေထူးထူး မပြောဘဲ ဒေါက်တာချာရင်တန်ကို အကဲခတ်ကြည့်နေလေသည်။

ချာရင်တန်မှာ အသက်(၃၀)ကျော်အရွယ်ခန့်ရှိပြီး အရပ်မြင့်မြင့် ပိန်ပိန်ပါးပါးဖြစ်သည်။

မျက်တွင်းက အတွင်းသို့ ချိုင့်ဝင်နေပြီး နှုတ်ခမ်းပြဲပြဲနှင့် ဖြစ်သည်။

ရုပ်မှက်ကြီးပြီး ယုတ်မာသည့်စိတ်ထားမျိုး ရှိသည့်ရုပ်မျိုးဖြစ်ကြောင်း အကဲခတ်မိလေသည်။

အတန်ကြာတော့မှ ဒေါက်တာချာရင်တန်က အရယ်ရပ်ပြီး မော့ကြည့်သည်။

"ဒေါက်တာမေရီချိုအတွက်တော့ စိတ်မကောင်းစရာပဲပေါ့ဗျာ၊ သူ့အခြေအနေက လုံးဝမျှော်လင့်ချက် မရှိတော့ပါဘူး၊ ဒီလကုန်အထိပဲ သူ့ကို ဒီမှာ ထားခွင့်ရှိတော့တယ်၊ သူ့ရဲ့အစ်မ လက်မှတ်ထိုးပြီးရင်တော့ သူ့ကို ဒီမှာ ထားတော့မှာ မဟုတ်ပါဘူး"

ဒေါက်တာမင်းထင်ကျော်က နံရံမှာ ချိတ်ထားသောပြက္ခဒိန်ကို လှမ်းကြည့်လိုက်တော့ လကုန်ရန် ဘစ်ပတ်မျှသာ လိုတော့ကြောင်း တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေရီချို့အတွက် အချိန်တစ်ပတ်သာ ကျန်တော့သည်။

"ကျွန်တော် သူ့ကို ကြည့်ချင်ပါတယ်"

"ကောင်းပြီလေ. . . ခင်ဗျားအတွက်တော့ နောက်ဆုံးအခွင့်အရေး ပေးရမှာပေါ့၊ ခင်ဗျား သူ့ကို နာရီဝက်လောက်တော့ တွေ့ခွင့်ရှိပါတယ်၊ ပြောစရာ မှာစရာတွေကို တစ်ခါတည်းသာ မှာပေါ့ဗျာ"

ဟု ပြောပြီး ခွင့်ပြုချက်လက်မှတ် ရေးပေးလိုက်သည်။ အခန်းစောင့်ကို ထိုလက်မှတ်ပြသောအခါ အတွင်းဝင်ခွင့် ရလေသည်။

အထူးခန်းအတွင်းသို့ တာဝန်ကျဆရာဝန်၏ခွင့်ပြုချက် လက်မှတ်မပါဘဲ ဝင်ခွင့်မရနိုင်ရာ ရှော့ရှော့ရှူရှူ လက်မှတ်ထိုးပေးလိုက်သော သူ့ကိုပင် ကျေးဇူးတင်ရပေဦးမည်။

အခန်းတွင်းသို့ ရောက်သောအခါ မေရီချို၏ရုပ်ခန္ဓာကို ဟိုတစ်နေ့က တွေ့မြင်ခဲ့ရသည့်အတိုင်း မလှုပ်မယှက် ငြိမ်သက်နေသည်ကို တွေ့ရသည်။

**အချက်ပြကိရိယာများမှာလည်း အနည်းငယ်မျှလောက်သာ အချက်ပြပေးလေသည်။**

**ဒေါက်တာမင်းထင်ကျော်က** မေရီချို၏ဝိညာဉ်ကို ခန္ဓာကိုယ် **အတွင်းသို့ ဝင်ခိုင်းပြီး အမျိုးမျိုး ကြိုးစား**ကြည့်သော်လည်း အခြေအနေကတော့ မထူးလာပေ။

နောက်ဆုံးမှာတော့ သတ်မှတ်ပေးသောအချိန် စေ့သွားသောကြောင့် အခန်းထဲမှ ပြန်ထွက်ခဲ့ရလေသည်။

အခန်းသို့ ပြန်ရောက်သောအခါမှ ဒေါက်တာမင်းထင်ကျော်က ချာရင်တန်နှင့် ပတ်သက်သောအကြောင်းကို မေးရာ မေရီချိုက





အကြောင်းစုံ ပြောပြသည်။

ချာရင်တန်သည် မေရီချိုနှင့် လုပ်ဖော်ကိုင်ဖက်ဆရာဝန်တစ်ဦးဖြစ်ကာ မေရီချိုအပေါ် စိတ်ဝင်စားနေသူဖြစ်သည်။ သူသည် မေရီချို၏အချစ်ကို ရရန် နည်းအမျိုးမျိုးနှင့် ကြိုးပမ်းနေသော်လည်း မေရီချိုကတော့ စိတ်မဝင်စားဘဲ ပုံမှန်အတိုင်းသာ ဆက်ဆံခဲ့လေသည်။

တစ်နေ့ ညစာစားပွဲတစ်ခုတွင် တွေ့ရာ ချာရင်တန်က ၎င်းမှာ ကားမပါလာသောကြောင့် မေရီချိုကားနှင့် လူကြုံလိုက်လာသည်။

ချာရင်တန်က ကားမောင်းပြီး မေရီချိုက နံဘေးမှ ထိုင်လိုက်လာသည်။

လမ်းတလျှောက်လုံးမှာလည်း သူ့အချစ်ကို လက်ခံပေးရန် နည်းအမျိုးမျိုးနှင့် ပြောလာလေသည်။

"ချာရင်တန်. . . ရှင်ပြောနေတာတွေကို ကျွန်မ လုံးဝစိတ်မဝင်စားပါဘူး၊ အခု ရှင်နေတဲ့အဆောင်ကို ပြန်မှာမဟုတ်လား၊ ကားကို ဘယ်နေရာ မောင်းနေတာလဲ"

"အဆောင်မပြန်ချင်သေးဘူး. . . ဒီအခွင့်အရေးမျိုးက ရခဲတယ်ဆိုတော့ မေရီနဲ့ အေးအေးဆေးဆေး စကားပြောချင်သေးတယ်၊ တစ်နေရာ သွားကြရအောင်"

"အို. . . ကျွန်မ မလိုက်ချင်ပါဘူး၊ အခုချက်ချင်း ကားကို ပြန်လှည့်ပေးပါ"

ချာရင်တန်က မလှည့်ဘဲ မောင်းမြဲမောင်းနေသည်။

"အေးအေးဆေးဆေး စကားပြောရုံပါပဲကွာ၊ မေရီကို [illegible] ဖျားနဲ့တောင် မထိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အို့ . . မရဘူး . . မရဘူး၊ ကားကို ပြန်လှည့်ပါ"

ချာရင်တန်ကလည်း မလှည့်ပေ။

နောက်ဆုံး စိတ်မြန်လက်မြန်ရှိသော မေရီချိုက ကားစတီယာရင်ကို ဆွဲလှည့်လိုက်လေတော့သည်။

"ဟေ့ . . မလုပ်နဲ့ . . မလုပ်နဲ့၊ ဒီလိုမလုပ်နဲ့"

အော်ဟစ်ရင်းနှင့်ပင် ကားက လမ်းဘေးသို့ ထိုးဆင်းသွားပြီး သစ်ပင်နှင့် အရှိန်ပြင်းစွာ ဝင်ဆောင့်မိသွားလေတော့သည်။

"ဝုန်း"

တိုက်မိသောအခြမ်းမှာ မေရီချို ထိုင်နေသောဘက်ဖြစ်နေသည်။ ချာရန်တန်ကတော့ ကံကောင်းထောက်မစွာဖြင့် ဘာတစ်ခုမှ မဖြစ်ခဲ့သော်လည်း ကံဆိုးရှာသော မေရီချိုခမျာမှာတော့ ယခုလိုဘဝအခြေအနေမျိုး ရောက်ခဲ့ရလေတော့သည်။

"ဒီလူ အကော်ယုတ်မာတဲ့လူပဲ၊ သူ့ကြောင့် လူတစ်ယောက် အခုလိုဘဝမျိုး ရောက်နေတာတောင် ဟန်မပျက် နေနိုင်တယ်"

"သူက ကျွန်မကို သေစေချင်နေတာလေ၊ ကျွန်မ သတိပြန်ရလာရင် သူ ယုတ်မာပုံတွေ ပေါ်မှာဆိုတော့ မြန်မြန်သေသွားဖို့တောင် ဆုတောင်းနေမှာပါ"

ထိုအကြောင်းများ သိခဲ့ပြီးနောက်ပိုင်းမှာ ဒေါက်တာမင်းထင်ကျော်မှာ တစ်ယောက်တည်း မလုပ်တော့ဘဲ သူ၏မိတ်ဆွေ ဂျက်ဖရီဂါကိုပါ ဖုန်းဆက်ခေါ်ပြီး အကူအညီတောင်းထားလေသည်။

ထို့ပြင် ဆေးရုံမှ ဒေါက်တာမော်လီတို့ကိုလည်း အကူအညီတောင်းထားရသည်။





"ကျွန်တော် သူ့အတွက် နောက်ဆုံးအချိန်အထိ ကြိုးစားကြည့်ပါရစေ"

"ရှင့်အတွက် ကျွန်မတို့လည်း စိတ်မကောင်းပါဘူး၊ မေရီချိုဟာ ကျွန်မတို့နဲ့ ရင်းနှီးတဲ့မိတ်ဆွေတစ်ယောက်ဆိုတော့ ကျွန်မတို့လည်း တတ်နိုင်သလောက် အကူအညီပေးပါ့မယ်၊ ကျွန်မ ဖုန်းနံပါတ်ကိုလည်း ယူထားပါ၊ ရှင်နဲ့ ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်လည်း ကျွန်မကို ပေးထားပါ၊ အကြောင်းထူးရင် ဖုန်းဆက်ပြောပါ့မယ်"

ဟု မှာထားလေသည်။

ထိုရက်အတွင်းမှာလည်း မေရီချိုအစ်မ မေရီကျော်နှင့် သွားတွေ့ရသေးသည်။

သူမသည် မေရီချိုအတွက် လက်မှတ်ထိုးပေးရမည့်သူဖြစ်လေသည်။

"စိတ်မကောင်းပါဘူး . . ကျွန်မလည်း ကျွန်မရဲ့ညီမကို ဒီလို ဘယ်လုပ်ပေးချင်ပါ့မလဲ၊ ကျွန်မ လက်မှတ်ထိုးပေးလိုက်တာနဲ့ သူ့ကို ဒီအတိုင်း မထားကြတော့ဘူးဆိုတာ သိပါတယ်၊ ဒါပေမယ့် ကျွန်မအတွက် လကုန်ရက်အထိပဲ ရနိုင်တော့မှာမို့ ကျွန်မလည်း စိတ်မကောင်းပါဘူး"

မေရီကျော်က ပြောရင်း မျက်ရည်များ စီးကျလာလေသည်။

"မေရီကျော်အနေနှင့် ဖြစ်နိုင်ရင်တော့ တတ်နိုင်သလောက် အချိန်ဆွဲထားပေးပါ၊ ကျွန်တော် နောက်ဆုံးအချိန်အထိ သူ့အတွက် ကြိုးစားမှာပါ"

ဟု ပြောထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင် ဒေါက်တာမော်လီထံမှ တယ်လီဖုန်း ဝင်လာသည်။

“ဆေးရုံမှာ အံ့သြစရာတစ်ခု တွေ့နေရလို့ ရှင့်ဆီ ဖုန်းဆက်ပြီး ပြောတာပါ၊ ဒေါက်တာချာရင်တန်က မေရီချိုကို စိတ်ဝင်စားနေပြီး သူ့အချစ်ကို ရဖို့ ကြိုးစားနေမှန်းလည်း ကျွန်မတို့ သိပါတယ်၊

အခုတော့ မေရီချိုကို ဆေးရုံက ဖယ်ရှားပေးဖို့ သူကိုယ်တိုင် ဦးဆောင်ပြီး လုပ်နေတာကို တွေ့ရတယ်၊

ရှင်တို့အတွက် အချိန်တော့ သိပ်မကျန်တော့ဘူး ဒေါက်တာမင်းထင်ကျော်၊ ကြိုးစားမယ်ဆိုရင် ဒီရက်ထဲမှာပဲ အမြန်ကြိုးစားစေချင်တယ်”

“အခုလို အသိပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော် အစွမ်းကုန် ကြိုးစားပါ့မယ်၊ နောက်ထပ် အခြေအနေ ထူးခြားရင်လည်း ကျွန်တော့်ဆီကို ဖုန်းဆက်ပေးပါဦး”

“ကောင်းပါပြီရှင်”

ထိုရက်အတွင်းမှာ ဒေါက်တာမင်းထင်ကျော်တစ်ယောက် မနားမနေ လှုပ်ရှားနေသည်ကို ကြည့်ပြီး အနီးမှာ အမြဲရှိနေသော မေရီချိုက ပြောသည်။

“ကျွန်မအတွက်နဲ့ မောင်လည်း သိပ်ပင်ပန်းနေပြီ၊ တကယ်လို့ အကျိုးမထူးတော့တဲ့အခြေအနေမျိုးဆိုရင်လည်း ကျွန်မအတွက် အပင်ပန်းမခံပါနဲ့တော့ မောင်ရယ်၊ ကျွန်မဘဝနဲ့ကျွန်မသာ ရှိပါစေတော့”

“မပင်ပန်းပါဘူး မေရီရယ်၊ ကိုယ့်ချစ်သူအတွက် လုပ်ပေးရတာကို ပင်ပန်းတယ်လို့ ဘယ်ထင်ပါ့မလဲ၊ ဖြစ်နိုင်ရင် မောင်က အသက်ချင်း





တောင် လဲပေးလို့ရရင် လဲပေးလိုက်ချင်တာပါ”

ဟု ပြောသောအခါ မျက်ရည်ဝဲသောအကြည့်ဖြင့် ကြည့်နေသည်။ ပြီးမှ လက်ဝါးဖြန့်ပေးရာ ဒေါက်တာမင်းထင်ကျော်က သူမလက်ဝါးပေါ်သို့ သူ့လက်ဖြင့် ထိပေးလိုက်သည်။

ထိုအထိအတွေ့မှ **ရသော နွေးထွေးမှုကိုတော့** သူတို့အတွက် ဘယ်သောအခါမှ **မေ့နိုင်တော့မည် မဟုတ်ပေ။**



www.burmeseclassic.com

www.burmeseclassic.com





## အခန်း[၁၀]

# အချစ်ကြောင့် အသက်ပြန်ရှင်ခွင့်ရလာသူ

နောက်တစ်နေ့နံနက်ပိုင်းအချိန်မှာတော့ ဒေါက်တာမော်လီက တယ်လီဖုန်း ဆက်ပြောလေသည်။

"ဒေါက်တာမင်းထင်ကျော်. . . ပြောရမယ့်သတင်းကတော့ မကောင်းပါဘူး၊ ဒေါက်တာ..မေရီချိုကို ဆက်သွယ်ပေးထားတဲ့ စက်ကိရိယာတွေ တစ်ခုမှ လှုပ်ရှားမှု မပြတော့ပါဘူး"

"ဟင်. . ."

ဒေါက်တာမင်းထင်ကျော်က မနီးမဝေးမှာ ထိုင်နေသော မေရီ



www.burmeseclassic.com

www.burmeseclassic.com



ချို့ကို စိတ်မကောင်းစွာဖြင့် လှမ်းကြည့်လိုက်လေသည်။

"ကျွန်မတို့လည်း အတတ်နိုင်ဆုံးတော့ ကြိုးစားပေးကြတာပါပဲ၊ ဒါပေမယ့် ဘယ်လိုမှ မတတ်နိုင်ကြတော့ပါဘူး၊ ဘုရားသခင်ရဲ့အလိုတော်အတိုင်းလို့သာ မှတ်ယူလိုက်ပါတော့ရှင်"

ဟု ပြောပြီး တယ်လီဖုန်း ပြန်ချသွားသည်။

ဒေါက်တာမင်းထင်ကျော်မှာ ချစ်သူဘဝရောက်နေပြီဖြစ်သော မေရီချိုအတွက် များစွာစိတ်မကောင်းဖြစ်သွားလေသည်။

သို့သော် မတတ်နိုင်သောအခြေအနေသို့ ရောက်ခဲ့လေပြီ၊ ညနေပိုင်းအချိန်ရောက်တော့ ဒေါက်တာမော်လီထံမှ ဖုန်းထပ်ဝင်လာသည်။

"ဒေါက်တာမင်းထင်ကျော် . . . ဒီနေ့ပဲ မေရီချိုရဲ့အစ်မက လက်မှတ်ထိုးပေးလိုက်ပြီ၊ မနက်ဖြန်ဆို မေရီချိုရဲ့အလောင်းကို သူတို့ လာသယ်သွားကြတော့မယ်၊ ရှင်ဘယ်လိုလုပ်ချင်သလဲ"

ဟု လှမ်းမေးသည်။

"ကျွန်တော်ကတော့ မေရီကို သူတို့လက်ထဲ မထည့်ချင်သေးဘူး၊ မေရီဟာ သူ့ရဲ့ရုပ်ခန္ဓာ အဖျက်အဆီးမခံရမချင်း အသက်ရှင်ခွင့်ရနိုင်သေးတယ်"

"ဒီတော့ ဘယ်လိုလုပ်မလဲ"

"ကျွန်တော် သူ့ကို လိုချင်တယ်၊ သူတို့ မဖျက်ဆီးခင် တစ်နေရာကို ယူသွားပြီး ထပ်ကြိုးစားချင်သေးတယ်"

"သက်ဆိုင်တဲ့ အစ်မဖြစ်တဲ့သူကတောင် အလောင်းကို ဖျက်ဆီးဖို့ သဘောတူကြောင်း လက်မှတ်ထိုးပေးပြီးမှတော့ ရှင့်အနေနဲ့





ဘယ်လိုမှ ယူခွင့်ရတော့မယ် မဟုတ်ဘူး"

"ကျွန်တော် ရတဲ့နည်းနဲ့ ဖြစ်အောင်ယူမှာပါ"

"အဲ့ဒီလို ကြိုးစားရင် ရှင့်ကို တရားဥပဒေအရ အရေးယူတာ ခံရလိမ့်မယ်၊ သူ့အပေါ်မှာ ရှင် ဘယ်လောက်သံယောဇဉ်ရှိတယ်ဆိုတာကို ကျွန်မတို့ နားလည်ပါတယ်၊ ဒါပေမယ့် အသက်မရှိတော့တဲ့ လူတစ်ယောက်အပေါ်မှာတော့ မျှော်လင့်ချက်တွေ စွန့်လွှတ်လိုက်သင့်ပါတယ်"

ဟု ပြောပြီး တယ်လီဖုန်းချသွားလေသည်။

ထိုအခါမှ မေရီချိုက အနားရောက်လာပြီး မေးသဖြင့် အခြေအနေကို ပြောပြလိုက်သည်။

"သူတို့အားလုံးက မေရီကို သေသွားပြီလို့ သတ်မှတ်လိုက်ကြတယ်၊ မေရီကိုယ်ပေါ်မှာ တပ်ဆင်ထားတဲ့စက်ကိရိယာတွေကလည်း အလုပ်မလုပ်ကြတော့ဘူး၊ ဒါကြောင့် မေရီရဲ့အစ်မ မေရီကျော်က အလောင်းကို ဖျက်ဆီးဖို့ သဘောတူကြောင်း လက်မှတ်ထိုးပေးလိုက်ပြီလို့ ဖုန်းဆက်ပြောတာ မေရီ"

"ဟင် . . . သူတို့ ကျွန်မရဲ့ခန္ဓာကိုယ်ကို ဖျက်ဆီးလိုက်ရင် ကျွန်မ တကယ်သေရတော့မှာပေါ့နော်"

ဒေါက်တာမင်းထင်ကျော်က သူမကို ကြင်နာစွာ ကြည့်လိုက်သည်။

"မောင့်အနေနဲ့ လွယ်လွယ်နဲ့တော့ အဆုံးရှုံးခံမှာ မဟုတ်ပါဘူး နောက်ဆုံးအခြေအနေအထိ ကြိုးစားဦးမှာပါ၊ မေရီရဲ့အလောင်းကို မရရတဲ့နည်းနဲ့ ယူဖို့ကြိုးစားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"လွယ်ပါ့မလား မောင်၊ တကယ်လို့ ဖမ်းမိသွားရင် ဥပဒေအရ အရေးယူတာ ခံရလိမ့်မယ်"

"ချစ်သူရဲ့အသက်ကို သေမင်းလက်ထဲက လုယူရတဲ့အခြေအနေမျိုးမှာ ဥပဒေနဲ့ ရင်ဆိုင်ရရင်လည်း ပေးသမျှအပြစ်ကို မောင်ခံမှာပါ၊ ဒါပေမယ့် မေရီအလောင်းကိုတော့ မရရတဲ့နည်းနဲ့ ယူရမယ်"

ဟု ပြောလိုက်လေသည်။ မေရီချိုကတော့ သူ့ကို တအံ့တဩ ကြည့်နေသည်။

"ဘာမှ စိတ်အားမငယ်ပါနဲ့ မေရီ၊ တကယ်လို့ မေရီရဲ့ရုပ်ခန္ဓာ အဖျက်ဆီးခံရရင်တော့ ဝိညာဉ်ဘဝနဲ့ တစ်သက်လုံး ချစ်သွားပါ့မယ်လို့ ကတိပေးပါတယ်"

ဟု သူမနှင့် လက်ဝါးချင်း ထိပြီး ကတိပေးလိုက်လေသည်။ ထို့နောက်မှာတော့ အရေးအကြောင်း ရှိပါက အကူအညီရစေရန် မိတ်ဆွေဖြစ်သူ ဂျက်ဖရီဂါကို ဖုန်းဆက်ခေါ်လိုက်သည်။ သူရောက်လာတော့ မေးသည်။

"ကဲ. . . ကျွန်တော် ဘယ်လိုအကူအညီပေးရမလဲ"

ဒေါက်တာမင်းထင်ကျော်က အဖြစ်အပျက်များကို အကျဉ်းချုပ်ပြီး ပြောပြလိုက်သည်။

"တကယ်ကို စွန့်စားရမယ့်အလုပ်မျိုးပါလား၊ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် လူတစ်ယောက်ရဲ့အသက်ကိုတော့ ကယ်ကောင်းပါတယ်၊ ခင်ဗျားနဲ့အတူတူ ကျွန်တော်အကူအညီပေးပါ့မယ်"

ဟု ဂျက်ဖရီဂါက အားတက်သရော ပြောလေသည်။

ထို့နောက်မှာတော့ ညနေပိုင်းအချိန်တွင် ဆေးရုံမှာ တာဝန်ကျ





နေသော ဆရာဝန်တစ်ယောက်နှင့် တူအောင် ဂျူတီကုတ်များကို ပြောင်းလဲဝတ်ဆင်ကြပြီး ဆေးရုံသို့ သွားကြလေသည်။

"ဒီကနေ့ည ဆေးရုံမှာ ဒေါက်တာချာရင်တန် ဂျူတီမကျပါစေနဲ့ လို့ပဲ ဆုတောင်းရတော့မှာပဲ"

ဟု ပြောဆိုကာ ကားဖြင့် မောင်းလာကြလေသည်။

မော်တော်ကားကိုလည်း လူနာတင်ကုတင်ပါ တင်၍ရအောင် အကြီးစား ငှားရမ်းထားသည်။

ဆေးရုံနားရောက်တော့မှ မေရီချိုကို ဆေးရုံနှင့် ပတ်သက်သည့်အခြေအနေကို မေးကြည့်ရသည်။

"နောက်ဘက်မှာ မလွယ်ပေါက်တစ်ပေါက် ရှိတယ်၊ အဲဒီအပေါက်က ဝင်ရင် ရှေ့မှာ အစောင့်ကျနေတဲ့လူတွေ မမြင်နိုင်ဘူး"

ဟု ပြောသဖြင့် ကားကို ထိုနေရာနှင့် မနီးမဝေးမှာ ရပ်ထားခဲ့ပြီး မေရီချို ညွှန်ပြသော နောက်ဘက်အပေါက်မှ အတွင်းသို့ ဝင်ကြလေသည်။

အတွင်းဘက် ရောက်သောအခါမှာလည်း သူမက လမ်းပြပေးနေသောကြောင့် အခက်အခဲ မရှိ သွားနိုင်ကြလေသည်။ ဆေးရုံအတွင်းဘက် ရောက်လာသောအခါ အခြားသူများက မြင်သော်လည်း ဂျူတီကုတ်များ ဝတ်ဆင်ထားသောကြောင့် သူတို့နှစ်ယောက်တို့ ဆရာဝန်တူပင် ထင်မှတ်ကာ အမှုမဲ့ အမှတ်မဲ့သာ ရှိလေသည်။

ဤသို့ဖြင့် တတိယထပ် ရောက်လာသည်အထိ အခြေအနေကောင်းနေသည်။

အခန်းပေါက်ဝ ရောက်တော့မှ အခန်းထဲမှ ပြန်ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သော ဆရာဝန်တစ်ယောက်နှင့် ပက်ပင်းတိုးမိလေတော့သည်။ သူမတွေ့ချင်သော ဒေါက်တာချာရင်တန်ပင်ဖြစ်တော့သည်။ သူတို့နှစ်ယောက်ကို မြင်သောအခါ ချာရင်တန်က တအံ့တသြဖြစ်သွားလေသည်။

"အလို့ . . ခင်ဗျားပါလား၊ ခင်ဗျားတို့နှစ်ယောက်က ဘယ်လိုဖြစ်ပြီး ဂျူပီတာကုတ်ကြီး ဝတ်လာကြတာလဲ၊ ကေန္တ မေရီချိုအလောင်းကို နောက်ဆုံးနှုတ်ဆက်ဖို့ လာကြတာ ထင်ပါရဲ့၊ ဆောရီးဗျာ. . . ဒီညတော့ ဒီအထူးခန်းထဲကို ဘယ်သူ့ကိုမှ ဝင်ခွင့်မပေးနိုင်တော့လို့ ဝမ်းနည်းပါတယ်"

"ဒီလိုဆိုတော့လည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ပဲ ဝင်လို့ရအောင် လုပ်ရတော့မှာပေါ့"

"ဒုတ်. . ."

"အား. . ."

ဒေါက်တာမင်းထင်ကျော်က လက်သီးဖြင့် ထိုးချလိုက်ရာ ချာရင်တန်မှာ ကြမ်းပြင်ပေါ်သို့ 'ဝုန်း' ကနဲ ပြုတ်ကျသွားကာ ပြန်ထမလာနိုင်တော့ပေ။

"ကဲ. . . ဂျက်ဖရီဂါရေ၊ အချိန်ရှိခိုက် မြန်မြန်လုပ်လိုက်ကြရအောင်"

ဟု ပြောပြီး အခန်းတွင်းသို့ ဝင်ကာ မေရီချို ပြောပြသည့်အတိုင်း သူမကိုယ်ပေါ်မှ တပ်ဆင်ထားသော မလိုအပ်သောစက်များ၊ ပိုက်များကို ဖြုတ်ချထားခဲ့ပြီး မေရီချိုခန္ဓာကိုယ် တင်ထားသောကုတင်ကို အခန်းအပြင်သို့ တွန်းထုတ်ခဲ့ကြလေသည်။





သူတို့ အခန်းအပြင်ဘက် ရောက်တော့မှ ချာရင်တန်က သတိပြန်ရလာပြီး အစောင့်များကို ဖုန်းဖြင့် အကြောင်းကြားနေလေပြီ။

"တတိယထပ်မှာ အလောင်းခိုးတဲ့လူတွေ ရောက်နေပြီ. . . အမြန်ဖမ်းကြ"

ဒေါက်တာမင်းထင်ကျော်တို့မှာ ဝိုင်းဝန်းဖမ်းဆီးရန် ကြိုးစားလာသူများကို တွန်းထိုးဖယ်ရှားရင်း အောက်ထပ်သို့ ဆင်းရန် ကြိုးစားကြလေသည်။

ဒုတိယထပ် ပြန်ရောက်သောအခါ လေးဖက်လေးတန်မှ လူများ ရောက်လာပြီး ပြေးပေါက်မရှိတော့ပေ။ အစောင့်သုံးယောက်တာ ဂျက်ဖရီဂါကို ဝင်ရောက်ဖမ်းဆီးကြရာ တွန်းထိုးရုန်းကန်ရင်းမှ သူ့လက်ထဲ၌ မေရီချိုမှာ တပ်ဆင်ထားသော အသက်ရှုပိုက်ကြီးမှာတော ပြုတ်ပါသွားလေတော့သည်။

ထို့နောက် ဂျက်ဖရီဂါကို ဖမ်းမိသွားကြသည်။

လေးဖက်လေးတန်မှာ အစောင့်များရော ဆရာဝန်၊ ဆရာမများရော ရောက်လာကြရာ ဒေါက်တာမင်းထင်ကျော်အနေနှင့် ပြေးခွင့်မသာတော့ပေ။ ထိုအခါ စိတ်လျှော့လိုက်ပြီး မေရီချိုဘက်သို့ လှည့်ပြောလိုက်သည်။

"မေရီ. . . နောက်ဆုံးကြိုးစားတဲ့အနေနဲ့ မင်းကိုယ်ထဲကို ပြန်ဝင်ကြည့်ပေတော့၊ ဒီတစ်ခါတော့ မင်း အစွမ်းကုန် ကြိုးစားပေတော့၊ မင်းကြိုးစားမှု မအောင်မြင်ခဲ့ရင် အလောင်းခိုးတဲ့ဥပဒေအရ မောင်အပြစ်ဒဏ် ကျခံရတော့မယ်"

ဟု ပြောလိုက်ရာ မေရီချိုက စိုးရိမ်သောက ရောက်နေသော



www.burmeseclassic.com

www.burmeseclassic.com



အမှုအယာဖြင့် ခေါင်းညိတ်ပြကာ သူမ ခန္ဓာကိုယ်အတွင်းသို့ တဖြည်းဖြည်း ပြန်ဝင်သွားသည်ကို နောက်ဆုံးမြင်တွေ့လိုက်ရလေသည်။

ထိုအခိုက်မှာပင်. . .

"တီ. . . တီ. . . တီ. . . တီ"

မေရီချိုကိုယ်ခန္ဓာမှာ တပ်ဆင်ထားသော စက်ကိရိယာက အသံမြည်လာသည်။

အချက်ပြနေသော ရေဒါလှိုင်းများက လှုပ်ရှားလာသည်။ နှလုံးခုန်သော အချက်ပေးကိရိယာက ပုံမှန်အခြေအနေကို ပြလာသည်။

"သူ. . သူ အသက်ပြန်ရှင်လာပြီ"

မနီးမဝေးမှာ ရှိနေကြသော ဒေါက်တာမော်လီတို့က တအံ့တဩဖြင့် အနားသို့ တဖြည်းဖြည်း တိုးကြည့်ကြသည်။ ထိုအခိုက်မှာပင် မေရီချိုမှာ တအင်းအင်းနှင့် ညည်းညူသံများ ပေါ်လာပြီး ဖျတ်ကနဲ မျက်လုံးပြန်ပွင့်လာချေပြီ။

သူမ သေမင်းအန္တရာယ်လက်မှ လွတ်မြောက်လာခဲ့ပေပြီ။

"ဟင်. . . "

သူမသည် မျက်စိဖွင့်လိုက်သည်နှင့် ငုံ့ကြည့်နေသော ဒေါက်တာ မော်လီကို တွေ့မြင်သွားရာ ကောင်းစွာမှတ်မိသွားလေသည်။

"မော်. . မော်လီ"

"မေရီ. . . နင်အသက်ပြန်ရှင်လာပြီနော်၊ ငါဝမ်းသာလိုက်တာ"

သူမ သတိပြန်ရလာစဉ်မှာပင် အနားမှာ ရောက်နေကြသည့် လုပ်ဖော်ကိုင်ဖက်များက ဝိုင်းဝန်းနှုတ်ဆက်နေကြစဉ် ဒေါက်တာချာရင်





တန် တစ်ယောက်ကတော့ လူအုပ်ကြားထဲမှ ပျောက်ချင်းမလှ ပျောက်သွားခဲ့ချေပြီ။

ဒေါက်တာမင်းထင်ကျော်ကလည်း သူ့ကို ဖမ်းထားသောလူများလက်မှ အတင်းရုန်းထွက်ကာ မေရီချိုအနီးသို့ တိုးသွားသည်။

"မေရီ. . . "

သူမကတော့ ကြည့်သော်လည်း မမှတ်မိတော့ပေ။

ဒေါက်တာမင်းထင်ကျော်မျက်နှာသည် သူမ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးမတွေ့ဖူးသော သူစိမ်းယောက်ျားတစ်ယောက် ဖြစ်သွားခဲ့ချေပြီ။

"မေရီ. . . "

သူက ထပ်ခေါ်တော့ ကြည့်တော့ကြည့်သည်။

မည်သို့မျှ မတုံ့ပြန်ပေ။

ဒေါက်တာမင်းထင်ကျော်က ဝမ်းသာအားရနှင့် သူမ လက်ကလေးတစ်ဖက်ကို ကိုင်ရန် လှမ်းလိုက်တော့ အကိုင်မခံဘဲ ရှောင်သွားလေသည်။ ထိုအခါမှ ဒေါက်တာမင်းထင်ကျော်မှာ သဘောပေါက်သွားရ လေတော့သည်။


"အော်. . . သူက မူလဘဝထဲကို ပြန်ရောက်လာပြီဆိုတော့ ဝိညာဉ်ဘဝနဲ့ တွေ့ခဲ့တဲ့ ငါ့ကို လုံးလုံးမေ့သွားခဲ့ပြီကိုး"

ဟု စိတ်မကောင်းစွာ တွေးတောရင်း ထိုနေရာမှ တဖြည်းဖြည်း ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [ ၁၁ ]

# လိပ်ပြာကြိုး သံယောဇဉ်

မေရီချို ကျွန်းမာရေး သိပ်မကောင်းခင်မှာ မေရီကျော်က ညီမဖြစ်သူကို သူ့အိမ်မှာပင် ခေါ်ထားလေသည်။ မေရီချိုအနေနှင့်လည်း တူ့တူမများနှင့် အတူနေရသောအခါ အခြားအကြောင်းများကို မေ့နေသကဲ့သို့ ရှိလေသည်။

သို့ကြောင့် မေရီကျော်က မေးသည်။

"မေရီ. . . နင် ကိုမင်းထင်ကျော်ကို သတိမရတော့ဘူးလား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မမပြောတဲ့ ကိုမင်းထင်ကျော်ဆိုတာ ဘယ်သူလဲဟင်"

"နင့်ရဲ့အသက်ကို ကယ်ခဲ့တဲ့လူပေါ့ကွယ်၊ မမအပါအဝင် အားလုံးက အသက်မရှိတော့ဘူးလို့ ယူဆပြီး အလောင်းကိုတောင် သင်္ဂြိုဟ်ကြတော့မလို့ လုပ်နေကြတဲ့အချိန်မျိုး၊ ကိုမင်းထင်ကျော်က စွန့်စွန့်စားစားနဲ့ ဝင်ကူပေးလို့ အခုလို ပြန်ရှင်လာနိုင်တာပေါ့။

တကယ်တော့ သူက နင့်ရဲ့အသက်သခင် ကျေးဇူးရှင်တစ်ယောက်ဆိုရင် မမှားပါဘူး"

မေရီချိုက တွေတွေကလေးဖြစ်သွားပြီး ပြန်စဉ်းစားကြည့်နေသည်။

"ကိုမင်းထင်ကျော်ဆိုတာ ဆေးရုံပေါ်မှာ တွေ့လိုက်တဲ့လူ ဖြစ်မယ်ထင်တယ်"

"ဟုတ်မှာပေါ့. . . နင့်ကို ကယ်ရင်းနဲ့ ဆေးရုံဝန်ထမ်းတွေရဲ့ အဖမ်းခံခဲ့ရတဲ့သူပေါ့၊ နင် သူ့ကိုတော့ မမေ့သင့်ဘူး"

ဟု ပြောသည်။

"ကျွန်မအသက်ကို ကယ်ခဲ့တယ်ဆိုရင်တော့ ကျေးဇူးတင်ရမှာပေါ့၊ ဒါပေမယ့် မမ ပြောသလို ကျွန်မ သူ့ကိုမှ သတိမရတော့တာ. . . ဘယ်လိုလုပ်ရမလဲ"

ထိုသို့ပြောသောအခါ မေရီကျော်လည်း ဘယ်လိုအကြံပေးရမှန်း မသိတော့သဖြင့် သက်ပြင်းသာ ချနိုင်တော့သည်။

တစ်နေ့သ၌ ညဦးပိုင်းအချိန်တွင် မေရီကျော်တို့သားအမိ သုံးယောက် အပြင်သို့ ထွက်သွားရာ အိမ်၌ မေရီချိုတစ်ယောက်တည်း ကျန်ခဲ့လေသည်။





ထိုအချိန်မှာ အပြင်ဘက်မှ တံခါးခေါက်သံ ပေါ်ထွက်လာသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

မေရီကျော်တို့ ပြန်လာသည်အထင်နှင့် တံခါးဖွင့်ပေးလိုက်ရာ အပေါက်ဝမှာ ရပ်နေသူမှာ **ဒေါက်တာချာရင်တန်မှန်း** သိသဖြင့် ဒေါသ ဖြစ်သွားလေသည်။

"ရှင်. . . လူယုတ်မာ၊ ရှင့်ကြောင့် **ကျွန်မ သေမယ့်ဘေးနဲ့** ကြုံခဲ့ရတယ်၊ ရှင့်မျက်နှာကို မကြည့်ချင်တော့ဘူး၊ **အခု ထွက်သွားပေါ့**"

"ဒီလိုထွက်သွားလို့ ဘယ်ဖြစ်ပါ့မလဲ၊ မင်းကို ဒီ**အတိုင်း ထားခဲ့**ရင် ငါတို့အကြောင်းကို ဆေးရုံတစ်ခုလုံး သိသွားရင် ငါ့**အတွက်** ပြဿနာတွေ အများကြီးဖြစ်လာမှာပေါ့၊ ဒီတော့ ကားတိုက်လို့ မသေလည်း အခုသေအောင် သတ်ခဲ့ရမှာပဲ"

ဟု ပြောကာ ဒေါက်တာချာရင်တန်က အကျႌထဲမှာ ဝှက်ယူလာသော ဓားကို ထုတ်ပြီး ရှေ့သို့ တိုးဝင်သွားရာ မေရီချိုက ကြောက်လန့်တကြားနှင့် နောက်သို့ ဆုတ်ပေးရာ နံရံသို့ ရောက်သောအခါ ပြေး၍ မရတော့ပေ။

ထိုအခါ ဒေါက်တာချာရင်တန်က အနားကပ်သွားပြီး ဓားဖြင့် ထိုးရန် ဟန်ပြင်သည်နှင့် နောက်မှ အသံပေါ်လာသည်။

"ရပ်လိုက်စမ်း ချာရင်တန်၊ မင်းအပြစ်တွေကို ဖုံးကွယ်လို့လည်း မလွတ်တော့ဘူး"

လှည့်ကြည့်လိုက်သောအခါ နောက်မှာ ရပ်နေသော ဒေါက်တာမင်းထင်ကျော်ကို တွေ့ရသဖြင့် ဒေါသတကြီး ဓားဖြင့် ပြေးထိုးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရာ အနီးရောက်မှ လွတ်အောင်ရှောင်ပြီး ရင်ဝကို လက်သီးဖြင့် ထိုးသွင်းလိုက်ရာ ဓားတခြား လူတခြား ဖြစ်ကာ လဲကျသွားလေတော့သည်။

ထိုအခါမှ အပြင်မှာ စောင့်နေသည့် ဂျက်ဖရီဂါပါ ဝင်လာပြီး ချာရင်တန်အား ဖမ်းဆီးလိုက်သည်။

"ချာရင်တန်ဟာ သူ့အပြစ်တွေ ပေါ်မှာစိုးလို့ ဒီအမျိုးသမီးကို တစ်နည်းနည်းနဲ့ ရန်ရှာမှာပဲလို့ ခင်ဗျားထင်ခဲ့တာ အမှန်ပဲ၊ သူ့နောက်ကို လိုက်ကြည့်နေလို့ ဒီအမျိုးသမီးအသက်ကို ကယ်နိုင်ခဲ့တာပဲ"

ဟု ဂျက်ဖရီဂါက ပြောလိုက်သည်။

မေရီချိုကတော့ ဒေါက်တာမင်းထင်ကျော်အား ဒုတိယအကြိမ် မြင်တွေ့ရသဖြင့် တအံ့တသြဖြစ်နေသည်။

အတန်ကြာတော့ မေရီကျော်တို့ ပြန်ရောက်လာသဖြင့် အကျိုးအကြောင်း ပြောပြခဲ့ပြီး ဒေါက်တာမင်းထင်ကျော်တို့ ပြန်ထွက်သွားကြလေသည်။

ထိုအခါ မေရီကျော်က တအံ့တသြဖြင့် ပြောလေသည်။

"မေရီ. . . နင့်အသက်ကို သူက နှစ်ခါမြောက် ကယ်ပေးလိုက်ပြန်ပြီ"

မေရီချိုကတော့ ဘာမှပြန်မပြောဘဲ ဒေါက်တာမင်းထင်ကျော်တို့ ထွက်သွားရာဘက်သို့ လှမ်းကြည့်နေသည်။

နောက်တစ်ပတ်ခန့် ကြာသောအခါ မေရီချို ကျန်းမာရေးကောင်းသွားပြီဖြစ်သောကြောင့် သူမအခန်းသို့ ရွှေ့ပြောင်းလေတော့သည်။

မေရီကျော်ကိုယ်တိုင် လိုက်ပို့ပေးလေသည်။





ထိုအခန်းကို ပြန်ရောက်တော့မှ မေရီကျော်မှာ တစ်စုံတစ်ယောက်ကို သတိရသကဲ့သို့ ဖြစ်လာပြီး နေရာအနှံ့ လိုက်လံရှာဖွေနေတော့သည်။

"ညီမလေး. . . နင် ဘာတွေ ရှာနေတာလဲ"

"ကျွန်မစိတ်ထဲမှာ တစ်ခုခု လိုနေသလိုပဲ"

"နင့်ရဲ့ပစ္စည်းတွေ ဘာတစ်ခုမှ ပျောက်ပျက်ရာ မပျက်ပါဘူးဟယ်၊ မနက်ကျတော့ မော်လီတို့အဖွဲ့တွေ လာကြလိမ့်မယ်"

ဟု ပြောပြီး မေရီကျော်က ပြန်သွားလေသည်။

ထိုအခါမှ မေရီချိုမှာ တစ်ယောက်တည်း နေတတ် မထိုင်တတ် ဖြစ်သလိုမျိုး တစ်နေရာပြီးတစ်နေရာ လိုက်ကြည့်နေသည်။

"ဒီအိမ်မှာ ငါတစ်ယောက်တည်း နေခဲ့တာပဲ၊ ငါ ဘယ်သူ့ကို ရှာနေတာလဲ"

ဟုလည်း မိမိဘာသာ ပြန်မေးမိသည်။

သို့သော် အဖြေကတော့ မပေါ်ပေ။

အိပ်ခန်းထဲ ရောက်တော့မှ အိပ်ယာအခင်းပေါ်မှာ စွန်းပေနေသော အကွက်တစ်ကွက်ကို တွေ့မြင်သွားသည်။

ဒေါက်တာမင်းထင်ကျော် ကော်ဖီစွန်းပေသွားသောနေရာ ဖြစ်သည်။

မေရီချိုက အနားကပ်သွားပြီး ထိုအစွန်းကွက်ကလေးကို အသေအချာ ကြည့်နေသည်။

"ငါ ဒီအစွန်းကွက်ကလေးကို သိနေသလိုပဲ၊ ဘာဖြစ်လို့ ဒီနေရာမှာ အစွန်းကွက် ပေါ်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဇဝေဇဝါ တွေးနေလေသည်။

ညနေပိုင်းအချိန်ရောက်တော့ အပြင်ဘက်မှ တံခါးဖွင့်သံလိုလို ကြားရသဖြင့် အံ့ဩသွားသည်။

အပြင်ဘက်သို့ ထွက်ကြည့်တော့. . .

ဒေါက်တာမင်းထင်ကျော်ပင်ဖြစ်သည်။

သူမက ဒေါက်တာမင်းထင်ကျော်ကို မြင်တော့ အံ့ဩသွားသလို ဒေါက်တာမင်းထင်ကျော်ကလည်း သူမကို မြင်သောအခါ အံ့ဩသွားလေသည်။

"ဟင်. . . ရှင်. . ရှင် ဒီအိမ်ထဲကို ဘယ်လိုဝင်လာတာလဲ"

"တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော်က ခင်ဗျား ဒီအခန်းကို ပြန်မလာသေးဘူးမှတ်လို့ ဝင်လာတာပါ"

"ကျွန်မ သော့ပိတ်ထားတာ ဘယ်လိုဖွင့်ပြီးဝင်တာလဲ"

"အိမ်ရှေ့အပေါက်ဝမှာ ရှိတဲ့ မီးသတ်ဗူးအောက်မှာ ထားတဲ့ သော့ပိုနဲ့ ဖွင့်ဝင်ခဲ့တာပါ"

"ဒီသော့ထားတာ ကျွန်မတစ်ယောက်ပဲ သိတဲ့ လျှို့ဝှက်ကိစ္စပဲ၊ ရှင်က ဘယ်လိုသိတာလဲ"

"ကျွန်တော့်ကို တစ်စုံတစ်ယောက်က အသိပေးထားခဲ့လို့ပါ"

ဟု မရေမရာ အဖြေပေးလေသည်။

"ကဲ. . . ထားပါတော့၊ ရှင် အခု ဘာလာလုပ်တာလဲ"

"ကျွန်တော့်ကြောင့် ခင်ဗျားအိပ်ယာခင်းပေါ်မှာ ကော်ဖီတွေ စွန်းနေပါတယ်၊ လဲပေးပါ့မယ်လို့ ကတိပေးထားပြီးလို့ လာလဲပေးတာပါ။ တစ်ခုတော့ ခွင့်တောင်းပါရစေ"





"ဘာလဲ. . ."

"အဲဒီ အိပ်ယာခင်းအဟောင်းလေးတော့ ကျွန်တော်ပြန်ယူသွားပါရစေ"

ဟု ပြောပြီး သူယူလာသော အိပ်ယာခင်းအသစ်ကို မေရီချို လက်ထဲသို့ ပေးသည်။

တံဆိပ်ကြည့်လိုက်တော့ သူမ သုံးနေကျတံဆိပ်မျိုးပင်ဖြစ်၏။ မေရီချိုက အိပ်ယာခင်းအသစ်ကို လဲပြီး အဟောင်းကို ဒေါက်တာမင်းထင်ကျော်ကို ပေးလိုက်ရာ သေချာစွာ ခေါက်ယူလေသည်။

"ကျေးဇူးတင်ပါတယ်ဗျာ. . . ကျွန်တော် ခင်ဗျားကို တစ်ခါတည်း နှုတ်ဆက်ခဲ့ပါတယ်"

"ဟင်. . . ရှင်က ဘယ်သွားမှာမို့လို့လဲ"

"ကျွန်တော်က မြန်မာပြည်က လာတဲ့ ဧည့်သည်တစ်ယောက်ပါ၊ အခုအလုပ်ကိစ္စတွေ ပြီးလို့ ပြန်တော့မှာမို့ နှုတ်ဆက်တာပါ"

"ဒါထက်. . . ရှင့်နာမည် ဘယ်သူလဲဟင်"

"ဒေါက်တာမင်းထင်ကျော်ပါ"

သူက ဒါပဲ ပြောပြီး အိပ်ယာခင်း အဟောင်းခေါက်ကို ကိုင်ပြီး ပြန်လှည့်သွားလေသည်။

အနည်းငယ် ဝေးသွားတော့မှ ပြန်ခေါ်လိုက်သည်။

"ဒီ. . ဒီမှာ. . ."

ဒေါက်တာမင်းထင်ကျော်က ပြန်လှည့်ကြည့်သည်။

"ရှင်ယူလာတဲ့ ကျွန်မရဲ့သော့ကို ပြန်ပေးထားခဲ့ဦးလေ"

ထိုအခါမှ သတိရဟန်ဖြင့် ပြန်လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မေရီချိုက လက်ဝါးဖြန့်ပေးတော့ သူက လက်ဝါးပေါ်သို့ သော့ကို တင်ပေးလိုက်ရာ လက်ဝါးချင်း ထိသွားလေသည်။

"ဟင်. . ."

မေရီချိုရင်ထဲမှာ နွေးကနဲ ဖြစ်သွားပြီး တစ်ကိုယ်လုံး လျှပ်စစ်နှင့် ထိလိုက်သကဲ့သို့ တုန်လှုပ်သွားလေသည်။

ဒေါက်တာမင်းထင်ကျော် မျက်နှာကိုလည်း အတန်ကြာအောင် မော့ကြည့်နေသည်။

စိတ်ထဲမှာလည်း ဇဝေဇဝါ ဖြစ်နေသည်။

အတန်ကြာမှ ရှက်ကိုးရှက်ကန်း အမူအယာဖြင့် လက်ကို ပြန်ရုပ်လိုက်သည်။

ဒေါက်တာမင်းထင်ကျော်က သူမကို အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ ပြန်လှည့်ထွက်သွားလေတော့သည်။

ထိုနေ့ညတစ်ညလုံး ပူနွေးသောလက်ဝါးပြင်ကို ပွတ်သပ်ရင်းနှင့် မေရီချိုမှာ တစ်ညလုံး မအိပ်နိုင်တော့ပေ။

"ကိုမင်းထင်ကျော်ဆိုတာ ငါနဲ့ ဘယ်လိုပတ်သက်ခဲ့တာလဲ၊ တကယ်လို့ ပတ်သက်ခဲ့တယ်ဆိုရင် သူ ဘာကြောင့် ဖွင့်ပြောမပြခဲ့တာလဲ၊

သူက မြန်မာပြည်ကို ပြန်တော့မယ်လို့ နှုတ်ဆက်သွားတယ်၊ ဒီလိုဆိုရင် နောက်ထပ် သူနဲ့ မတွေ့နိုင်တော့ဘူးပေါ့၊ ငါ ဘယ်လိုလုပ်ရမလဲ"

ဟု တွေးနေမိလေသည်။

နောက်တစ်နေ့နံနက်ပိုင်းအချိန်မှာပင် သူမနှင့် လုပ်ဖော်ကိုင်





ဖက်များ ဖြစ်ကြသော ဒေါက်တာမော်လီ၊ ရှယ်ရီတို့တတွေ အစားအသောက်များနှင့် ရောက်လာကြသည်။

ခရီးရောက်မဆိုက်ဆိုသလို ချာရင်တန်တစ်ယောက် မေရီချိုကို သေကြောင်းကြံစည်မှုဖြင့် အဖမ်းခံရကြောင်း ဝမ်းသာအားရ ပြောပြကြလေသည်။

"ဟဲ့. . . မေရီ ကိုယ့်ကို သေကြောင်းကြံတဲ့လူတစ်ယောက် အခုလို ဒုက္ခရောက်သွားတာ နင် ဝမ်းမသာဘူးလားဟင်"

"ဝမ်း. . ဝမ်းသာပါတယ်"

"နင့်ကြည့်ရတာ မျက်နှာလည်း မကောင်းပါလား ဘာဖြစ်နေတာလဲ. . . ပြောပါဦး"

"ငါ သတိမေ့နေတာ ဘယ်လောက်ကြာသလဲ၊ အဲ့ဒီကာလမှာ ဘာတွေဖြစ်ခဲ့သလဲ၊ နင်တို့ သိသလောက် ပြောပြကြပါဦး"

"နင်သတိမေ့နေတာ နှစ်လကျော်လောက် ကြာတယ်၊ အဲ့ဒီအချိန်မှာ ကိုမင်းထင်ကျော်နဲ့ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်လို့ သူက ပြောတယ်"

"သူနဲ့ငါနဲ့ ချစ်သူတွေ ဖြစ်ခဲ့ကြတယ် ဟုတ်လား"

"ဟုတ်တယ်. . . သူက နင့်အပေါ်မှာ အတော်ကလေးကောင်းရှာတယ်၊ သူစောင့်ရှောက်ပေးခဲ့လို့ နင် အခုလို အသက်ပြန်ရှင်ခွင့် ရလာတာဆိုရင် မမှားဘူး၊ ချာရင်တန်ရဲ့အန္တရာယ်ကိုလည်း သူပဲကာကွယ်ပေးခဲ့တာ နင်အသိပဲ မဟုတ်လား"

မေရီချိုက ခေါင်းညိတ်ပြသည်။

"နင် သူ့ကို လုံးလုံးသတိမရတော့ဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ လောလောဆယ် ဘာမှစဉ်းစားလို့ မပေါ်သေးဘူး၊ ဒါပေမယ့် ဒီအခန်းပြန်ရောက်လာတော့ တစ်ယောက်ယောက်ကို သတိရနေသလို၊ တစ်ခုခု လိုနေသလို ဖြစ်နေတယ်"

"ဒီအခန်းမှာ ကိုမင်းထင်ကျော်က တစ်လငှားနေသွားတယ်၊ အဲဒီအချိန်မှာ နင့်ဝိညာဉ်နဲ့ တစ်ချိန်လုံး အတူတူရှိနေခဲ့တာ ဖြစ်မှာပေါ့၊ အခု သူဘယ်မှာလဲဟင်"

"သူ ငါ့ကို လာပြီးနှုတ်ဆက်သွားတယ်၊ မြန်မာပြည်ကို ပြန်တော့မယ်လို့ ပြောသွားတယ်"

ဒေါက်တာမော်လီနှင့်ရှယ်ရီတို့က စိတ်မချမ်းသာစွာဖြင့် အသီးသီး သက်ပြင်းချလိုက်ကြလေသည်။

"တကယ်တော့ ကိုမင်းထင်ကျော်ဟာ ဘဝလက်တွဲဖော်အဖြစ် အားကိုးထိုက်တဲ့ ယောကျ်ားတစ်ယောက်ပဲ၊ ဒါကတော့ နင်ကိုယ်တိုင် ဆုံးဖြတ်သင့်တဲ့ကိစ္စပဲလေ"

"ငါ ဘယ်လိုလုပ်သင့်သလဲဟင်"

"မတင်မကျနဲ့ ကိုယ့်ကိုယ်ကို ဒုက္ခပေးနေတဲ့အဖြစ်မျိုးနဲ့တော့ ကြာရှည်မနေသင့်ဘူး၊ တခြားလူနဲ့ မသင့်မြတ်ရင် ဖြေရှင်းလို့ ရနိုင်သေးတယ်၊ စိတ်နဲ့လူနဲ့ ပဋိပက္ခဖြစ်နေရင်တော့ ဖြေရှင်းရတာ ခက်တယ်"

"ငါတို့သဘောပြောရရင်တော့ နင် သူနဲ့ တွေ့ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးသင့်တယ်လို့တော့ ထင်တာပဲ၊ နင်ကိုယ်တိုင် ဆုံးဖြတ်ပေါ့ မေရီရယ်"

ဒေါက်တာမော်လီနှင့်ရှယ်ရီတို့ ပြန်သွားတော့ မနက်ပိုင်း ဆယ်နာရီခန့် ရှိလေသည်။





ထိုအခါမှ မေရီချိုမှာ ဆုံးဖြတ်ချက်ချပြီး အစ်မဖြစ်သူ မေရီကျော်ထံသို့ ဒေါက်တာမင်းထင်ကျော်နှင့် ဆက်သွယ်ရမည့်လိပ်စာ မေးကြည့်လိုက်သောအခါ နာနာဘာဝ လေ့လာရေးအသင်းလိပ်စာ ရလေသည်။

သူမကိုယ်တိုင် ထိုအသင်းတိုက် ရှိရာသို့ တာဖြင့် သွားလေသည်။

အသင်းတိုက်သို့ ရောက်တော့ အတွင်းရေးမှူးဝီလီယံနှင့် တွေ့ရလေသည်။

"ကျွန်မ ဒေါက်တာမင်းထင်ကျော်နဲ့ တွေ့ချင်လို့ပါရှင်"

"ဒေါက်တာမေရီချို မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ကိုမင်းထင်ကျော်ကတော့ ခင်ဗျားအကြောင်းကို အတော်ကလေး ပြောပြသွားပါတယ်"

"ရှင်. . . သူဘယ်ရောက်သွားပြီလဲဟင်"

"သူ ဒီကနေ့ပဲ မြန်မာပြည်ကို ပြန်ဖို့ ထွက်ခွာသွားပါပြီ"

"ရှင်. . ."

မေရီချိုမှာ ဝီလီယံကိုပင် နှုတ်ဆက်ရန် သတိမရတော့ဘဲ အပြင်သို့ ပြန်ထွက်ခဲ့လေသည်။

ထို့နောက် ကားကို အမြန်မောင်းပြီး လေယာဉ်ကွင်းသို့ လိုက်သွားလေသည်။

လေယာဉ်ကွင်းရောက်တော့ လေယာဉ်ပျံ ထွက်ခွာချိန်နီးနေပြီဖြစ်သောကြောင့် ခရီးသည်များက လေယာဉ်ရှိရာသို့ သွားနေကြပြီ



www.burmeseclassic.com

www.burmeseclassic.com



မေရီချို့က အပေါ်ထပ်မှ တက်ကြည့်တော့ ဒေါက်တာမင်းထင်ကျော်ကို မတွေ့ရပေ။

"သူ လေယာဉ်ပျံပေါ် ရောက်သွားပြီလား"

ဟု စိတ်မောစွာ တွေးနေစဉ် နောက်ဆုံးမှ လူတစ်ယောက် ထွက်လာလေသည်။

ဒေါက်တာမင်းထင်ကျော်ပင်ဖြစ်သည်။

"ကိုမင်းထင်ကျော်. . . ကိုမင်းထင်ကျော်"

ဝမ်းသာအားရ လှမ်းခေါ်လိုက်ရာ ဒေါက်တာမင်းထင်ကျော်က တအံ့တဩဖြင့် မော့ကြည့်ပြီး နေရာမှာ ရပ်နေသည်။

မေရီချို့က အောက်ထပ်သို့ ဆင်းသွားပြီး အစောင့်များကို ခွင့်ပန်ကာ သူရှိရာသို့ ခြေလှမ်းသွက်သွက်ဖြင့် သွားလေသည်။

သူမ လာတာ မြင်တော့ ဒေါက်တာမင်းထင်ကျော်က လက်ဝါးတစ်ဖက်ကို အဆင်သင့် ဖြန့်ပေးထားလိုက်သည်။

အနားရောက်တော့ မေရီချို့က ထိုလက်ဝါးပေါ်သို့ သူမ၏ လက်ဝါးတစ်ဖက်ကို အုပ်တင်လိုက်သည်။

လက်ဝါးမှတစ်ဆင့် ပြန့်နှံ့သွားသော အနွေးဓာတ်များက နှစ်ယောက်စလုံး၏အသည်းနှလုံးအထိ စိမ့်ဝင်သွားလေတော့သည်။ မေရီချို့က မျက်ရည်ဝဲသောမျက်လုံးဖြင့် မော့ကြည့်လိုက်သည်။

"မောင်. . ."

တဆတ်ဆတ် တုန်နေသော နှုတ်ခမ်းမှ ခေါ်သံထွက်လာသည်။ ဒေါက်တာမင်းထင်ကျော် မျက်နှာပေါ်မှာ ကြည်နူးမှုကြောင့် အပြုံးများ ပေါ်လာသည်။





"မေရီ ကိုယ့်ကို မှတ်မိသွားပြီလားဟင်"

ခေါင်းညိတ်ပြတော့ မျက်ရည်စများက ပါးပြင်ပေါ် စီးကျလာသည်။

"ကျွန်မရဲ့အသက်ကို သေမင်းဆီက မရ,ရအောင် လုယူပြီး အသက်ရှင်အောင်လုပ်ပေးခဲ့ပြီးမှ တစ်သက်လုံး အသက်ရှင်နေရက်နဲ့ ဘဝသေနေတဲ့ ဘဝမျိုးနဲ့ ထားခဲ့တော့မှာလားဟင်"

"မဟုတ်ပါဘူး မေရီရယ်၊ မောင်လည်း မေရီနဲ့ ခွဲသွားချင်ပါဘူး၊ ဖြစ်နိုင်ရင် တစ်သက်လုံး အတူတူ နေချင်ပါတယ်၊ ဒါပေမယ့်. ."

မေရီချို့ ဒေါက်တာမင်းထင်ကျော်လက်ထဲမှာ ဆုပ်ကိုင်ထားသော လေယာဉ်ပျံလက်မှတ်ကို ယူပြီး ဆုတ်ဖြဲပစ်လိုက်လေသည်။

ထိုအချိန်မှာ လေယာဉ်ပျံ ထွက်ခွာတော့မည့်အကြောင်း ကြေညာသံ ထွက်ပေါ်လာပြီး အတန်ကြာသောအခါ ကွင်းအတွင်းမှ လေယာဉ်ပျံတစ်စင်း ပျံတက်သွားလေသည်။

"ကျွန်မဘဝမှာ ပထမဆုံး ရှာတွေ့ခဲ့တဲ့အချစ်ကို ဘယ်တော့မှ အဆုံးရှုံးခံတော့မှာ မဟုတ်ပါဘူး၊ ကျွန်မဘဝမှာ မောင်ရှိနေရင် အရာရာ ပြည့်စုံပြီဆိုတာ ခုတော့ အသည်းနှလုံးက လက်ခံလိုက်ပါပြီ မောင်ရယ်"

ထို့နောက် တစ်ယောက်နှင့်တစ်ယောက် လက်တွဲပြီး လေယာဉ်ကွင်းအပြင်သို့ ထွက်ခဲ့ကြသည်။

ထိုအချိန်တွင် သူတို့အနီးမှ ကားတစ်စင်း မောင်းသွားပြီး မနီးမဝေးမှာ ရပ်တန့်သွားသည်။

ကားပေါ်မှ အကြားအမြင် ပညာရှင် ဂျင်းဒစ်ဆင်က သူတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို မြင်သော်လည်း သူတို့ကတော့ သတိမပြုမိကြပေ။ ဂျင်းဒစ်ဆင်က ဒေါက်တာမေရီချိုကို လှမ်းကြည့်ပြီး. . .

"ဩော်. . . သူတောင် စိတ်နဲ့ကိုယ်နဲ့ ပြန်ကပ်သွားပြီကိုး"

ဟု မှတ်ချက်ချကာ လေယာဥ်ကွင်း အဆောက်အအုံထဲသို့ ဝင်သွားလေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(လိပ်ပြာကြီး)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။



(၂၀၁၁)ခုနှစ် ... (၂၈)ရက် ...
... နေ့လည်(၁၂)နာရီ။

☺ အောင်မြင်ပါစေ ☺

www.burmeseclassic.com